# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

အတွဲ (၅၄) အမှတ် (၁၃)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ တနင်္လာနေ့။


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# မြန်မာအသင်း ကွာတားတက်ရန် ယနေ့ အဆုံးအဖြတ်ကစားရမည်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ပြိုင်ပွဲအုပ်စု(က)နှင့် (ဂ)ပွဲစဉ်များကို အောက်တိုဘာ ၁၃ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် မြန်မာအသင်းမှာ ကွာတားဖိုင်နယ်တက်ရေး အဆုံးအဖြတ်ပွဲအဖြစ် အီရန်အသင်းနှင့် ကစားရမည် ဖြစ်သည်။

မြန်မာအသင်းမှာ ဒုတိယပွဲတွင် ထိုင်းအသင်းကို အနိုင်ရရှိခဲ့သောကြောင့် ကွာတားတက်ရန် အခြေအနေကောင်းသွားခြင်း ဖြစ်သည်။ အောက်တိုဘာ ၁၂ ရက်ပွဲစဉ်များ အပြီးတွင် အုပ်စု(က)၌ အိမ်ရှင်မြန်မာအသင်းနှင့် ယီမင်အသင်းတို့က လေးမှတ်စီ၊ ထိုင်းအသင်းက သုံးမှတ်ရရှိထားပြီး နောက်တစ်ဆင့်တက်ရန် အပြိုင်ဖြစ်နေသည်။ မြန်မာအသင်းမှာ နောက်ဆုံးပွဲ၌ အီရန်အသင်းကို သရေကစားနိုင်ရုံဖြင့် နောက်တစ်ဆင့် တက်နိုင်မည်ဖြစ်ပြီး အုပ်စုပထမ နေရာရရန်အတွက် အနိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ကစားရမည့် အီရန်အသင်းမှာ နှစ်ပွဲစလုံးရှုံးထားပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ အုပ်စု နောက်ဆုံးပွဲစဉ်များကို တစ်ချိန်တည်းကစားမည်ဖြစ်ပြီး ညနေ ၆ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ မြန်မာနှင့် အီရန်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ ထိုင်းနှင့် ယီမင်အသင်းတို့ ကစားမည်ဖြစ်သည်။

အုပ်စု(ဂ)နောက်ဆုံးပွဲစဉ်များကိုလည်း ယနေ့ ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်းနှင့် ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ခွင့်ရရှိရန် ကြိုးပမ်းနေသည့် မြန်မာအသင်းအနေဖြင့် ပထမအဆင့်အဖြစ် ကွာတားဖိုင်နယ် ရောက်ရှိအောင် ပရိသတ်အားပေးမှုဖြင့် ခြေကုန်ထုတ်၍ ကြိုးပမ်းရမည် ဖြစ်သည်။



**အောက်တိုဘာ ၁၁ ရက်က ယှဉ်ပြိုင်ကစားသည့် အာရှယူ-၁၉ ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ထိုင်းအသင်းကို ဂိုးပြတ်အနိုင်ယူပြီး အောင်ပွဲခံနေစဉ်။**

## ယနေ့ မာတိကာ


ပက်ထရစ်ခ်မိုဒီရာနို ၂၀၁၄ စာပေနိုဘယ်လ်ဆုရရှိ — စာမျက်နှာ-၄

၂၂ ဘီး ကွန်တိန်နာယာဉ် ဆက်သွယ်ရေးတိုင်နှင့် ကွမ်းယာဆိုင်ဝင်တိုက် — စာမျက်နှာ-၅

ဘဘာဝဘေးဒဏ်ခုခံဖို့ သက်ကြီးများနှင့်လက်တွဲစို့ — စာမျက်နှာ-၁၀

နေရပ်စွန့်ခွာပြည်သူများ မိမိရပ်ရွာဒေသများသို့ ပြန်လည်ရွှေ့ပြောင်း — စာမျက်နှာ-၁၁

ရော်ဘီကိန်း ၁၈ မိနစ်အတွင်း ဟက်ထရစ်သွင်း — စာမျက်နှာ-၁၄

မိတ္ထီလာမြို့ အောင်ဆန်း ဓာတ်အားခွဲရုံသစ်တည်ဆောက်ပြီးစီး၍ ဓာတ်အားဖြန့်ဖြူး — စာမျက်နှာ-၁၅

ကျောက်တန်းမြို့နယ်၌ ဒီရေမြင့်တက်မှုကြောင့် တာပေါင်ကျိုးပေါက်မှု ပြန်လည်ပြုပြင်ပြီးစီး — စာမျက်နှာ-၁၆


# ရော်ဘာဈေးနှုန်း အမြင့်ဈေးမရ၍ ခြံရှင်များ အခက်တွေ့

**ရေး အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း အဓိကစီးပွားဖြစ် စိုက်ပျိုးထားရှိသည့် ရော်ဘာကုန်ကြမ်း အစေးခြစ်လုပ်ငန်းမှ ထွက်ရှိလာသော ရော်ဘာဈေးနှုန်း အမြင့်ဈေးမရရှိသည့်အတွက် ခြံရှင်များနှင့်အလုပ်သမားများမှာ အခက်အခဲများဖြင့် ကြုံတွေ့နေရကြောင်း သိရသည်။

ရော်ဘာ ရာသီထွက်ရှိသည့်ကာလမှ ယနေ့ ရော်ဘာပေါက်ဈေးနှုန်းများမှာ အဖွင့်ဈေးများဖြစ်သော တစ်ပေါင်လျှင် အထူခြောက်မှာ ၃၈၀ ဈေး၊ R 3 အစိမ်းပြားမှာ ၄၇၀

*စာမျက်နှာ ၉ ကော်လံ ၄* ◆



စိုးလင်းဦးနှင့် ပတ်ဆန်ပွန်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# မြန်မာ-ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ စိုးလင်းဦး၊ သတ္တိအောင်၊ ဖိုးလပြည့်နှင့် စောဒါပို့(ခ)မိုက်ရိုင်းတို့ အလဲထိုးအနိုင်ရရှိ

သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ "ဒို့ရိုးရာ" မြန်မာ့ရိုးရာလက်ဝှေ့အသင်းက စီစဉ်ကျင်းပသည့် မြန်မာ-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးနှင့် မျိုးဆက်သစ်တို့အတွက် မြန်မာ့ရိုးရာလက်ဝှေ့ပွဲစဉ်များ (၂)ကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပရာ ပရိသတ်အကြိုက် သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ခဲ့ကြသည့် ရိုးရာလက်ဝှေ့ပွဲကောင်းများ ဖြစ်ခဲ့သည်။

ရှေးဦးစွာ မျိုးဆက်သစ်လက်ဝှေ့သမားများ ပေါ်ထွက်ရေးကို မိမိတို့တတ်စွမ်းသမျှ ပခုံးထမ်းကြမည်ဆိုသည့် ခံယူချက်ဖြင့် သုံးချီစိန်ခေါ်ပွဲခြောက်ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ ပရိသတ်များ သဘောကျခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❐

## ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။





ထိရောက်အစွမ်းထက်ဆီးချိုအတွက်

ဂျန်-ဒီအမ်

GEN-DM

- ဆီးချိုဝေဒနာရှင်များဟာ အချိုဓာတ်ပါသော အစားအစာများကို မစားရခြင်း၊ အစားရှောင်ရခြင်းတို့ကြောင့် အာဟာရဓာတ်များ လျော့ကျကာ ကိုယ်ရောစိတ်ပါ အလွန်ပင်ပန်းနွမ်းနယ်လာတတ်ပါတယ်။
- **GEN-DM** ဖြည့်စွက်အာဟာရမှုန့်ကို နေ့စဉ်ပုံမှန်သောက်သုံးခြင်းဖြင့် တစ်နေ့တာ လိုအပ်သော အာဟာရများကို ပြည့်စုံမျှတစေပြီး ကျန်းမာလန်းဆန်းစေပါတယ်။

DKSH

No.013, Thitsar Road, Yankin Township, yangon, Myanmar.
Tel : (951)565 253, 565 269, 565 270

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မျက်စိကျန်းမာရေးအလေးထား

လူတစ်ဦးတစ်ယောက်အတွက် မျက်စိကျန်းမာရေးသည်အရေးကြီးပါသည်။ အမြင်အာရုံကောင်းမွန်မှသာ အစစအရာရာ လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေနိုင်မည်ဖြစ်ပါသည်။ အမြင်အာရုံချို့ယွင်းလာသည်နှင့်အမျှ လုပ်ငန်းဆောင်တာများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲများနှင့်ကြုံတွေ့ရတတ်ပါသည်။ ထို့ကြောင့် မျက်စိကျန်းမာရေးကို အထူးဂရုပြုကြရန်လိုပါသည်။

အချို့သောသူများသည် မျက်စိကျန်းမာရေးကို အလေးထားမှု အားနည်းခြင်းကြောင့် အချိန်မတိုင်မီ မျက်စိမှုန်ခြင်း၊ မျက်စိကွယ်ခြင်းများ ဖြစ်ကြရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၂၈၅ သန်းခန့် ရှိပါသည်။ ယင်းတို့၏ ၉၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ပါသည်။ ဤအချက်ကိုထောက်ရှုလျက် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံများ၌ မျက်စိကျန်းမာရေးအား အလေးထားရန်လိုအပ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အမြင်အာရုံချို့တဲ့သူ ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ကုသနိုင်ကြောင်းသိရပါသည်။

မျက်စိကွယ်ရခြင်း၏ အဓိကအကြောင်းရင်းများသည်ကား အတွင်းတိမ်၊ ရေတိမ်၊ အသက်ကြီးချိန်၌ အမြင်လွှာထိခိုက်ခြင်းနှင့် မျက်ခမ်းစပ်ရောဂါ၏ နောက်ဆက်တွဲရောဂါများဖြစ်သော မျက်တောင်စိုက်၊ မျက်မွေးစူးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ဖြစ်ပါသည်။ အရက်နှင့် ဆေးလိပ် အလွန်အကျွံသောက်သုံးခြင်းကြောင့်လည်း မျက်စိကိုထိခိုက်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားအမြင်သန့်စွမ်းရေး (National Vision Twenty Twenty) မျှော်မှန်းချက်အစီအစဉ်ကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်မှစတင်ကာ ဆောင်ရွက်လျက်ရှိပါသည်။ အစီအစဉ်၏အဓိက ရည်မှန်းချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်ရန်နှင့် မျက်စိကွယ်နှုန်းကို ၀ ဒသမ ၅ ရာခိုင်နှုန်းအောက် လျော့ကျစေရန်ဖြစ်ပါသည်။

ထို့ကြောင့်လည်း မျက်စိကုဌာနအားလုံး မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေး စီမံကိန်းဌာန၏ကြိုးပမ်းချက်များဖြင့် ၂၀၁၃ ခုနှစ်အတွင်း တစ်နိုင်ငံလုံး၌အတွင်းတိမ်ဖြစ်သူ ၇၅၀၀၀ ကျော်အား အမြင်အာရုံပြန်လည်ရရှိအောင်ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးတွင် ကလေးသူငယ်မျက်စိအထူးကုဌာနကို ၂၀၁၀ ပြည့်နှစ် မတ်လမှစတင်ကာ ဖွင့်လှစ်ပြီး စောင့်ရှောက်ပေးလျက်ရှိပါသည်။ ထို့အပြင် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင်လည်း ကလေးသူငယ်မျက်စိကုဌာနခွဲတစ်ခုဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ တစ်ဖက်က မျက်စိကွယ်နှုန်းလျော့ပါးရေး၊ မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်ရေးအဘက်ဘက်မှ ကြိုးပမ်းနေကြသကဲ့သို့ ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း မျက်စိနှင့်ပတ်သက်သောရောဂါများ မခံစားရလေအောင် မျက်စိကျန်းမာရေးကို အထူးအလေးထားအပ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် အောက်တိုဘာ ၁၀ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံ The Singapore Institute of Technical Education services (ITE Education Services) တို့ ပူးပေါင်း၍ စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်း (Singapore -Myanmar Vocational Training Institute-SMVTI) ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်း၌ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း အုပ်ချုပ်ရေးအဖွဲ့ (Board of Institute-BOI) အဖွဲ့ဝင်များ၏အစည်းအဝေးသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ စင်ကာပူနိုင်ငံမှ BOI အဖွဲ့၏ဥက္ကဋ္ဌ ပညာရေးနှင့် ဥပဒေဝန်ကြီးဌာနဝန်ကြီး H.E.Ms. Indranee Rajah၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E.Mr. Rogert Chua နှင့်အဖွဲ့နှင့် မြန်မာနိုင်ငံမှ BOI အဖွဲ့၏ ဥက္ကဋ္ဌသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့တို့တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း(SMVTI)၏တည်ဆောက်မည့်ပုံစံ၊ စင်ကာပူသမ္မတနိုင်ငံရှိ (ITE Education Services)မှ သင်ရိုးညွှန်းတမ်းများအတိုင်း ရေးဆွဲထားသောသက်မွေးပညာဘာသာရပ်များ အမြန်ဆုံးဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် စင်ကာပူ-မြန်မာနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အများပြည်သူ အုပ်ချုပ်ရေးတို့အတွက် လူ့စွမ်းအားမြှင့်တင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း(SMVTI) ဖွင့်လှစ်နိုင်ခြင်းအတွက် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရာတွင် စင်ကာပူနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ နည်းပညာနှင့်သက်မွေးပညာရပ်ဆိုင်ရာသင်ကြားမှု၊ သင်ယူမှုများတွင် စင်ကာပူနိုင်ငံမှ အတွေ့အကြုံကောင်းများ ရရှိနိုင်ခြင်း၊ နိုင်ငံတကာအဆင့်မီ စံသတ်မှတ်ချက်များနှင့် သင်ကြားနိုင်ခြင်း၊ နိုင်ငံတကာနှင့် အတွေ့အကြုံ၊ ဗဟုသုတများ ပိုမိုဖလှယ်နိုင်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျုံပါချောင်းဝ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာတွင် ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ သနပ်ပင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးကိုကို၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မျိုးမင်းထိုက်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ကျေးရွာနေပြည်သူများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**



သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၏ ၂၀၁၃ ခုနှစ် ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်) အဘိဓမ္မာစာမေးပွဲနှင့် ၂၀၁၃ ခုနှစ် ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ တတိယအကြိမ်မြောက် အဘိဓမ္မာစာမေးပွဲများတွင် (ရိုးရိုးနှင့်ထူးချွန်) ဖြေဆိုအောင်မြင်ခဲ့ကြသည့် စာအောင် လူပုဂ္ဂိုလ် ၂၉၇ ဦးတို့အားဆုနှင်းပွဲကို အောက်တိုဘာ ၁၁ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းခန်းမ၌ ကျင်းပစဉ်။ အောင်သန်း(မင်္ဂလာတောင်ညွန့်)

# မင်းဘူးမြို့နယ် ရေပူရိုးတံတားပျက်စီးနေမှု ပြင်ဆင်ပေးရန် လိုအပ်

**ထင်သာမြင်သာပြုပြင်စရာ**

**မင်းဘူး အောက်တိုဘာ ၁၂**

မင်းဘူးမြို့နယ် ကိုးတွင်းပေါင်းလမ်းပေါ်ရှိ ရေပူရိုးတံတားမှာ ယခုနှစ်မိုးဦးကာလက ကျောက်ရိုးစီထားသော တံတားအုတ်တိုင်များ မိုးရေတိုက်စားမှုကြောင့် ယိုယွင်းပျက်စီးခဲ့သည်။ **(အောက်ပုံ)**



“ဒီလမ်းကြီးက မင်းဘူးမြို့နယ် နိဗ္ဗာန်ကျွန်းအုပ်စု၊ သနပ်ပင်အုပ်စု၊ ပေါက်ငူအုပ်စု၊ မန်းကျိုးအုပ်စု၊ ကျောက်စံအုပ်စု၊ ပွင့်ဖြူမြို့နယ် ထနောင်းကုန်းအုပ်စု၊ ရွှေလှေအုပ်စု၊ ဆည်မုန်းအုပ်စု၊ ကျောင်းတော်ရာ၊ ရေနံချောင်းမြို့နယ်အတွင်း ကျေးရွာများက ထွက်ကုန်သီးနှံများ ကုန်စည်ပို့ဆောင်ရာမှာ အသုံးပြုသွားလာနေတဲ့ကုန်ထုတ်လမ်းမကြီး ဖြစ်ပါတယ်။ ဒီတံတားကြီးကလည်း အဓိကကျပါတယ်။ ရွာပေါင်း ၅၀ ကျော်ရှိပါတယ်။ မင်းဘူး၊ ပွင့်ဖြူ၊ ရေနံချောင်း၊ မြို့နယ်ချင်းဆက်လမ်းလို့ ပြောလို့ရပါတယ်။ ဒီတံတားကြီး ပျက်စီးသွားရင် ကုန်စည်စီးဆင်းမှု ရပ်တန့်သွားမှာဖြစ်ပါတယ်။ အရင်က ဒီရေပူရိုးတံတားကြီးကို မန်းရေနံမြေက ပြုပြင်ပေးခဲ့ပါတယ်။ အခုတော့ မန်းရေနံမြေကလည်း ပြင်ဆင်ပေးနိုင်မှုမရှိတဲ့အတွက် မြင်ရတဲ့အတိုင်း အန္တရာယ်ဖြစ်နိုင်တဲ့ အခြေအနေရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာက ပြင်ဆင်ပေးစေချင်ပါတယ်”ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ရေပူရိုးတံတားမှာ အရှည်ပေ ၉၀ ခန့်ရှိပြီး မင်းဘူးမြို့နယ် ကိုးတွင်းပေါင်း လမ်းပေါ်တွင် အဓိကကျသော တံတားဖြစ်သည့်အတွက် ဝက်မိစွတ်၊ ဆည်မုန်း၊ ကျောင်းတော်ရာ၊ ငါးလွန်တာ၊ ထနောင်းကုန်းရွှေလှေ၊ လမ်းငါးသွယ်မှ စီးဝင်လာသော ထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် ကုန်ထုတ်လမ်းဖြစ်သဖြင့် ရေပူရိုးတံတားကြီးကို ပြုပြင်ပေးရန် ဒေသခံပြည်သူများက ဆန္ဒရှိကြကြောင်း သိရသည်။ **ငွေဇော်(မင်းဘူး)**

# နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ရမည်းသင်းမြို့တွင်းသို့ အပူဇော်ခံ

**ရမည်းသင်း အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရန်အောင်မြင်ဂေါပကအဖွဲ့က ဦးစီးသည့် (၁၆)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့ပေါ်(၂၄) ရပ်ကွက်သို့ လှည့်လည်အပူဇော်ခံကြွရောက်ပွဲကို ၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ညနေ ၄ နာရီမှစ၍ ရမည်းသင်းမြို့ ရန်အောင်မြင်ဘုရားရှေ့တွင် စတင်အပူဇော်ခံကြွရောက်သည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားများအား ခရိုင်/ မြို့နယ် ဌာနများ၊ လူမှုရေးအသင်းများ၊ ရပ်ကွက်အလှူ့ရှင်များ၊ ရဲသင်တန်းကျောင်းအသင်းအဖွဲ့များ၊ စားသောက်ဆိုင်များနှင့် ကျောင်းသားဟောင်းများက ဘုရားတစ်ဆူချင်းအလိုက် ပင့်ဆောင်ကြပြီး မိမိဘုရားများကို ကားပေါ်သို့ ပင့်ဆောင်ကာ သပ္ပာယ်အောင် မီးစလိုက်များ၊ ရွှေထီးနှင့် ထီးဖြူများဖွင့်ကာ ကြည်ညိုဖွယ်ဖြစ်အောင် ဆောင်ရွက်လုပ်ကိုင်ကြသည်။

ဘုရားများ လှည့်လည်ရာတွင် ခရိုင်/ မြို့နယ် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ယာဉ်ထိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက လိုက်ပါကူညီစောင့်ရှောက်ပေးကြသည်။ ည ၁၀ နာရီတွင် တစ်နှစ်တာ ကိန်းဝပ်စံပျော်မည့် ရန်အောင်မြင်ဘုရားသို့ ဘုရားများ ပြန်လည်ကြွရောက်လာပြီး ယခင်နှစ်ကထက် ယခုနှစ်မှာ ပိုမိုစည်ကားသည်။ ယခင်နှစ်အလှူခံရရှိငွေမှာ ငွေကျပ်တစ်ရာခြောက်ဆယ့်လေးသိန်းရှစ်သောင်းကျော်ရရှိသည်။

(၁၀၁)

**ပြည်သူလိုတာ လုပ်ဖို့ရာ အခွန်အမှန် လိုအပ်တာ ပြည့်ဝအခွန် ပေးဆောင်လူ ကျေးဇူးအမှန် တင်ထိုက်သူ**



ပြည်တွင်းသတင်း

# ဝင်ငွေတွက်ခြေကိုက်ပြီး ဈေးကွက်အလားအလာ အထူးကောင်းမွန်သည့် ပုလဲသွယ်စပ်မျိုးစပါးများစိုက်ပျိုးနိုင်ရန်ဆောင်ရွက်






**နေပြည်တော် အောက်တိုဘာ ၁၂**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၄၆)အနီးရှိ ခပေါင်းဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ်ဧက ၂၀၀၀ စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းသို့ ရောက်ရှိပြီး ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးနှစ်စင်းဖြင့် ရင့်မှည့်ဖြစ်ထွန်းနေသောစပါးခင်းများကို တစ်ချိန်တည်းတစ်ပြိုင်တည်းရိတ်သိမ်း၍ စပါးများအား မော်တော်ယာဉ်ပေါ်သို့ ကုန်ထုတ်လမ်းမှ တိုက်ရိုက်တင်ပို့သယ်ယူနေမှု၊ ရိတ်သိမ်းပြီး စိုက်ကွင်းများအား အဆင့်မြင့်လယ်ထွန်စက်များဖြင့် နွေစပါးစိုက်ပျိုးရန် ထွန်ရေးပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၁၀၇)အနီး မြတ်အိန္ဒြေကုမ္ပဏီ၏ တစ်စပ်တည်းစက်မှုလယ်ယာမြေစနစ် ဧက ၂၀၀၀ ပုလဲသွယ်စပ်မျိုးစပါးခင်းသို့ ရောက်ရှိကြပြီး ရင့်မှည့်ဖြစ်ထွန်းဝါဝင်းနေပြီး ရိတ်သိမ်းရန်အသင့်ဖြစ်နေမှုကို စိုက်ကွင်းတစ်ကွင်းချင်းအလိုက် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗီယက်နမ်မူရင်းမျိုးပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းများ၏မျက်စိတစ်ဆုံး စိမ်းစိုဖြစ်ထွန်းရင့်မှည့်နေသော မိုးစပါးစိုက်ခင်းများကို စစ်ဆေးကြည့်ရှုပြီး လာမည့်နွေစပါးရာသီတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ဝင်ငွေတွက်ခြေကိုက်ပြီး ဈေးကွက်အလားအလာ အထူးကောင်းမွန်သည့် ပုလဲသွယ်စပ်မျိုးစပါးများကို မြို့နယ်လုံးကျွတ် ရွာလုံးကျွတ်စိုက်ပျိုးဆောင်ရွက်နိုင်ကြရန်၊ ဆည်ရေသောက်စနစ်ခိုင်မာစွာတည်ဆောက်ပြီးသော စိုက်ကွင်းများ ရွေးချယ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မဇင်းချောင်းတူးဖော်ခြင်း၊ ခေါင်းဆေးကျွန်းချောင်းတူးဖော်ခြင်းနှင့် စဉ့်အိုးဘိုကွေ့တူးဖော်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး ပြည်သူများအတွက် အကျိုးရှိသောလုပ်ငန်းဖြစ်၍ အချိန်မီ အချိန်ကိုက်ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့သည်။

ဆက်လက်၍ ပဲခူးမြို့ ခေါင်းဆေးကျွန်းချောင်းတူးဖော်မည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး ခေါင်းဆေးကျွန်းတံတားမှ ပဲခူးမြစ်အထိ တူးဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စက်ယန္တရားအင်အား၊ ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများ စုပုံသုံးစွဲပြီး အချိန်မီပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ပဲခူးမြို့ဆည်မြောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကို တွေ့ဆုံခဲ့သည်။

ပဲခူးမြို့နယ် ရေကြီးရေမြုပ်မှုမှ ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေးအတွက် မဇင်းတမံမှ ပဲခူးမြစ်အထိ မဇင်းချောင်းအလျား ၂၁၂၂၅ ပေ၊ အနက် ၈ ပေ၊ အောက်ခြေအနက် ၃၆ ပေကိုလည်းကောင်း၊ ရွှေသာလျောင်းလမ်း၊ မဇင်းလက်တက်အား အလျားပေ ၂၅၀၊ အနက် ၄ ပေ၊ အောက်ခြေအနက်ပေ ၃၀ အထိလည်းကောင်း၊ ခေါင်းဆေးကျွန်းတံတားမှ ပဲခူးမြစ်ထိ ခေါင်းဆေးကျွန်းချောင်းကို အလားပေ ၇၄၀၀၊ အနက် ၇ ပေ အောက်ခြေအကျယ် ၄၅ ပေ အထိလည်းကောင်း၊ ပဲခူးမြစ်-တာဝရေတံခါးအတွက် စဉ့်အိုးဘိုကွေ့ တူးဖော်ခြင်းအား အလျားပေ ၄၁၀၀၊ အနက် ၁၈ ပေ၊ အောက်ခြေအကျယ်ပေ ၅၀ ထိလည်းကောင်း တူးဖော်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး မတ်လအတွင်း ရာခိုင်နှုန်းပြည့် ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီတင်းကျွတ်ပွဲတော် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

**မုဒုံ အောက်တိုဘာ ၁၂**

ယခုနှစ် သီတင်းကျွတ်ပွဲတော်တွင် မွန်ပြည်နယ် မုဒုံမြို့ရှိ သမိုင်းဝင်ကန်တော်ကြီးစေတီတော်၏ အကြိမ် (၁၄၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ (၁၀၄)ကြိမ်မြောက် မြို့လုံးကျွတ်သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတို့ ကျင်းပသည်။

မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီးစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်မှ စတင်ကျင်းပခဲ့ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညပိုင်းအထိ စေတီတော်ရင်ပြင်၌ ဝတ်အသင်းအဖွဲ့ဝင်များက ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် စေတီတော်ရင်ပြင်တော်ပတ်လမ်း၌ ဈေးပွဲတော်ကျင်းပခြင်းတို့ကြောင့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားကြောင်း သိရသည်။

(၁၀၄)ကြိမ်မြောက် မုဒုံမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၇ နာရီမှစတင်ကာ မင်းတန်းရပ်ဗိုလ်ချုပ်လမ်းတစ်လျှောက် ဘုန်းတော်ကြီးကျောင်း ၆၈ ကျောင်းမှ ရဟန်း၊ သာမဏေ ၁၇၂၃ ပါး၊ သီလရှင်စာသင်တိုက် ၁၁ တိုက်မှ သီလရှင် ၁၂၉ ပါး စုစုပေါင်းရဟန်း၊ သာမဏေ၊ သီလရှင် ဆရာကြီး ဆရာလေး ၁၈၅၂ ပါးတို့အား မြို့ပေါ်ဆွမ်းလောင်းအသင်း ၁၀ သင်းက ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာတို့မှ အလှူရှင်များက ငွေကျပ် ၃၂၈ သိန်း ကျော်တန်ဖိုးရှိ ဆွမ်းဆန်စိမ်းများ လောင်းလှူကြကာ လှူဖွယ်ပစ္စည်းများအား စာရေးတံမဲဖောက်လှူဒါန်းကြသည်။

ဗုဒ္ဓပူဇနိယပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်အတူ မြန်မာ့ရိုးရာလှေပြိုင်ပွဲကို ကန်တော်ကြီးစေတီအရှေ့ဘက် သဘာဝကန်ကြီးရေကန်၌ ကျင်းပပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆုရရှိကြသည့် အသင်းများအား သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းတွင် ဆုများချီးမြှင့်ကြသည်။ **ကိုချစ်**

**ရန်ကုန် အောက်တိုဘာ ၁၂**

# မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)၌ ပင်စင်လစာထုတ်ယူနေသည့်ပင်စင်စားများသို့ အသိပေးထား

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)၌ ပင်စင်လစာထုတ်ယူနေကြသော မိဘပင်စင်စားများ ပင်စင်လစာထုတ်ယူရာတွင် နေရာကျယ်ကျယ်ဝန်းဝန်းနှင့် သက်သောင့်သက်သာ နားနေထုတ်ယူနိုင်ရန်အတွက် ဘဏ်ခွဲ(၄)၏ တိုးချဲ့တစ်ထပ်အဆောက်အအုံကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါဘဏ်ခွဲ(၄)၏ တိုးချဲ့ဆောင်အဆောက်အအုံမှာ ပန်းဘဲတန်းမြို့နယ် ၃၂ လမ်း (အောက်ဘလောက်)အမှတ်(၂) (ဘဏ်ခွဲ(၃)နှင့်ကျောချင်းကပ်)၌ တည်ရှိပြီး မိဘပင်စင်စားများ ပင်စင်လစာကို ယင်းတိုးချဲ့ဆောင်၌ ပြောင်းရွှေ့ထုတ်ယူနိုင်ပြီဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)၏ ကြေညာထားချက်အရ သိရသည်။ **ခင်ချိုဝင်း**

**ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် အမှတ်(၄၉) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၃ ရက်ကကျင်းပရာ အမှတ်(၄၉) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးအေးဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောစဉ်။**
မောင်ယဉ်ဦး(ဒလ)



## မိုးလေဝသ အခြေအနေ

**နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးပိုလာနိုင်သည်။**

OIL & GAS 2014
Myanmar
ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး၊ ထုတ်လုပ်ရေးနှင့် သန့်စင်ရေး ပြပွဲ
၁၅ - ၁၇ အောက်တိုဘာ ၂၀၁၄
(ဗုဒ္ဓဟူး - သောကြာ)
မြန်မာ ကွန်ဗင်းရှင်းစင်တာ၊ ရန်ကုန်
ယခုအပတ်တွင် ဖွင့်လှစ်ပြီ
မြန်မာနိုင်ငံ၏ အကြီးဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ပြပွဲကြီး
www.ogmyanmar.com
- ရေနံဓာတု၊ ရှာဖွေရေး၊ ထုတ်လုပ်ရေးနှင့် သန့်စင်ရေးဆိုင်ရာ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများအတွက် နောက်ဆုံးပေါ် နည်းစနစ်များ၏ အရင်းအမြစ်များ
- နိုင်ငံတကာမှ ပြသသူ ၁၀၀ကျော်နှင့် တွေ့ဆုံပါ
- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သင်၏လုပ်ငန်းတူများနှင့် ချိတ်ဆက်လိုက်ပါ
- မြန်မာ့ ရေနံနှင့်သဘာဝဓာတ်ငွေ့နယ်ပယ်မှ ကျွမ်းကျင်သူများနှင့် တိုးတက်လာသော လုပ်ငန်းသစ်များမှ အမြင်သစ်များကို ရယူလိုက်ပါ



စီစဉ်သူ
SINGAPORE EXHIBITION SERVICES
စုံစမ်းရန် ဦးထက်ဝေဖော်
ဖုန်း : +၉၅ ၁ ၅၁၃ ၅၁၅ - ၅၁၉
အီးမေးလ်: events@sesallworld.com
ထောက်ခံပေးသူ
Myanmar Oil & Gas Services Society
ဆွေးနွေးပွဲမန်နေဂျာ
ALPHA RESOURCES & TRAINING CO.,LTD
အင်တာနက် ဝန်ဆောင်မှု ထောက်ပံ့ပေးသူအဖြစ်
REDLINK
ကူညီပံ့ပိုးကြသော အဖွဲ့အစည်းများ
Ministry of Transport
Ministry of Industry SMEs Development Department
Myanmar Engineering Society
Myanmar Maritime University
Yangon Technological University
ALLWORLD EXHIBITIONS

နိုင်ငံတကာသတင်း

# ဂါဇာပြန်လည်ထူထောင်ရေး အလှူရှင်နိုင်ငံများဆွေးနွေး

**ဂါဇာ အောက်တိုဘာ ၁၂**

အစ္စရေးနှင့် ဟားမားစ်စစ်သွေးကြွတို့အကြား ရက် ၅၀ ကြာ ပဋိပက္ခဖြစ်ပွားပြီးနောက် ဂါဇာပြန်လည်ထူထောင်ရေး လိုအပ်သည်များ ကူညီပေးရန် အီဂျစ်၌သံတမန်များ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ဂါဇာရှိ ပြည်သူ ၁၀၀၀၀၀ ထက်မနည်း စစ်ပွဲအတွင်း နေအိမ်များ ပျက်စီးသွား၍ အိုးအိမ်များလက်လွတ်ဆုံးရှုံးခဲ့ရသည်။ အများစုမှာ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။ ဂါဇာပြန်လည်ထူထောင်ရေးအတွက် ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က အမေရိကန်ဒေါ်လာ လေးဘီလီယံ မေတ္တာရပ်ခံတောင်းဆိုထားသည်။

သို့သော်လည်း အလှူရှင်နိုင်ငံများက နောက်ထပ်စစ်ပွဲတစ်ပွဲဖြစ်လာမည်ကို စိုးရိမ်လျက်ရှိသည်။ ပြန်လည်ထူထောင်မှု အကူအညီ အချည်းအနှီးဖြစ်သွားမည်ကို စိုးရိမ်ပူပန်နေကြသည်။

ခုနစ်ပတ်ကြာ ပဋိပက္ခဖြစ်ပွားမှုသည် ဩဂုတ် ၂၆ ရက်က အပစ်အခတ်ရပ်စဲမှုဖြင့် အဆုံးသတ်ခဲ့သည်။ ပဋိပက္ခအတွင်း ပါလက်စတိုင်း ၂၁၀၀ သေဆုံးခဲ့သည်။ ယင်းသေဆုံးမှုတွင် အရပ်သားများ အများဆုံး ပါဝင်သည်။ အစ္စရေးတို့ဘက်မှ ၆၆ ဦးသေဆုံးပြီး အရပ်သား ခုနစ်ဦး သေဆုံးခဲ့သည်။

ဒါဇင်ပေါင်း များစွာသော သံတမန်များသည် ဂါဇာပြန်လည်ထူထောင်ရေးဆွေးနွေးရန် ကိုင်ရိုမြို့သို့ရောက်ရှိနေသည်။ အမေရိကန်အပါအဝင် ပင်လယ်ကွေ့နှင့် ဥရောပနိုင်ငံများက ကူညီလိမ့်မည်ဟု မျှော်လင့်ရသည်။

**(ဘီဘီစီ)**



# အိုင်အက်စ်တို့အပေါ် လေကြောင်းတိုက်ခိုက်မှု ပိုမိုပြုလုပ်ရန် ကာ့ဒ်တို့ကတိုက်တွန်း



အမေရိကန်ဦးဆောင်သည့်မဟာမိတ်များက ဆီးရီးယားနိုင်ငံ ကိုဘာနီမြို့ကို အောက်တိုဘာ ၁၀ ရက်က လေကြောင်းမှ တိုက်ခိုက်ခဲ့စဉ်။

**ကိုဘာနီ အောက်တိုဘာ ၁၂**

တူရကီနှင့်နယ်စပ်အနီးရှိ ဆီးရီးယားနိုင်ငံ၏ ကိုဘာနီမြို့ကို သိမ်းပိုက်နိုင်ရန် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည့် အိုင်အက်စ်တိုက်ခိုက်ရေးသမားများကို အမေရိကန်ဦးဆောင်သော မဟာမိတ်များက လေကြောင်းမှ တိုက်ခိုက်မှုများ ပိုမိုပြုလုပ်သွားရန် အဆိုပါမြို့မှ ခုခံလျက်ရှိသည့် ကာ့ဒ်အင်အားစုများက တိုက်တွန်းလိုက်သည်။

ဆီးရီးယား ပြည်တွင်းစစ်ကို စောင့်ကြည့်လျက်ရှိသော အုပ်စုတစ်စုက တူရကီအစိုးရအနေဖြင့် ၎င်း၏ နယ်စပ်ကိုဖွင့်ပေးပြီး ကာ့ဒ်တို့အား ဝင်ရောက်ခွင့်ပြုရေးအတွက် ဝန်လေးတုံ့ဆိုင်းလျက်ရှိရာ ဤအခြေအနေအတိုင်းဆိုပါက ကိုဘာနီတွင် ခုခံလျက်ရှိသော ကာ့ဒ်အင်အားစုများမှာ မလွဲသာမရှောင်သာ အရှုံးနှင့် ရင်ဆိုင်ကြရလိမ့်မည်ဟု ပြောကြားသည်။

အမေရိကန် ဦးဆောင်သော မဟာမိတ်များက ကိုဘာနီမြို့တွင်းနှင့် မြို့ပတ်လည်တွင် ရှိနေသော အိုင်အက်စ်တိုက်ခိုက်ရေးအုပ်စုများကို လွန်ခဲ့သောလေးရက်ခန့်မှ စတင်၍လေကြောင်းတိုက်ခိုက်မှုများ အရှိန်မြှင့်တင်လာခဲ့သည်။ အဓိက ကာ့ဒ်လက်နက်ကိုင် အုပ်စုကြီးဖြစ်သည့် ဝိုင်ပီဂျီက ကြေညာချက်တစ်ခု ထုတ်ပြန်ရာတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် အိုင်အက်စ်တို့ အကြီးအကျယ် အထိနာခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ရက်ခန့်မှစ၍ ထိရောက်မှုမရှိတော့ကြောင်း ဖော်ပြထားသည်။

အိုင်အက်စ်တို့တည်ရှိရာ နေရာများကို စစ်လေယာဉ်များက ပစ်မှတ်ပြုလုပ်နိုင်ရန်အတွက် မြို့တွင်းတိုက်ပွဲများကို ပြင်းပြင်းထန်ထန် ဆင်နွှဲလျက်ရှိကြောင်း ကိုဘာနီရှိ ကာ့ဒ်စစ်ဘက်အရာရှိတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

**(ရိုက်တာ)**

## နိုင်ငံခြားခရီးသွားများ ပိုမိုလာရောက်ရန် ဖိလစ်ပိုင်တွင် လေဆိပ်လုပ်ငန်းများအဆင့်မြှင့်တင်

**မနီလာ အောက်တိုဘာ ၁၂**

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံ၏ အဓိကလေဆိပ်လုပ်ငန်းများကို သိသိသာသာ တိုးတက်မှုရှိအောင် ကြိုးစားလုပ်ဆောင်နေသည်။ ထိုသို့ ပြုလုပ်ခြင်းသည် လာမည့်နှစ်တွင် နိုင်ငံခြားခရီးသည်များ နိုင်ငံတွင်းသို့ ပို၍လည်ပတ်နိုင်အောင် စီစဉ်ခြင်းဖြစ်ကြောင်း အကြီးတန်းအစိုးရအရာရှိတစ်ဦးက စနေနေ့က ပြောကြားခဲ့သည်။

ဒုတိယသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဘီကာဗော့ဒ်တ်က နီနွိုင်းအကွီနိုနိုင်ငံတကာလေဆိပ်ကိုပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း ပြောကြားသည်။ လာမည့်နှစ်တွင် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ကျင်းပရန်ရှိသဖြင့် မိမိတို့နိုင်ငံခြားခရီးသွားများကို ပိုမိုလည်ပတ်နိုင်အောင် သိသာသည့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစိုးရပိုင် ရေဒီယိုအသံလွှင့်ဌာနသို့ ပြောကြားခဲ့သည်။

ဧည့်လမ်းညွှန်ဌာနက ယခုနှစ် ဆိုက်ရောက်မှုကို ၆ ဒသမ ၈ သန်းခန့် ခန့်မှန်းထားပြီး ၂၀၁၅ တွင် ၁၀ သန်း ဝင်ရောက်ရန် ရည်မှန်းထားသည်။

**(ဆင်ဟွာ)**

## အာဖဂန်၌ တစ်ရက်အတွင်းတိုက်ခိုက်မှု အာဖဂန်တပ်ဖွဲ့ဝင်ငါးဦးနှင့် စစ်သွေးကြွ ၁၇ ဦးသေဆုံး

**ကဘူးလ် အောက်တိုဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ်လေးခုအတွင်း စစ်ဆင်ရေးများပြုလုပ်ခဲ့ရာ ပြီးခဲ့သည့် ၂၄နာရီကြာ တိုက်ခိုက်မှုများ၌ တာလီဘန်စစ်သွေးကြွ ၁၇ ဦး၊ လမ်းဘေးထောင်ဗုံးများနှင့် သေနတ်များထိမှန်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့က ပြောခဲ့သည်။ အာဖဂန်အထူးတပ်ဖွဲ့ဝင်များက လမ်းဘေးထောင်ဗုံးများနှင့် မြေမြှုပ်မိုင်း ၃၁ လုံးကို ဖျက်ဆီးနိုင်ခဲ့သည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့် နှစ်လယ်ပိုင်းကတည်းက စစ်ဆင်ရေးများ အပြင်းအထန်ပြုလုပ်ခဲ့သည်။

အာဖဂန်နိုင်ငံအတွင်း၌ ၂၀၁၀ ခုနှစ်က နေတိုးခေါင်းဆောင်သော မဟာမိတ်တပ်ဖွဲ့ဝင် ၁၃၀၀၀၀ ကျော်တပ်စွဲထားခဲ့ရာ ယခုအခါ ၄၁၀၀၀ ကျော်သာ ရှိတော့သည်။ အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်ကြပြီး လာမည့်နှစ်အတွင်း ၁၀၀၀၀ အောက်အထိ လျှော့ချသွားရန် ရည်ရွယ်ထားသည်။

**(ဆင်ဟွာ)**

# အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း ဟွဒ်ဟွဒ် အိန္ဒိယအရှေ့ဘက် ကမ်းရိုးတန်းသို့ဝင်ရောက်

**နယူးဒေလီ အောက်တိုဘာ ၁၂**

အိန္ဒိယအရှေ့ပိုင်းကမ်းရိုးတန်းဒေသသို့ ဆိုင်ကလုန်းမုန်တိုင်း ဟွဒ်ဟွဒ် ဝင်ရောက်တိုက်ခတ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပြီး ပြည်သူ ၃၀၀၀၀၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက တိုက်တွန်းပြောကြားခဲ့သည်။

တစ်နာရီ မိုင် ၁၂၀ နှုန်း တိုက်ခတ်လျက်ရှိသည့် အားပြင်းဆိုင်ကလုန်းအမျိုးအစားဖြစ်ပြီး နောက်နာရီအနည်းငယ်အတွင်း၌ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းကြသည်။

အန်ဒရာပရာဒေ့ရှ်ပြည်နယ်နှင့် ဩရိသပြည်နယ်များ၌ သစ်ပင်ရာပေါင်းများစွာ အမြစ်များကျွတ်ထွက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့သည်။

နှစ်မီတာအမြင့်ရှိ ရေလှိုင်းလုံးကြီးများ တလိမ့်လိမ့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းဒေသများသည် ရေလွှမ်းမှုအန္တရာယ်ကို စိုးရိမ်နေရသည်။

အထက်ပါ ပြည်နယ်နှစ်ခု၌ ကယ်ဆယ်ရေးစခန်း ရာပေါင်းများစွာ ဖွင့်လှစ်ထားပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသင်းအဖွဲ့များလည်း စေလွှတ်ထားခဲ့သည်။

မုန်တိုင်းအင်အားသည် သောကြာနေ့ကတည်းက တရိပ်ရိပ်တိုးလာခဲ့ရာ အိန္ဒိယရေတပ်မတော်အနေဖြင့် အကူအညီများပေးရန် အသင့်အနေအထား ရှိနေခဲ့သည်။

**(ဘီဘီစီ)**

# ပက်ထရစ်ခ်မိုဒီရာနို ၂၀၁၄ စာပေနိုဘယ်လ်ဆုရရှိ

**ပါရီ အောက်တိုဘာ ၁၂**

ပြင်သစ်စာရေးဆရာ ပက်ထရစ်ခ်မိုဒီရာနို **(အောက်ပုံ)**သည် နာဇီသိမ်းပိုက်ခံ ပြင်သစ်ကို ရှာဖွေဖော်ထုတ်မှု စာအုပ်ဖြင့်၂၀၁၄ ခုနှစ် နိုဘယ်လ်စာပေဆု ရွေးချယ်ခြင်းခံရသည်။



စာရေးဆရာသည် ၎င်း၏ ဂန္ထဝင်မြောက်ဆုရစာအုပ်ထဲတွင် အစိုးမရသော လူသားများ၏ ဘဝကံကြမ္မာနှင့် အသိမ်းပိုက်ခံ လူသားတို့၏ဘဝကို လှစ်ဟဖော်ပြခဲ့သောကြောင့် ရွေးချယ်ခြင်းဖြစ်ကြောင်း နိုဘယ်လ်ဆုရွေးချယ်ရေး အကယ်ဒမီက ကြေညာခဲ့သည်။

စာရေးဆရာသည် ၎င်း၏လက်ရာများထဲတွင် အမှတ်တရဖြစ်ရပ်များ၊ ထင်ရှားသော အကြောင်းတရားများ၊ ပြင်းပြသော ဆန္ဒများကို အပြန်ပြန်အလှန်လှန် ထင်ဟပ်နေအောင် ရေးဖွဲ့ထားနိုင်ကြောင်း အကယ်ဒမီ၏ ဌာနအတွင်းရေးမှူး ပီတာအင်္ဂလန်က ပြောထားသည်။

ထို့ကြောင့် အသက် ၆၉ နှစ်ရှိပြီဖြစ်သော စာရေးဆရာသည် ဤကဲ့သို့ ဂုဏ်သတင်းကြီးမားသော နိုဘယ်လ်ဆုကို ပြင်သစ်နိုင်ငံ၏ ၁၅ ဦးမြောက် ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ပြီး ၎င်းဆုသည် ဆွီဒင်ကရိုနာ ရှစ်သန်းတန်ဖိုးရှိသည်။ ၎င်းဆုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းသို့မဟုတ် ပေါင် ၇၀၀၀၀၀ တန်ဖိုးနှင့် ညီမျှသည်။

ယခုနှစ် စာပေဆုအတွက် လူ ၂၁၀ကို ရွေးချယ်ထားရာ ထိုအထဲမှ မိုဒီရာနိုကို အကယ်ဒမီက ဆန်ခါတင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မိမိဘာကြောင့် ရွေးချယ်ခံရသည်ကို အလွန်သိချင်ခဲ့ကြောင်း မိုဒီရာနိုက ဖော်ပြခဲ့သည်။

ထို့ပြင် "ကျွန်တော်လုံးဝမျှော်လင့်မထားမိပါဘူး"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ၎င်းနိုဘယ်လ်ဆုရ လက်ရာထဲတွင် ဂျူးလူမျိုးများအကြောင်း၊ နာဇီသိမ်းပိုက်မှုများအကြောင်းနှင့် အကြောင်းတရားများ ပျောက်ဆုံးခြင်းအကြောင်းကို ဝေဝေဆာဆာ ဖော်ပြထားသည်။

၎င်း၏ အကောင်းဆုံးလက်ရာတစ်ခုဖြစ်သည့် ပျောက်ဆုံးနေသောလူစာအုပ်မှာလည်း ၁၉၇၈ ခုနှစ်က နာမည်ကျော်ကြားသော ပရက်ဇ်ဂွန်ကော့ဒ်ဆုကို ရရှိခဲ့ကာ စုံထောက်တစ်ဦး၏ အသိဉာဏ်ပျောက်ဆုံးနေရာမှ လမ်းစမှန်ပြန်ပေါ်လာအောင် ကြိုးစားထားသည့် အကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။

**(ပရက်စ်တီဗွီ)**

## သားဖြစ်သူနေမကောင်း၍ဆေးခန်းပို့ရန် စက်ဘီးပေါ်တင်စဉ် ဆိုင်ကယ်တိုက်မိ၍ သားအဖနှစ်ဦးစလုံး ပြင်းထန်ဒဏ်ရာရရှိ

**ကျောက်တံခါး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရဲစခန်း၏တောင်ဘက် နှစ်မိုင်ခန့်အကွာ ရန်ကုန်- မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၂/၇) ပို့ခရီးရွာတံတားအနီးတွင် အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက စက်ဘီးနှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် ဂနက်ကျေးရွာအုပ်စု ပို့ခရီးရွာနေ ဦးမူသီလား (၃၅နှစ်)သည် သားဖြစ်သူ ရာမေ့စ် (၅နှစ်)မှာ နေမကောင်းဖြစ်နေ၍ ကျောက်တံခါးမြို့ဆေးခန်းသို့ ဆေးကုသမှုခံယူရန် စက်ဘီးပေါ်သို့ သားဖြစ်သူအား လမ်းဘေး၌ တင်ဆောင်နေစဉ် မန္တလေးဘက်မှ ရန်ကုန်သို့ ဦးခင်မောင်တင့် (၄၀နှစ်) ကွင်းဝိုင်းကျေးရွာ ဖြူးမြို့နယ်နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ ဦးမူသီလားနှင့်သားဖြစ်သူ ရာမေ့စ်တို့တွင် ဒဏ်ရာများရရှိကာ ကျောက်တံခါးဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## အမရပူရမြို့နယ်၌ ပန်ကာအပူလွန်ကဲရာမှ မီးလောင်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးခရိုင် အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စု အိုးဘိုရွာ ရတနာပုံတက္ကသိုလ်ကျောင်းတော်ရှေ့ ပန်းချယ်ရီစတိုး ထရံကာသွပ်မိုး မြေစိုက်ဆိုင်ခန်းအတွင်းမှ အောက်တိုဘာ ၁၁ရက် ည ၁၀နာရီ မိနစ် ၄၀ခန့်က နံရံကပ်ပန်ကာ အပူလွန်ကဲ၍ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့ရာ ထိုမှတစ်ဆင့် ဆိုင်နီးချင်းဖြစ်သည့် အောင်ရတနာစတိုးဆိုင်၊ ခန့်ကြီး ဆိုင်ကယ် ရေဆေးဆီလိုက်ဆိုင်၊ အောင်နိုင်း ဆိုင်ကယ်ဝပ်ရှော့ဆိုင်နှင့် ဆရာကြည်ဗေဒင်အခန်းတို့ကိုပါ မီးကူးစက်လောင်ကျွမ်းသွားကြောင်းသိရသည်။

မီးလောင်ရာသို့ တိုင်းဒေသကြီးနှင့်ပြည်နယ် မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးကြည်ဝင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အမရပူရမြို့မ ရဲစခန်းမှူးတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကြီးကြပ်ကြပြီး ပြည်ကြီးတံခွန်၊ အမရပူရ၊ မန္တလေးမြို့တို့မှ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့က မီးသတ်ယာဉ်အစင်း ၂၀ကျော်တို့ဖြင့် ဒေသခံပြည်သူတို့နှင့်အတူ ပူးပေါင်းငြိမ်းသတ်ခဲ့ကြရာ ည၁၁နာရီ၁၀မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်းနှင့် မီးလောင်ခဲ့သည့် ဆိုင်ခန်း ငါးခန်း၏ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် တစ်သိန်းကျော်ခန့်ရှိပြီး မီးစတင်လောင်ကျွမ်းခဲ့သည့် ပန်းချယ်ရီစတိုးဆိုင်စောင့် ဦးထွန်းလှ (၆၉နှစ်)ကို သက်ဆိုင်ရာ မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## ၂၂ ဘီး ကွန်တိန်နာယာဉ် ဆက်သွယ်ရေးတိုင်နှင့် ကွမ်းယာဆိုင်ဝင်တိုက်

**ရန်ကုန် အောက်တိုဘာ ၁၂**

အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ကြည့်မြင်တိုင်မြို့နယ်အတွင်း ကမ်းနားလမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်းကိုဇော်မျိုးအောင် (၂၈နှစ်) မောင်းနှင်လာသည့် 6F / ----- (Howo Simo Truck) ၂၂ဘီး ကွန်တိန်နာ ယာဉ်မှာဟုမ်းလမ်းနှင့် ကမ်းနားလမ်းထောင့် မီးပွိုင့်အရောက်၌ အရှိန်မထိန်းနိုင်မှုကြောင့် တစ်ဖက်ယာဉ်ကြောမီးပွိုင့်မှ မီးနီ၍ ရပ်ထားသော ယာဉ်မောင်း ကိုအောင်ဇော်ဝင်း၏ 3C/---- ကင်တာဘောက်စ်နှင့် ယာဉ်မောင်းကိုရဲဝဏ္ဏထွန်း မောင်းနှင်လာသည့် အငှားယာဉ် 3E/---- တို့ကို ဝင်ရောက်တိုက်မိခဲ့သည်။

ကွန်တိန်နာယာဉ်မှာ ကားနှစ်စီးကို ဝင်တိုက်ပြီး ဆက်လက်၍ လမ်းဆုံကြက်လျှာစွန်းရှိ ကွမ်းယာဆိုင်နှင့် ဆက်သွယ်ရေးကွန်ကရစ်တိုင်တို့ကိုတိုက်ပြီး ရပ်သွားခဲ့သည်။ **(ယာပုံ)**

ယာဉ်တိုက်မှုကြောင့် ကားသုံးစီးစလုံးပျက်စီးသွားခဲ့ပြီး ယာဉ်မောင်း အောင်ဇော်ဝင်းနှင့် ယာဉ်ဦးခေါင်းပိုင်းတွင် လိုက်ပါလာသူ အမျိုးသားတစ်ဦး၊ ယာဉ်မောင်း ကိုရဲဝဏ္ဏထွန်းတို့ ဒဏ်ရာများ ရရှိသည့်အပြင် ကွမ်းယာရောင်းသူ ဒေါ်ချို (၆၅နှစ်)နှင့် အသက် (၁၃နှစ်) အရွယ် မောင်မျိုးမင်းအောင်တို့ ဒဏ်ရာများရရှိခဲ့၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ပေးခဲ့ရသည်။

ယာဉ်ကို မဆင်မခြင် မောင်းနှင်သူ ဇော်မျိုးအောင် (၂၈နှစ်) အား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## မော်ဘီမြို့နယ်၌ အမျိုးသမီးတစ်ဦး အဆိပ်သောက်သေဆုံး

**မော်ဘီ အောက်တိုဘာ ၁၂**

မော်ဘီမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မော်ဘီဆေးရုံသို့ အမျိုးသမီးတစ်ဦး အဆိပ်သောက်သေဆုံးရောက်ရှိနေကြောင်း သတင်းအရ အောက်တိုဘာ ၁၁ရက် နံနက် ၁၀ နာရီက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာနေ (၁၇နှစ်) အရွယ် အမျိုးသမီးဖြစ်ကြောင်း သိရပြီး ၄င်း၏မိခင်ဖြစ်သူအား မေးမြန်းရာ သေဆုံးသူသည် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို နှစ်နှစ်ကျရှုံးထားသူတစ်ဦးဖြစ်ကြောင်း၊ စာမလိုက်နိုင်သည့်အတွက်မိခင်ဖြစ်သူမှ မကြာခဏဆိုဆုံးမလေ့ရှိပြီး အခင်းဖြစ်နေ့နံနက် ၈ နာရီခွဲခန့်ကလည်း ကျူရှင်သွားရန် ပြင်ဆင်နေစဉ် မိခင်ဖြစ်သူမှ ဆိုဆုံးမခဲ့ရာ သေဆုံးသူ အမျိုးသမီးမှာ အိပ်ခန်းအတွင်းဝင်ရောက်၍ စိုက်ပျိုးရေးသုံး ရွက်ဖျန်းဆေးကို သောက်ခဲ့သဖြင့်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသောကြောင့် အမျိုးသမီးသေဆုံးမှုနှင့်ပတ်သက်၍ မော်ဘီမြို့မရဲစခန်းက အမှုဖွင့်ကာစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **တင်လှမောင်**

**မူးယစ်ဆေးဝါး ရောင်းဝယ် ဟောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ**

## ဗန်းမောက်မြို့ ဗိုလ်ချုပ်လမ်းမပေါ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ဗန်းမောက် အောက်တိုဘာ ၁၂**

ကသာခရိုင် ဗန်းမောက်မြို့ ဗိုလ်ချုပ်လမ်းမပေါ်တွင် မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၏ ညွှန်ကြားချက်အရ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁၁ ရက်က ဗန်းမောက်မြို့မရဲစခန်း ခေတ္တရဲမှူး ရဲအုပ်ကျော်ဇင်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ တပ်ကြပ်ကြီး ခင်မောင်စိုးအဖွဲ့နှင့်ပူးပေါင်းပြီး ဗန်းမောက်မြို့ မြို့မရပ် မိသားစုဈေးဆိုင်အနီး စောင့်ဆိုင်းနေစဉ် ဗိုလ်ချုပ်လမ်းမပေါ်တွင် မောင်အေး စီးနင်းလာသည့် ၂၅ယ/---- SHAYAN -125 အစိမ်းရောင် အမျိုးအစားဆိုင်ကယ်ကို ရပ်တန့်ရှာဖွေခဲ့ရာ ၄င်းဝတ်ဆင်ထားသော ပုဆိုးကြားမှ ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၄ ဂရမ်ပါ ပင်နီဆီလင်ပုလင်းတစ်လုံး၊ ကာလတန်ဖိုးငွေကျပ် ၄၀၀၀၀ နှင့် ရုပ်အကျႌ အိတ်ကပ်အတွင်းမှ ဘိန်းဖြူရောင်းချရ ငွေဟု ယူဆရသော ငွေစက္ကူရောရာ ငွေကျပ် ၁၉၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်၍ ခေါင်းကိုက်ရွာရှိ မောင်အေး၏ နေအိမ်သို့ ဆက်လက်ရှာဖွေခဲ့ရာမှ ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့် အလေးချိန် ၀ဒသမ ၀၁ ဂရမ်ပါ ပင်နီဆီလင်တစ်ပုလင်းတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့်ဗန်းမောက်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## မီးပူဇော်ထားသည့် ဖယောင်းတိုင်လဲကျရာမှ မီးလောင်မှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရွှေပြည်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် အမှတ်(၁၁)ရပ်ကွက် မိုးဟိန်းလမ်းတွင် မီးလောင်နေကြောင်း သတင်းအရ အောက်တိုဘာ ၁၁ ရက် ည ၆ နာရီခွဲက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းနေ စန်းညွန့်(ခ)မင်းဦး (၄၃ နှစ်)၏ နေအိမ်အပေါ်ထပ် ဘုရားစင်ပေါ်တွင် ဖယောင်းတိုင်မီးထွန်းညှိပူဇော်ထားရှိခဲ့ပြီး အပြင်သို့သွားနေစဉ် ည ၆ နာရီခွဲခန့်က မီးပူဇော်ထားသော ဖယောင်းတိုင်မှာလဲပြီး ဘုရားစင်ဘေးရှိနတ်စင်ပေါ်သို့ကျကာ မီးစတင်လောင်ကျွမ်းခဲ့ကြောင်းနှင့် နေအိမ်ခေါင်းရင်းထရံသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းသိရပြီး မီးလောင်ရာသို့ ပတ်ဝန်းကျင်နှင့် မီးသတ်ယာဉ်များရောက်ရှိ မီးငြိမ်းသတ်ခဲ့သဖြင့် ည ၆ နာရီ ၃၃ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးပေါ့ဆစွာအသုံးပြုသူ စန်းညွန့်(ခ)မင်းဦးကို ရွှေပြည်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**




**CLAIMS DAY NOTICE**

**M.V MORNING NINNI VOY:NO(5)**

Consignees of cargo carried by M.V MORNING NINNI VOY: NO. (5) are here by notified that the vessel will arrive on about 15-10-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/3840 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကျော်ကျော်ဦး ၁၄/လမန(နိုင်)၀၆၉၀၉၀ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၂၀၄၂၃**

**သွေးသည် အသက်**

# ကျွန်တော်နဲ့ ဂန္ဒီကြီး

ပါမောက္ခ
ဒေါက်တာ အောင်ထွန်းသက်

> ● ဂန္ဒီကြီးရဲ့ ပညာရေးအပေါ် မြင်တဲ့အမြင်တစ်ခုက အသက်မွေးဝမ်းကျောင်းကို တစ်ခါတည်းစဉ်းစားဖို့ လိုအပ်ကြောင်း ဖော်ထုတ်ခဲ့ပါတယ်။ အထူးသဖြင့် လက်မှုပညာတတ်မြောက်မှုကို အလေးထားခဲ့ပါတယ်။ ဂန္ဒီကြီးက အပြောသက်သက်မဟုတ်ဘဲ လက်တွေ့ကျင့်သုံးခဲ့တာ တွေ့ရပါတယ်။ သူဝတ်ဆင်တဲ့အဝတ်ကို သူကိုယ်တိုင်ချည်ငင်ပြီး ရက်လုပ်ခဲ့ပါတယ်။ ရက်တဲ့အထည်ကိုလည်း ချုပ်ဝတ်ခဲ့ပါတယ်။

ကျွန်တော်က မဟတ္တမဂန္ဒီကြီးကို အလွန်လေးစားသူ၊ အထင်ကြီးသူ၊ မြတ်နိုးသူတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့အရေးအသားတွေ၊ သူ့ရဲ့အတွေးအခေါ်တွေ၊ သူ့ရဲ့လုပ်ပုံကိုင်ပုံ၊ နေထိုင် ကျင့်ကြံပုံတွေကို သဘောကျရုံမက အားကျသူတစ်ဦးဖြစ်ပါတယ်။

ဂန္ဒီကြီးကို ကျွန်တော်သာမက သန်းပေါင်းများစွာသော ကမ္ဘာသူ ကမ္ဘာသားအပေါင်းက လေးစားကြတာ အမှန်ပဲဖြစ်ပါတယ်။ သေဆုံးတဲ့အထိ သူ့မှာ မည်သည့် ရာထူး၊ မည်သည့်နေရာမှ မရခဲ့၊ မရှိခဲ့သူဖြစ်ပါတယ်။ သို့သော်လည်း သူ့ကြောင့်ပင် အိန္ဒိယနိုင်ငံ အင်္ဂလိပ်လက်ထဲကနေ လွတ်မြောက်ခဲ့ပါတယ်။ သူ့အနေနဲ့အကြမ်းမဖက်တဲ့ဝါဒကို လက်ကိုင်ထားပြီး ရင်ဆိုင်ရတဲ့ အခက်အခဲမှန်သမျှကို မေတ္တာ ကရုဏာ ရှေ့တန်းတင်ပြီး ဖြေရှင်းခဲ့တယ်။ ဂန္ဒီကြီးရဲ့ အကြမ်းမဖက်ဝါဒကို နောင်အခါမှာ အမေရိကန်ပြည်ထောင်စုမှာ လူမည်းခေါင်းဆောင် မာတင်လူသာကင်းကလည်းကောင်း၊ တောင်အာဖရိကခေါင်းဆောင် မန်ဒဲလားက လည်းကောင်း လိုက်နာယူပြီး လူ့အခွင့်အရေး တိုက်ပွဲများ ဝင်ခဲ့ကြပါတယ်။

ဂန္ဒီကြီးဟာ အင်္ဂလန်နိုင်ငံမှာ အလွန်ရှားပါးတဲ့ ဝတ်လုံတော်ဘွဲ့ဒီဂရီကိုယူခဲ့သူ၊ဥပဒေပညာနဲ့ချမ်းသာနိုင်သောသူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမယ့် သူ တတ်ထားတဲ့ဥပဒေပညာကို အဖိနှိပ်ခံနေရသော အိန္ဒိယပြည်သူတို့ရဲ့ လွတ်မြောက်မှုအတွက် အသုံးချခဲ့ပါတယ်။ ဂန္ဒီကြီးရဲ့ ငယ်ရွယ်စဉ်ဓာတ်ပုံများကို ကြည့်ရင် အများကမှတ်မိကြလိမ့်မည် မဟုတ်ပါ။ အင်္ဂလန်ကဝတ်လုံတော်ရ ဘွဲ့ရထားသူပီပီ၊ အနောက်တိုင်းဝတ်စုံအပြည့်နဲ့ သပ်သပ်ရပ်ရပ် စနစ်တကျ ဝတ်ဆင်ထားတာကို တွေ့မြင်ရမည်ဖြစ်ပါတယ်။

တောင်အာဖရိကနိုင်ငံမှာ တိုက်ပွဲဝင်ပြီး အမိနိုင်ငံဖြစ်တဲ့ အိန္ဒိယကိုပြန်ရောက်စဉ်ကစပြီး သူ့ရဲ့ ရုပ်ပုံ လုံးဝပြောင်းလဲသွားခဲ့ပါတယ်။ အနောက်တိုင်း ဝတ်စုံအစား ဆင်းရဲသားများ ဝတ်ဆင်လေ့ရှိတဲ့ ဖျင်ကြမ်းနဲ့ရက်လုပ်ထားတဲ့ နံငယ်ပိုင်းသာသာ ဒိုတီဝတ်ရုံကို သေဆုံးတဲ့အထိ ဝတ်ဆင်ခဲ့သူဖြစ်ပါတယ်။ အဲဒီဝတ်စုံနဲ့ အင်္ဂလန်နိုင်ငံပါလီမန်မှာ လွတ်လပ်ရေးဆွေးနွေးပွဲ တက်ရောက်ခဲ့တဲ့ ဂန္ဒီကြီးကို အင်္ဂလန်ဝါရင့်နိုင်ငံရေးသမား နန်းရင်းဝန် ချာချီက "မပေါ်တပေါ် ဝတ်ထားသောဆေးဆရာ" ဆိုပြီး သရော်ခဲ့ပါတယ်။ သို့သော်လည်း ဂန္ဒီကြီးလိုလားတောင့်တပြီး တိုက်ပွဲဝင်ခဲ့သော လွတ်လပ်ရေးကို နောက်ဆုံးတွင် ချာချီက ပေးခဲ့ရပါတယ်။

**လွန်ခဲ့တဲ့ သောကြာနေ့က ကျွန်တော့်ရဲ့အိပ်မက်တွေအကောင်အထည်ဖော်ခဲ့ပါတယ်။ ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ်ကို ချစ်တယ်၊ ဘွဲ့နှင်းသဘင်ခန်းမကြီးကို မြတ်နိုးတယ်။ သစ်ပုပ်ပင်ကြီးကို တန်ဖိုးထားသူဖြစ်ပါတယ်။ အောက်တိုဘာလ ၂ ရက်နေ့ဟာ ဂန္ဒီကြီးရဲ့ (၁၄၅)နှစ်မြောက် မွေးနေ့ မွေးရက်ဖြစ်ပါတယ်။ တစ်ဆက်တည်းပါပဲ၊ အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက်နေ့လည်းဖြစ်တယ်။ ဒီနေ့ထူးနေ့မြတ်ကို ခမ်းခမ်းနားနား ကျင်းပနိုင်ဖို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ကမ်းလှမ်းခဲ့ပါတယ်။ သူပြောတာက တစ်လကျော်ကျော်ကဖြစ်တယ်။ တာဝန်ရှိတဲ့ လူကြီးတွေကိုဖိတ်ကြားပြီး အမျိုးသားကဇာတ်ရုံမှာ ကျင်းပဖို့စဉ်းစားခဲ့တယ်။ နောက်တော့ လူကြီးတွေ မအားလပ်တာမို့ ကဇာတ်ရုံမှာ မလုပ်တော့ဘဲ အခြားတစ်နေရာကို စဉ်းစားခဲ့ကြတယ်။ ကျွန်တော်က ချစ်လှတဲ့ရန်ကုန်တက္ကသိုလ်မှာ လုပ်ချင်တယ်။ နောက်ဆုံးတော့ ပညာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်အရ ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမမှာ လုပ်ခွင့်ပေးတယ်ဆိုတဲ့သတင်းရခဲ့တယ်။ ပျော်လွန်းတဲ့ ပီတိကို ဘယ်လိုဖော်ပြရမှန်း မသိပါဘူး။**

အခုဆို ရန်ကုန်တက္ကသိုလ်ကြီး အသက်ရှင်လာတာကျောင်းသားကျောင်းသူတွေနဲ့ စည်ကားလာတာဟာ အင်မတန်မှ ထူးခြားတဲ့ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ တချို့ကပြောမှာ သေချာပါတယ်။ ဒီပွဲကို ရန်ကုန်တက္ကသိုလ်ထဲလုပ်ခွင့်ရတာ ဘာထူးခြားသလဲ။ ဒီထက်ပိုအရေးကြီးတာတွေတော့ မလုပ်ဘဲ ဘာမဟုတ်တဲ့ ဟောပြောပွဲကို မီးမောင်းမထိုးသင့်ဘူးလို့ ကျွန်တော့်ကို ဝေဖန်ကြမှာသေချာပါတယ်။ ဝေဖန်မှုတို့ မကြာခဏခံရသူမို့ ကျွန်တော့်အဖို့တော့ သိပ်မဆန်းတော့ပါဘူး။ ဘာလုပ်လုပ်၊ ဘာပြောပြော ဝေဖန်တဲ့သူက ရှိနေမှာပါပဲ။ ဝေဖန်တာက သူတို့အလုပ်ပါ။ လုပ်စရာရှိတာလုပ်ရမှာက ကိုယ့်အလုပ်လေ။

ဝိဇ္ဇာခန်းမဟာ နာမည်ကြီးလှတဲ့ သစ်ပုပ်ပင်ကြီးနဲ့ မျက်နှာချင်းဆိုင် အဆောက်အအုံ။ ခန်းမကြီးရဲ့နံရံမှာ ရန်ကုန်တက္ကသိုလ်ရဲ့ ပါမောက္ခချုပ် ဓာတ်ပုံတွေ ချိတ်ထားတာ။ ဒီဓာတ်ပုံတွေဟာ အမှန်တော့ မြန်မာနိုင်ငံရဲ့ ပညာရေး အာဇာနည်တွေဖြစ်တယ်။ ကမ္ဘာကျော်ခဲ့တဲ့သူတွေဖြစ်တယ်။ ဆရာကြီး ဒေါက်တာတင်အောင်ဆိုရင် Oxford တက္ကသိုလ်မှာ အင်္ဂလိပ်စာပါမောက္ခတစ်ဦးဖြစ်ခဲ့သူ။ ဆရာကြီး ဒေါက်တာလှမြင့်ဆိုရင်လည်း လန်ဒန်မြို့မှာရှိတဲ့ နာမည်ကြီးစီးပွားရေးတက္ကသိုလ်မှာ ပါမောက္ခဖြစ်လာတဲ့သူ၊ အားကျစရာ၊ အတုယူစရာ၊ ဂုဏ်ယူစရာ အပြည့်ပါ။ ဒါကြောင့် တက္ကသိုလ်ကျောင်းသားတွေကို ဝိဇ္ဇာခန်းမကို သွားကြည့်စေချင်တယ်။ ဆရာကြီးတွေရဲ့ ဓာတ်ပုံတွေကို လေ့လာစေချင်တယ်။ နိုင်ငံတစ်နိုင်ငံမှာ အရင်းအနှီးမျိုးစုံရှိတဲ့အနက် တန်ဖိုးအရှိဆုံးက Intellectual Capital လို့ ခေါ်ဝေါ်သတ်မှတ်နိုင်တဲ့ ပညာအရင်းအနှီးပဲ ဖြစ်ပါတယ်။

ဒီအခမ်းအနားမှာ ကျွန်တော် ဂန္ဒီရဲ့ပညာအမြင်ခေါင်းစဉ်နဲ့ ဟောပြောဖို့ ပြင်ဆင်ခဲ့တယ်။ အခမ်းအနားဖြစ်မြောက်အောင် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ယူနက်စကို၊ အိန္ဒိယသံရုံး၊ ရန်ကုန်တက္ကသိုလ်နဲ့ Hub Myanmar ကုမ္ပဏီတို့က ကူညီခဲ့တယ်။ ကျွန်တော်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာရှိတဲ့ အိန္ဒိယအစိုးရနဲ့ ယူနက်စကိုတို့ ဖွင့်လှစ်ထားတဲ့ ငြိမ်းချမ်းရေးနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပညာရေးတက္ကသိုလ်ရဲ့ ဦးစီးအဖွဲ့ဝင်တစ်ဦးအနေနဲ့ တာဝန်ယူထားတာမို့ ယူနက်စကိုနဲ့ ပတ်သက်နေတာ။ Hub Myanmar ကတော့ ကျွန်တော့်ကို အမြဲအကူအညီပေးတဲ့ ဦးတင်ဇံကျော်နဲ့ သူ့ရဲ့သား ဒေါက်တာထက်ဇံလင်း၊ ကျွန်တော်ဘာလုပ်လုပ် သူတို့က လိုလေသေးမရှိအောင် စီစဉ်ပေးတယ်။ ဟောပြောပွဲကို ညနေ ၅နာရီ လုပ်မှာမို့ ၄နာရီခွဲအရောက် ဇနီးနဲ့ သွားခဲ့တယ်။ ခန်းမထဲရောက်တော့ပရိသတ်တွေရောက်နှင့် နေကြပြီ။ တချို့ကလည်း ရုံးကဆင်းလာတာမို့ နည်းနည်းနောက်ကျကြတယ်။ ဒီလိုပဲတဖွဲဖွဲလာရင်း ခန်းမကပြည့်သွားတယ်။ ရောက်နှင့်နေတဲ့ တီဗွီကင်မရာသမားတွေကလည်း ကျွန်တော့်ကို မေးကြမြန်းကြ ရိုက်ကူးကြ၊ ခန်းမအပြင်မှာ Hub Myanmar က ဂန္ဒီကြီးရဲ့ရုပ်ပုံတွေရော၊ သူ့ရဲ့ အဆိုအမိန့်တွေရော ချိတ်ဆွဲထားတယ်။

ခန်းမရဲ့ စင်မြင့်ပေါ်မှာလည်း အင်မတန်ကျက်သရေရှိတဲ့ နဖူးစည်းချိတ်ဆွဲထားတယ်။ ပွဲကို ၅ နာရီကျော်မှ စဖြစ်တယ်။ အခမ်းအနားကို အိန္ဒိယသံအမတ်ကြီးက မိန့်ခွန်းပြောပြီး ဖွင့်လှစ်ပေးခဲ့တယ်။ ဂန္ဒီကြီးရဲ့ ဘဝကို သူကအတိုချုံ့ပြီး တင်ပြခဲ့တယ်။ သူ့ရဲ့ အမျိုးသားရေးလှုပ်ရှားမှုတွေကို ဖော်ထုတ်ခဲ့တယ်။ ထူးခြားချက်က ဂန္ဒီကြီးဟာ မြန်မာနိုင်ငံကို ဒုတိယကမ္ဘာစစ်မဖြစ်မီ နှစ်ကြိမ်တိုင်တိုင် ရောက်ခဲ့တယ်ဆိုတဲ့ကိစ္စပဲ သမိုင်းမှာ ဖတ်ခဲ့ပါတယ်။ အထူးသဖြင့် အိန္ဒိယ-မြန်မာ အဓိကရုဏ်းတွေဖြစ်ပြီး ဂန္ဒီကြီး ရန်ကုန်ရောက်လာတဲ့အကြောင်းကို ဖတ်ခဲ့ရတယ်။ စီးပွားရေးကိုအခြေခံတဲ့ ပြဿနာတစ်ခုဟာ လူမျိုးရေးပဋိပက္ခဖြစ်သွားခဲ့တာက ဝမ်းနည်းစရာတစ်ခုပါ။ အဆိုးဆုံးက အပြစ်မရှိတဲ့သူတွေ အသက်ဆုံးရှုံးရတာ။ မျက်မှောက်ခေတ်ကာလမှာလည်း ဒီလိုဖြစ်ရပ်မျိုးတွေ ကြုံတွေ့နေရတာ စိတ်မကောင်းစရာတစ်ခုပါ။ အရာရာကို အကြမ်းဖက်ပြီး ဖြေရှင်းလိုတဲ့စိတ်တွေ မပေါ်အောင် ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကလဲ့စားချေမှုနဲ့ ပတ်သက်ပြီး "ငါ့မျက်လုံးကိုဖောက်ရင် မင်းမျက်လုံးကို ပြန်ဖောက်မယ်"ဆိုတဲ့အဆိုကို ဂန္ဒီကြီးက အခုလို ဆုံးမခဲ့ပါတယ်။ "ငါ့မျက်လုံးကို ဖောက်လို့ မင်းမျက်လုံးကို ပြန်ဖောက်ကြမယ်ဆိုရင် တစ်ကမ္ဘာလုံးက လူတွေအားလုံး မျက်စိကန်းကုန်လိမ့်မယ်"တဲ့။အမှန်တော့အမုန်းတရားတွေ လက်စားချေမှုတွေဟာ ရင့်ကျက်တဲ့သူတွေမှာ မရှိအပ်တဲ့အရာတွေပါ။ ရှင်တော်ဗုဒ္ဓဆုံးမခဲ့သလို အမျက်ဒေါသဟာ "အဆိပ်ရည်ကို ကိုယ်ကသောက်ပြီး တစ်ပါးသူသေမယ်လို့"ယူဆနေကြတာသာ ဖြစ်ပါတယ်။

ရုပ်ရှင်ဗီဒီယို ဇာတ်ကားတွေမှာ ရက်စက်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ ဒေါသတရားတွေ ရှေ့တန်းတင်ပြီး ပြသနေတာ စဉ်းစားဖို့ကောင်းတဲ့ကိစ္စ ဖြစ်ပါတယ်။ အရာရာကို တုတ်ဆွဲ၊ ဓားဆွဲလုပ်ချင်တဲ့၊ ဖြေရှင်းချင်တဲ့ အကျင့်ဆိုးတွေကို ဖျောက်ဖျက်ဖို့ လိုအပ်ပါတယ်။ ကိုယ်နိုင်၊ သူနိုင် အပြိုင်ကြဲတဲ့ဓလေ့ကို ဖျောက်ဖျက်ဖို့ လိုအပ်ပါတယ်။ ပါးရိုက်ရင် နားကိုက်မယ်ဆိုတဲ့ စိတ်ကို မိမိပါးတစ်ဖက်ကို အရိုက်ခံရ၍ ကျန်တဲ့တစ်ဖက်ကို ရိုက်နိုင်အောင် မျက်နှာလှည့်ပေးချင်တဲ့စိတ် မွေးရမှာသာဖြစ်ပါတယ်။

သံအမတ်ကြီး မိန့်ခွန်းပြောနေတုန်း လျှပ်စစ်မီးက ပျက်သွားတယ်။ တာဝန်ရှိတဲ့သူတွေကလည်း အားနာကြတယ်။ မီးကတော်တော်နဲ့ ပြန်မလာခဲ့ဘူး၊ အသံချဲ့စက်မရှိဘဲ သံအမတ်ကြီးက ကြိုးစားပြီး ပရိသတ်တွေကို ထိန်းပေးပါတယ်။ သူပြောနေရင်း ကျွန်တော့်ရင်ထဲမှာတော့ အတော်လေးစိတ်ပူနေမိတာ။ မီးသာပြန်မလာရင်တော့ ဒုက္ခပါပဲ။ ကျွန်တော့်ရဲ့ အားနည်းချက်က ဟောပြောပွဲလုပ်တိုင်း တချို့ဆရာတွေလို လက်တန်းမပြောနိုင်ဘူး၊ ကျွန်တော်ဟောပြောတဲ့အခါ အမြဲတမ်း Power Point Slides တွေ အသုံးပြုပါတယ်။ ကျွန်တော်ပြောချင်တာတွေကို Slide တစ်ခုချင်း ပြင်ဆင်ပြီး အမြဲဆောင်ရွက်ခဲ့တယ်။ အခုလို Slide သုံးတော့ ပရိသတ်တွေအနေနဲ့ အကြားအာရုံရော၊ အမြင်အာရုံပါ တစ်ပြိုင်တည်းရတော့ ပိုပြီးနားလည် သဘောပေါက်မယ်လို့ ကျွန်တော်က ယူဆတာ။ အခုလိုဆောင်ရွက်တာဖြစ်ပေမယ့် လျှပ်စစ်မရရင် ကွန်ပျူတာလည်းသုံးမရ၊ Slide တွေလည်း ပြမရဖြစ်တော့ အကြီးအကျယ် ဒုက္ခရောက်တဲ့ကိစ္စ။ မီးမြန်မြန် ပြန်လာပါစေလို့ စိတ်ထဲက ကျိတ်ဆုတောင်းရတယ်။ နောက်ဆုံး မလာရင်တော့ ကွန်ပျူတာမှာ ဓာတ်ခဲပါတာမို့ ကွန်ပျူတာကြည့်ပြီးပြောဖို့ စဉ်းစားနေခဲ့တယ်။

သံအမတ်ကြီးက မိနစ် ၂၀ လောက် မိန့်ခွန်းပြောပြီး ကျွန်တော့်အလှည့်ရောက်တော့ မီးကပြန်လာခဲ့တယ်။ ကျွန်တော်ဆုတောင်းပြည့်ခဲ့တာ။ စင်ပေါ်တက်ပြီး ပရိသတ်တွေကို မျက်နှာမူလိုက်တော့ ဝိဇ္ဇာခန်းမတစ်ခုလုံး အပြည့်၊ အပေါ်ထပ်မှာလည်း ပရိသတ်တွေရှိနေတာ တွေ့လိုက်ရတယ်။ စိတ်ထဲမှာ အလိုလိုအင်အားတွေ ပြည့်သွားတယ်။

ကျွန်တော်ပြောမည့်ခေါင်းစဉ်ကို ရွေးချယ်တဲ့အခါ ဂန္ဒီနဲ့ ဟောပြောမယ့် ရန်ကုန်တက္ကသိုလ်ရဲ့ ဆက်စပ်မှုအကြောင်းအရာကို စဉ်းစားပြီး ဂန္ဒီကြီးရဲ့ ပညာရေးအယူအဆဆိုပြီး အမည်တပ်ခဲ့ပါတယ်။ ကျွန်တော်ဟောပြောမည့် အကြောင်းအရာကို အပိုင်းသုံးပိုင်းခွဲပြီး တင်ပြဆွေးနွေးခဲ့ပါတယ်။

ပထမပိုင်းမှာတော့ ပညာရေးနဲ့ ပတ်သက်ပြီး ကျွန်တော့်ရဲ့အယူအဆကို တင်ပြခဲ့ပါတယ်။ ပညာရေးနဲ့ ပတ်သက်လာရင် ကျွန်တော်အနှစ်သက်ဆုံး အဆိုအမိန့်ကို ဂရိပညာရှင်ကြီး Aristole က အခုလိုပြောခဲ့ပါတယ်။ "ပညာရေးရဲ့အမြစ်တွေက ခါးပေမယ့် အသီးတွေကတော့ ချိုပါတယ်တဲ့"။ အဓိပ္ပာယ်က အလွန်လေးနက်ပါတယ်။ ပညာရှာတဲ့အခါ ပင်ပန်းတယ်၊ ခက်ခဲတယ်၊ အနှောင့်အယှက်များတယ်၊ တစ်နည်းပြောရရင် အရသာက ခါးတယ်။ ဒါပေမယ့် အခုလိုကြိုးစားအားထုတ်ပြီး ရလာတဲ့ ရလဒ်၊ တစ်နည်းပြောရရင် ပညာတတ်တစ်ယောက် ဖြစ်လာခဲ့တဲ့ အရသာကချိုတာကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။

**ဂန္ဒီကြီးက ပညာနဲ့ဘဝကို အခုလိုယှဉ်တွဲပြီး ဆုံးမခဲ့ပါတယ်။ "မနက်ဖြန်သေမယ်ဆိုတဲ့ သိတဲ့အသိနဲ့ နေ့စဉ်နေ့တိုင်း နေထိုင်ပါ။" ဒါကို လူတွေက မစဉ်းစားမိကြဘူး။ သတိမပြုကြဘူး။ မနက်ဖြန် သေဖို့သေချာရင် ကနေ့ဘယ်လိုနေကြမလဲ။ အမျက်ဒေါသထွက်စရာရှိသလား၊ မနာလိုစိတ်တွေရှိသင့်သလား၊ မိမိရဲ့နောက်ဆုံးနေ့ ဖြစ်တာမို့ ကောင်းတာတွေး၊ ကောင်းတာပြော၊ ကောင်းတာလုပ်ကြမှာပါပဲ။ ဒါပေမယ့်ဘာကြောင့် အခုလိုမလုပ်ကြသလဲ။ မနက်ဖြန်မသေဘူးလို့ ဘယ်သူက အတိအကျပြောနိုင်မလဲ။ လူတိုင်း မိမိဘယ်တော့ သေမယ်ဆိုတာ မသိကြပါဘူး။ ဂန္ဒီကြီးကဆက်ပြီး… "ဘယ်တော့မှမသေဘူးလို့ခံယူပြီး ပညာရှာဖွေပါ" လို့ မှာခဲ့ပါတယ်။ အဓိပ္ပာယ်က တစ်သက်လုံး သေသည့်အထိ ပညာရှာဖွေကြရမှာဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော်က "ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ စီးပွားရှာ၊ တတိယအရွယ်မှာ တရားရှာ" ဆိုတာကို လက်မခံဘူး။ အရွယ်တိုင်းမှာ ပညာရှာဖို့လိုသလို အရွယ်တိုင်းမှာလည်း ဥစ္စာရှာပြီး အရွယ်တိုင်းမှာလည်း တရားရှာကြရမှာသာ ဖြစ်ပါတယ်။**

ဒုတိယအပိုင်းမှာတော့ ဂန္ဒီကြီးရဲ့ ပညာရေးနဲ့ ပတ်သက်ပြီး ထားရှိခဲ့တဲ့ အတွေးအခေါ်၊ အယူအဆတွေကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ဂန္ဒီကြီးက လွန်ခဲ့တဲ့ အနှစ် ၁၀၀ ကျော်လောက်ကတည်းက ပညာရေးနဲ့ ပတ်သက်လာရင် ဦးနှောက်အသိအမြင် ဖွံ့ဖြိုးမှုသာမက ကိုယ်ကာယရှင်သန်လှုပ်ရှားမှု၊ စိတ်ထားဖြောင့်မတ်မှုတို့ကို မီးမောင်းထိုးပြခဲ့ပါတယ်။ အခုခေတ်မှာတော့ ဉာဏ်ရည်ရဲ့ထက်မြက်မှုငါးခုဆိုပြီး သတ်မှတ်ကြတယ်။

ဂန္ဒီကြီးရဲ့ ပညာရေးအပေါ်မြင်တဲ့အမြင်တစ်ခုက အသက်မွေးဝမ်းကျောင်းကို တစ်ခါတည်းစဉ်းစားဖို့ လိုအပ်ကြောင်း ဖော်ထုတ်ခဲ့ပါတယ်။ အထူးသဖြင့် လက်မှုပညာတတ်မြောက်မှုကို အလေးထားခဲ့ပါတယ်။ ဂန္ဒီကြီးက အပြောသက်သက်မဟုတ်ဘဲ လက်တွေ့ကျင့်သုံးခဲ့တာ တွေ့ရပါတယ်။ သူဝတ်ဆင်တဲ့အဝတ်ကို သူကိုယ်တိုင်ချည်ငင်ပြီး ရက်လုပ်ခဲ့ပါတယ်။ ရက်တဲ့အထည်ကိုလည်း ချုပ်ဝတ်ခဲ့ပါတယ်။ ကျောင်းသားကို ဗဟိုပြုရမည့်အယူအဆကိုလည်း ဂန္ဒီကြီးက သတိပေးပြီး ဆရာ ဆရာမတွေဟာ ကျောင်းသား ကျောင်းသူတွေကို ပညာသင်ပေးရုံမဟုတ်ဘဲ ကျောင်းသား ကျောင်းသူတွေဆီကတစ်ဆင့် ပညာယူရမယ်ဆိုတာကို လည်း ပြောခဲ့သူဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ယခုအချိန်မှာ လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေအသစ်တွေ ဖော်ထုတ်ခဲ့ကြတယ်။ ဂန္ဒီကြီးရဲ့ ပညာရေးအမြင်တွေကိုထည့်သွင်းစဉ်းစားနိုင်မယ်ဆို ဘယ်လောက်များကောင်းမလဲလို့ စိတ်ထဲကတွေးနေမိတယ်။

ကျွန်တော့်ဟောပြောပွဲရဲ့ နောက်ဆုံးအပိုင်းမှာ ဂန္ဒီကြီးရဲ့ အဆိုအမိန့်အချို့ကို တင်ပြခဲ့ပါတယ်။ ဆရာကြီးဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ပတ်သက်ပြီး အမျိုးမျိုးပြောဆိုဆုံးမခဲ့သူ ဖြစ်ပါတယ်။

လူသားတွေဟာ လွတ်လပ်စွာ နေထိုင်ခွင့်ရှိသလို တစ်ဦးနှင့်တစ်ဦး မှီခိုအားထားပြီး အတူတကွ ချစ်ခင်ရင်းနှီးဖို့လိုအပ်တာကို ဆရာကြီးက သတိပေးခဲ့ပါတယ်။ လူတစ်ဦးမှာရှိတဲ့ အင်အားဟာ ကိုယ်ကာယစွမ်းအားအပေါ်အခြေမခံဘဲ စိတ်ဓာတ်ခိုင်မာမှုအပေါ်မူတည်ကြောင်းကိုလည်း ထောက်ပြခဲ့သူ ဖြစ်ပါတယ်။

**ဆရာကြီး ဂန္ဒီကြီးရဲ့ အယူအဆများအနက် ကျွန်တော်အနှစ်သက်ဆုံးက အမှန်တရားနဲ့ ပတ်သက်လို့ပဲ ဖြစ်ပါတယ်။ ဆရာကြီးက အမှန်တရားကို မြတ်နိုးဖို့ တန်ဖိုးထားဖို့ အမြဲသွန်သင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က ပရိသတ်တွေကို ပန်ကြားခဲ့ပါတယ်။ သူတို့အနေနဲ့ အခွင့်အရေးရရင် တက္ကသိုလ်နယ်မြေအတွင်းမှာ ခမ်းနားထည်ဝါစွာရှိနေတဲ့ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းကိုရောက်အောင်သွားကြပါ။ ဘုရားရှိခိုးကျောင်းကြီးရဲ့ စင်မြင့်ထက်မှာ ရေးသားထားတဲ့ စကားပုဒ်ကတော့ သမ္မာကျမ်းစာထဲ၌ပါတဲ့ "အမှန်တရားသည် သင့်ကို လွတ်လပ်စေတယ်" ဆိုတာပဲဖြစ်ပါတယ်။**

ကျွန်တော်တို့အားလုံးအမှန်တရားကို လက်ကိုင်ထားနိုင်ကြပါစေ။ ။



## မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကမာရွတ်၌ ဒုတိယအကြိမ်မြောက် ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဒုတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ကမာရွတ်မြို့နယ် အမှတ်(၆)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ ဇေယျသုခ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ဇေယျသုခကျောင်းတိုက်၊ ရွှေပြည်တော်ကျောင်းတိုက်၊ မြတ်လေးရုံကျောင်းတိုက်နှင့် အုန်းတောကျောင်းတိုက်တို့မှသံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့အဖွဲ့ဝင် ဇေယျသုခကျောင်းတိုက်ဆရာတော် ဦးသူရိယထံမှ ငါးပါးသီလဆောက်တည်၍ ပဋ္ဌာန်းဩဝါဒကထာနာယူကြသည်။ ဆက်လက်၍ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ရန် တိုက်တွန်းနှိုးဆော်လွှာဂါထာရွတ်ဖတ်ပူဇော်ပြီး ဆရာတော်သံဃာတော်များကဦးဆောင်၍ ပရိသတ်အပေါင်းတို့က ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဒုတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်သော်(ကမာရွတ်)**

## ဗုဒ္ဓဓမ္မကျောင်းတော် မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရန်ကင်းတောရ ပရိယတ်၊ ပဋိပတ်ဌာန ဓမ္မကျောင်းတော်အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုနည်းပြဆရာဖြစ် သင်တန်းဌာနတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးအဖွဲ့ (ဗဟိုခွဲ-၁) က ကြီးမှူး၍ ဆရာ ဆရာမများမွမ်းမံသင်တန်းအမှတ်စဉ် (၂၄/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက အဆိုပါ ဓမ္မကျောင်းတော်၌ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် သင်တန်းသား သင်တန်းသူများနှင့် ဧည့်ပရိသတ်များက မြတ်စွာဘုရားရှင်အား 'နမောတဿ' မဟာမဏ္ဍာမ ဘုရားရှိခိုးဖြင့် သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကိုဖွင့်လှစ်ပြီး (ဓမ္မကျောင်းတော်) အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုနည်းပြဆရာဖြစ် သင်တန်းဌာန ဩဝါဒါစရိယဆရာတော် ရန်ကင်းတောရဆရာတော်က အဖွင့်ဩဝါဒစကားမိန့်ကြားသည်။ ကော်မတီနာယက သင်တန်းမှူးဆရာကြီး ဦးအောင်မြင့်က ဓမ္မကျောင်းတော်ဆိုင်ရာဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကားလျှောက်ထားပြောကြားကာ သက်ဆိုင်ရာကော်မတီများက သင်တန်းဆင်းလက်မှတ်နှင့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ **ကိုပေါက်(ဥတ္တရမြေ)**





## မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဟိုမိန်း၌ကျင်းပ

**ဟိုမန်း အောက်တိုဘာ ၁၂**

လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲတွင် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်း လှူပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၆ နာရီကကျင်းပရာ မြို့ပေါ်ရှိ သံဃာတော် ရှင်သာမဏေ ၇၅ ပါး ဆွမ်းအလှူခံကြွတော်မူခဲ့ကြသည်။ အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့ပေါ်ရပ်ကွက်များမှလာရောက်၍ဆွမ်းဆန်၊ နဝကမ္မဝတ္ထုငွေနှင့် လှူဒါန်းဖွယ်အစုစုတို့ကို ဆက်ကပ်လောင်းလှူကြသည်။

ယခုကဲ့သို့ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူသည့် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဟိုမိန်းမြို့နယ်ခွဲ၌ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်းကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ရဲနောင်(iprd)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**



## ကျေးရွာနှစ်ရွာစုပေါင်းဘုံကထိန်နှင့် ရဟန်းခံရှင်ပြု ဆင်၊ မြင်းစုံလင်စွာဖြင့် လှည့်လည်

**သထုံ အောက်တိုဘာ ၁၂**

မွန်ပြည်နယ် သထုံမြို့နယ် ကတိုက်ကလေးကျေးရွာနှင့် ဓနုကတိုက်ကျေးရွာတို့ပေါင်းစပ်ကာ ကတိုက်ကလေး ကျေးရွာရှိ အဘယာရာမကျောင်းတိုက် မဟာဘုံကထိန်နှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီက ဆင်၊ မြင်း စုံလင်စွာဖြင့် စည်ကားစွာ လှည့်လည်ခဲ့ကြသည်။ **(ဝဲပုံ)**

"ဒီပွဲက ရွာမှာ အစည်ကားဆုံးပါ။ ရှေးဟောင်း အထောက်အထားတွေအရ သီရိဓမ္မာသောက မင်းကြီးလက်ထက် ကစပြီး ဒီဒေသမှာသာသနာတော်စည်ပင်ပြန့်ပွားခဲ့တာ ဒီနေ့အထိ အစဉ်အဆက်ပါပဲ" ဟု အဘယာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဒီပက မိန့်ကြားသည်။

ရွာနှစ်ရွာအားပတ်ကာ လှည့်လည်ပွဲတွင် ရဟန်းလောင်း ၈၅ ပါး နှင့် သာမဏေလောင်း ၅၂ ပါးတို့ကို ဆင် ၂၂ ကောင်နှင့် မြင်း ၄၂ ကောင်တို့ဖြင့် အလှူရှင်များနှင့် ရွာသူရွာသားများက ရှစ်ပါးပရိက္ခရာ၊ ကထိန်လျာသင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းတို့ဖြင့် စည်ကားစွာ လိုက်ပါပို့ဆောင်ကြသည်။ ကတိုက်ကလေး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင်က "နှစ်စဉ် အစဉ်အလာမပျက် ကျင်းပတာပါ။ တစ်ရွာလုံးက ဒီပွဲကိုအားခဲပြီး ငွေကြေးကို ကြိုတင်စုဆောင်းကြပါတယ်။ ရွာလုံးကျွတ်အလှူပေးတဲ့ပွဲပါ။ ရဟန်းခံရှင်ပြု မဏ္ဍပ်ပေါင်း ၄၀ ကျော်ပါတယ်။ ဒီဘက်နယ် တစ်ကြောမှာတော့ ဆင်အကောင်ရေအများဆုံးအသုံးပြုတဲ့ စုပေါင်းအလှူလို့လည်း ထင်ပါတယ်"ဟု ပြောသည်။

အဆိုပါလှည့်လည်ပွဲအပြီးတွင် ဆံချတရားနာယူကြပြီး အောက်တိုဘာ ၁၃ ရက်တွင် ကထိန်လျာသင်္ကန်းဆက်ကပ်ခြင်း၊ ရဟန်းခံသိမ်ထပ်ခြင်းနှင့် ပင့်ကျောင်း ၁၃၀ ခန့်မှ သံဃာ ၂၅၀ ကျော်တို့အား စာရေးတံမဲများဆက်ကပ်ခြင်းတို့ကို ပြုလုပ်ပြီး ညအချိန်တွင် အငြိမ့်ပွဲများနှင့် ပွဲဈေးများဖြင့် စည်ကားစွာကျင်းပကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃-၁၀-၂၀၁၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆:၃၀ သံသာချိုအေးမင်္ဂလာတေး
- ၆:၄၀ **ဓမ္မစကြာတရားဦးဟောရာ မိဂါဒဝုန်မှာ**
- ၇:၂၀ ပြည်သူတို့ရဲ့စကားသံများ
- ၇:၃၅ **မစောလွန်းဘူးလားကွယ်**
- ၇:၄၅ **ရေအောက်ကမ္ဘာဆီသို့ငါးပြတိုက်**
- ၈:၄၀ ပြည်သူ့နီတိ **မာတာမိခင်**
- ၉:၃၀ **နှစ်ပေါင်း ၂၀** (Solar)
- ၁၀:၂၀ အနုပညာသတင်းအစီအစဉ်
- ၁၀:၅၀ **စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် မခေါက်ကျေးရွာ ရဝေထွန်းဖြော်အဖွဲ့ ဖျော်ဖြေခန်း**
- ၁၁:၀၅ **တန်ဖိုးထဲကလူ**
- ၁၂:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၁၂:၂၅ **ဆေးရောင်စုံရုပ်ရှင် မျက်ဝန်းထဲမှာ မိုးရွာပြီညို** စိုးသူ၊ ရဲအောင်၊ မေသန်းနု (ဒါရိုက်တာ-စင်ရော်မောင်မောင်)
- ၁၅:၁၅ **မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ**
- ၁၅:၃၀ **အမွန်မြတ်ဆုံးလက်ဆောင်**
- ၁၆:၁၅ အကပဒေသာ
- ၁၆:၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၁၇:၀၀ ပြည်တွင်းသတင်း
- ၁၇:၁၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၇:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒဏ္ဍာရီထဲက တေးကဗျာ**
- ၁၈:၂၀ **AFC ယူ-၁၉(၂၀၁၄) ချန်ပီယံရှစ် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာယူ-၁၉အသင်းနှင့် အီရန်ယူ-၁၉အသင်း)**
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၂၁:၃၀ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ လူမှုစီးပွားမြင်ကွင်းများ **မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်** (ဒါရိုက်တာ-ကြည်စိုးထွန်း ဒါရိုက်တာ-မောင်မောင်မြင့်) **အာဆီယံယဉ်ကျေးမှုပွဲတော် ၂၀၁၄** (ယဉ်ကျေးမှုဝန်ကြီးဌာနအမျိုးသား ယဉ်ကျေးမှုအနုပညာတက္ကသိုလ်) ကုမုဒြာအငြိမ့် (ဒုတိယပိုင်း)

## သာစည်မြို့ အမှတ်(၇)ရပ်ကွက်တွင် အခမဲ့ဆေးခန်းဖွင့်

**သာစည် အောက်တိုဘာ ၁၂**

သာစည်မြို့ အမှတ်(၇)နယ်မြေ မကျီးအုပ်ရပ်ကွက် ရေစည်ပရဟိတ ဝေဟာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသ (သာသနဓဇ ဓမ္မာစရိယ၊ သဒ္ဓမ္မဇောတိကဓဇ၊ ဝိနယဝိဒူ) နှင့် အမှတ်(၇)ရပ်ကွက်အတွင်းရှိ လူငယ်လူရွယ်များ ပူးပေါင်း၍ လူတိုင်းငွေကြေးအခက်အခဲကြောင့် ဆေးကုသမှုမခံယူနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုကြောင့် ဆေးကုသမှုတွင် အခက်အခဲမရှိစေရေးတို့အတွက် ရည်ရွယ်ချက်ဖြင့် ဖြူစင်မေတ္တာ "စေတနာ အခမဲ့ဆေးကုခန်း" ဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးခန်းတွင် ပြုလုပ်သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း ၊ ဆေးခန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောလွင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆေးခန်း ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုး လှူဒါန်းကြသည့် အလှူရှင် ၃၂ ဦး တို့ကို ဆေးခန်းဖြစ်မြောက်ရေး ကော်မတီနာယကဆရာတော် ဘဒ္ဒန္တ ဝိလာသက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ အလှူရှင်များ၏ စုပေါင်း လှူဒါန်းငွေကျပ် ၆၄၁၀၀၀ ကို မနန်းစိုးက ပေးအပ်ခဲ့သည်။

အဆိုပါဆေးခန်းကို ပိတ်ရက်မရှိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီ အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

## တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့စခန်းများစစ်ဆေး

**ပြင်ဦးလွင် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးသောင်းညွန့်သည် ပြင်ဦးလွင်ခရိုင်ရုံးမှ တရားသူကြီး ဒေါ်သဇင်ရွှေနှင့်အတူ အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့မရဲတပ်ဖွဲ့စခန်းရှိ အချုပ်ခန်းအား သွားရောက်စစ်ဆေးကြည့်ရှုပြီး တရားခံများကို ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှု မရှိစေရေးတို့အတွက် စစ်ဆေးကြည့်ရှုမှာကြားခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် တရားရုံးနှင့် မြို့နယ်တရားရုံးတို့ကို သွားရောက်စစ်ဆေးကြည့်ရှုပြီး အမှုများမှန်ကန်စွာ မြန်ဆန်စွာ ပြီးပြတ်ဆုံးဖြတ်ပေးနိုင်ရေးတို့အတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(၁၄၇)**



# အာရှ ယူ-၁၉ အုပ်စု(ဃ)ပွဲစဉ်များ တစ်ဂိုးစီဖြင့် သရေကျ

နေပြည်တော် အောက်တိုဘာ ၁၂

သတင်းနှင့်ဓာတ်ပုံ ကိုကိုစိုးညွန့်

**မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာရှယူ- ၁၉ ချန်ပီယံရှစ် ၂၀၁၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ အိုမန်နှင့် မြောက်ကိုရီးယား၊ ကာတာနှင့် အီရတ်တို့ တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။**

ပထမပွဲကစားသည့် အိုမန်နှင့် မြောက်ကိုရီးယားတို့ပွဲမှာ ခြေရည်တူအသင်းများ ဖြစ်သော်လည်း အိုမန်အသင်းက အခွင့်အရေး ပိုမိုရခဲ့သည်။ မကြာခဏ ဂိုးပေါက်အတွင်း ကန်သွင်းရသော်လည်း ဂိုးအဖြစ်ရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ၇၂ မိနစ်တွင် မူဘာရက်က ဦးဆောင်ဂိုး သွင်းပေးခဲ့သည်။ သို့သော်လည်း ပွဲပြီးခါနီးတွင် ချေပဂိုးပြန်ပေးလိုက်ရ၍ တစ်မှတ်သာရခဲ့သည်။

မြောက်ကိုရီးယား အသင်းမှာ ပြိုင်ဘက်အသင်းကို လျှော့တွက်ခဲ့ပြီး ဂိုးပေးလိုက်ရမှ ချေပဂိုးရရန် ကြိုးစားခဲ့သည်။ ချေပဂိုးကို ၈၉ မိနစ်တွင် ဆိုဂျောင်ယော့က ပြန်လည်သွင်းယူခဲ့သည်။ နှစ်သင်းစလုံး တစ်ပွဲသရေ တစ်ပွဲရှုံးဖြင့် တစ်မှတ်သာရရှိကာ အုပ်စုအဆင့်နှင့်သာ ကျေနပ်ရဖို့ရှိနေသည်။

**ကာတာနှင့် အီရတ်**

ဒုတိယပွဲယှဉ်ပြိုင်ကစားသည့် ကာတာနှင့် အီရတ်တို့ပွဲမှာ နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်နိုင်ကြပြီး အခွင့်အရေးများ ရရှိကြသည်။ သို့သော် ရရှိသောဂိုးသွင်းခွင့်များကို တိုက်စစ်မှူးများ အသုံးမချနိုင်ကြချေ။ အီရတ်အသင်း၏ ဦးဆောင်ဂိုးကို ၃၉ မိနစ်တွင် ဘာရှာက ပင်နယ်တီမှ သွင်းယူခဲ့ပြီး ကာတာ အသင်းအတွက် ချေပဂိုးကို ၅၁ မိနစ်တွင် အယ်လ်ဆာဒီက အလွတ်တည်ကန်ဘောမှ ပြန်လည်သွင်းယူခဲ့သည်။ အနိုင်ဂိုးရရန် နှစ်သင်းစလုံး မစွမ်းဆောင်နိုင်ကြသဖြင့် တစ်မှတ်စီဖြင့် ကျေနပ်ခဲ့ရသည်။ ကာတာအသင်းနှင့် အီရတ်အသင်းတို့ တစ်ပွဲနိုင် တစ်ပွဲသရေ လေးမှတ်ရရှိကာ အုပ်စုတက်ရန် အခြေအနေ ကောင်းနေကြသည်။

**ဝဏ္ဏသိဒ္ဓိကွင်း**

**ညနေ ၃ နာရီခွဲ**
**တောင်ကိုရီးယားနှင့် ဂျပန်**

**ည ၆ နာရီခွဲ**
**ထိုင်းနှင့် ယီမင်**



**အာရှ ယူ-၁၉ ချန်ပီယံရှစ် ဘောလုံး ပြိုင်ပွဲ ကာ တာ နှင့် အီရတ် ပွဲတွင် အီရတ် တိုက်စစ်မှူး ထိုးဖောက် ကစားစဉ်။**




# အာရှယူ-၁၉ ဩစတြေးလျက အင်ဒိုနီးရှားကိုနိုင်

**ရန်ကုန် အောက်တိုဘာ ၁၂**

သတင်း - ဖိုးသောဇင်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပသည်။

**ဥဇဘက်နှင့် ယူအေအီး**

ဥဇဘက်ကစ္စတန်နှင့် ယူအေအီးတို့ပွဲမှာ နှစ်ဂိုးစီသရေဖြစ်ခဲ့သည်။ ပထမပိုင်း ၂၄ မိနစ်တွင် အဗ္ဗဒူလာက ယူအေအီးအတွက် ဂိုးထပ်သွင်းပေးခဲ့သည်။ ပထမပိုင်းပြီးခါနီးမှ ဥဇဘက်ကစ္စတန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ရှိဒေါ့ဗ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ၅၁ မိနစ်တွင် အူရင်ဗော့မ်က ဥဇဘက်အတွက် ဂိုးထပ်မံသွင်းယူခဲ့သော်လည်း ပွဲပြီးခါနီးတွင် အာမက်က ယူအေအီးအတွက် ချေပဂိုး ပြန်သွင်းခဲ့ခြင်းဖြစ်သည်။

**ဩစတြေးလျနှင့် အင်ဒိုနီးရှား**

ဩစတြေးလျနှင့် အင်ဒိုနီးရှားတို့ပွဲတွင် ဩစတြေးလျက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရသည်။ နှစ်သင်းစလုံး ပထမဆုံးအနိုင်ပွဲရရှိရေးအတွက် ကြိုးပမ်းခဲ့ကြပြီး ဩစတြေးလျ အသင်းက ဒုတိယပိုင်းတွင် သွင်းယူသော တစ်ဂိုးတည်းဖြင့် အနိုင်ရရှိခဲ့သည်။ ဩစတြေးလျအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၆၇ မိနစ်တွင် ဆိုတီရိုက သွင်းယူပေးခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ ဥဇဘက်ကစ္စတန်နှင့် ဩစတြေးလျအသင်းတို့က လေးမှတ်စီ၊ ယူအေအီးအသင်းက နှစ်မှတ်နှင့် အင်ဒိုနီးရှားအသင်းက အမှတ်မရသေးပေ။ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည့် အင်ဒိုနီးရှားအသင်းမှာ အုပ်စုမှထွက်ခဲ့ရပြီ ဖြစ်သည်။

**ယနေ့ပွဲ**
**(သုဝဏ္ဏကွင်း)**
**ညနေ ၃နာရီခွဲ**
**တရုတ် - ဗီယက်နမ်**
**ညနေ ၆နာရီခွဲ**
**မြန်မာ - အီရန်**

***ရွှေဖုံးမှ***

ထို့ပြင်မြန်မာ-ထိုင်းငါးချိစိန်ခေါ်ပွဲများတွင် (၂၇) ကြိမ်မြောက်ဆီးဂိမ်း ရွှေတံဆိပ်ဆုရှင် စောဒါပို့(ခ)မိုက်ရိုင်း(ရွှေဖူး)နှင့် အန်ယူချစ်(ထိုင်း) တို့ပွဲမှာ ပထမအချီ၌ သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကြသည်။ မိုက်ရိုင်း၏ ခြေကန်ချက်ဖြင့် အန်ယူချစ် ပေါင်ထိကာ ထိုင်ကျ၍ ဒုတိယအချီ ၂၈ စက္ကန့်မှာ အန်ယူချစ်အနားတောင်းရပြီး ဆက်လက်မယှဉ်ပြိုင်နိုင်၍ မိုက်ရိုင်း အလဲထိုးအနိုင်ရရှိသွားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် ဖိုးလပြည့်(ရွှေဖူး)နှင့် ဆီယာ(ထိုင်း)တို့ပွဲတွင် ပထမအချီနှင့် ဒုတိယအချီ၌ ဆီယာ၏ အမြင့်ကန်ချက်ကို ဖိုးလပြည့် ကာကွယ်နိုင်ခဲ့ကာ ဖိုးလပြည့်၏ ညာဖြောင့် လက်သီးတွဲလုံးများကြောင့် ဆီယာ ထိမိခဲ့သည်။ တတိယအချီ ၂ မိနစ် ၁၁ စက္ကန့်၌ ဖိုးလပြည့်၏ ဘယ်ခြေကန်ချက်၊ လက်သီးထိုးချက်နှင့် ခေါင်းဆောင့်ချက်များကြောင့် ဆီယာမထနိုင်ဘဲ ဖိုးလပြည့် အလဲထိုး အနိုင်ရရှိသွားသည်။

ရွှေခါးပတ်ချန်ပီယံ ဒဂုံရွှေအောင်လံဆုရှင် သတ္တိအောင် (ဒို့ရိုးရာ)နှင့် သီတီပတ်ချ်(ထိုင်း)တို့ပွဲမှာလည်း ပထမအချီလွတ်လိုက်သည်နှင့် သီတီပတ်ချ်တံတောင်ကြောင့် သတ္တိအောင် ညာနဖူးပေါက်ကာ ဆေးစစ်ခံယူလိုက်ရပြီး ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ကာ ပထမအချီ ပြီးဆုံးခဲ့သည်။ ဒုတိယအချီတွင် အလူးအလဲ သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကြသည်။ တတိယအချီ သတ္တိအောင် ခေါင်းတိုက်ချက်များကြောင့် သီတီပတ်ချ် ပြိုလဲခဲ့ကာ အနားတောင်းပြီး ၁ မိနစ် ၆ စက္ကန့်မှာ သတ္တိအောင် ဘယ်မြင့်ခြေကန်ချက်ကြောင့် သီတီပတ်ချ် ယိုင်ကျကာ အရှုံးပေးလိုက်ရ၍ သတ္တိအောင် အလဲထိုးအနိုင်ရရှိသွားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် ဂေါ်မူတို(သတ္တိ)နှင့် မွေထိုင်းချန်ပီယံ သန်ဝါလက်စ်(ထိုင်း)တို့အတွဲတွင် ဂေါ်မူတို၏ လက်သီးမှာ မြန်ဆန်သွက်လက်ပြီး အောက်ခြေပိုင်းကန်ချက် တိုက်စစ်ဖြင့် သန်ဝါလက်စ်ကို ထိုးသတ်ခဲ့သော်လည်း အလူးအလဲဖြင့် နှစ်ဦးပူးတွဲသရေကျခဲ့သည်။

ပရိသတ် မျှော်လင့်စောင့်စားနေသည့်ပွဲမှာ ရွှေခါးပတ်ချန်ပီယံ ဒဂုံရွှေအောင်လံဆုရှင် စိုးလင်းဦး (ဒို့ရိုးရာ)နှင့် မွေထိုင်းချန်ပီယံ ပတ်ဆန်ဂွန်(ထိုင်း)တို့ပွဲ ဖြစ်သည်။ ပထမအချီတွင် ပတ်ဆန်ဂွန်၏ ညာခြေကန်ချက်ကြောင့် စိုးလင်းဦး ပက်လက်ကျကာ ၁ မိနစ် ၃၀ စက္ကန့်မှာ အနားတောင်းလိုက်ရသည်။ ပထမအချီ၌ပင် စိုးလင်းဦးက ပတ်ဆန်ဂွန်ကို လက်သီးတရစပ်ထိုးခဲ့ကာ ပတ်ဆန်ဂွန် မထင်မှတ်ဘဲ ညာလက်ဒဏ်ရာ အနာတရ ရရှိသဖြင့် ပထမအချီမှာပင် စိုးလင်းဦးက ပတ်ဆန်ဂွန်ကိုအနိုင်ရရှိသွားသည်။



**သန်ဝါလက်စ်(ထိုင်း)နှင့် ဂေါ်မူတို(သတ္တိ)တို့ နောက်မဆုတ်တမ်း သူကန်ကိုယ်ကန် ယှဉ်ပြိုင်ကြစဉ်။**

***ကျော်ဖုံးမှ***

ခရီးစဉ်အတိုင်း ပြေးဆွဲသွားရန် စီစဉ်ထားသည်။ မြန်မာ့ဂုဏ်ရည်လိုင်းသစ်တွင် မီနီဘတ်စ်ငါးစီးဖြင့် ထောက်ကြံ့လမ်းဆုံ - မြောက်ဥက္ကလာပအဝိုင်း-ပါရမီ-သုဝဏ္ဏလမ်းဆုံ-မြယာကုန်း(မင်္ဂလာဈေး)အထိ ခရီးစဉ်အတိုင်း ပြေးဆွဲသွားမည်ဖြစ်သည်။ ယာဉ်စီးခများကို ခရီးစဉ်အပိုင်းလိုက် ကောက်ခံသွားမည်ဖြစ်ပြီး ယာဉ်စီးခမှာ ခရီးစဉ်အစအဆုံးအတွက် အခြားယာဉ်လိုင်းများ၏ ဈေးနှုန်းအတိုင်း ကောက်ခံသွားမည်ဖြစ်သည်။

ရန်ကုန်မြို့တော်တွင် မထသ (ဗဟို) ကြီးကြပ်မှုဖြင့် ပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၃၆၀ ကျော်နှင့် နေ့စဉ် ယာဉ်အစီးရေ ပေါင်း ၃၅၀၀ ကျော်ရှိရာ နေ့စဉ်ခရီးသည် ၁၁ သိန်းခန့်ကို သယ်ယူပို့ဆောင် ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်မြို့တော်တွင် လာရောက်အခြေချနေထိုင်သူ တဖြည်းဖြည်းများပြားလာလျက်ရှိရာ လက်ရှိယာဉ်လိုင်းနှင့် ခရီးသည်တင်ယာဉ် အရေအတွက်ထက် ထပ်မံလိုအပ်ချက်များ ရှိနေဆဲပင်ဖြစ်သည်။

**(မြန်မာ့အလင်း)**



**ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ခရီးသည်တင် ဘတ်စ်ယာဉ်များကို တွေ့ရစဉ်။**

***ရွှေဖုံးမှ***

ဈေးသာ ခြံရှင်များက ရရှိကြသည်။ ရော်ဘာရာသီအစေးခြစ်လုပ်ငန်းကာလမှာလည်း မိုးနှောင်းကောင်းနေသဖြင့် အစေးခြစ်လုပ်ငန်းကိုလည်း အလုအယက်အချိန်လုပြီး လုပ်ကိုင်နေကြရသည့်အပြင် ခြံရှင်များကလည်း အလုပ်သမားရေးရာ ပြဿနာများ၊ အလုပ်သမားရှားပါးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိသည်။

ရော်ဘာခြံငယ် အများအပြားမှာ အလုပ်သမားရှားပါးမှုများနှင့် ကြုံတွေ့နေရသဖြင့် အစေးခြစ်လုပ်ငန်းကိုလည်း ယာယီဆိုင်းငံ့ထားကြရသည်။ ရော်ဘာဈေးနှုန်းမှာ အကျဘက် ဦးတည်နေသဖြင့် ရော်ဘာ အရောင်းအဝယ်ပုံမှန် အနေထားလောက်ဆိုသော်လည်း ယခင်နှစ်များမှ ဈေးနှုန်းများနှင့် ယှဉ်ရင် ယခုနှစ်ရရှိကြသော ဈေးမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိလျက်ရှိသည်။

ခြံရှင်များနှင့် အလုပ်သမားများက ယခင်နှစ်များလောက် တွက်ခြေမကိုက်ဘဲ ရှိကြသည့်အပြင် ကုန်သည်များကလည်း ဈေးနှုန်းများ အပြောင်းအလဲ ထူးခြားမှုမရှိကြ၍ အမြတ်အစွန်း နည်းပါးပြီး အကျိုးအမြတ် အနည်းငယ်သာရရှိကြ၍ အမြင့်ဈေးကို ရရှိနိုင်ရန် မျှော်လင့်ချက်ကြီးမားစွာဖြင့် စောင့်ဆိုင်းနေကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# သဘာဝဘေးဒဏ်ခုခံဖို့ သက်ကြီးများနှင့်လက်တွဲစို့

**ကြည်ထွန်း(လူမှုဝန်ထမ်း)**

**အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့**

**International Day for Disaster Reduction**

**သဘာဝဘေးဒဏ်ခုခံဖို့**

**သက်ကြီးများနှင့်လက်တွဲစို့**

**"Resilience is for Life"**

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့**

❖ **မြစ်ပြင်ပင်လယ်၊အပြောကျယ်၍**
**ကြောက်ဖွယ်မုန်တိုင်း၊ လေအရိုင်းလျှင်**
**လှိုင်းရေထန်စွာ၊ တိုက်ခတ်ပါ၍**
**ကွယ်ကာတားဆီး၊ လှိုင်းများကြီးစေ။**

❖ **လူသားတို့မာန် လုံ့လသန်၍**
**ဉာဏ်ရည်ကိုပြု၊ ဖွဲ့ဖြင့်တုသော်**
**လူ့ရပ်ခွင်မှာ၊ မစွမ်းရာလျှင်**
**ဘယ်မှာရှိအံ့ ပါမည်နည်း။ ။**

**အနွဲ့(ရွှေဘို)၏ "လူ့စွမ်းအား "ကဗျာမှ**

ရေပတ်လည်ဝန်းရံလျက်ရှိသော ကုန်းမြေကို ကျွန်းဟုခေါ်သည်ဟု ငယ်စဉ်ကသင်ရဖူးသည်။ ယခုသော်ကား သဘာဝဘေးအန္တရာယ် မာန်စွယ်အသွယ်သွယ်တို့ ဝန်းရံလျက်ရှိသောနေရာကို ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာမြေဟု ဆိုရပါတော့မည်။ ရာသီဥတုပြောင်းလဲမှုကား လူသားတစ်ရပ်လုံးအတွက် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်လာပြီ။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေကြသည်။ ဤအရေးကိုလျစ်လျူရှုထားပါက တစ်နေ့တခြား ဆိုးကျိုးများသာတိုးပွားလာပေမည်။ "သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ ဘေးရန် လျော့ထား အသင်လူသား" ဟူသော ဆောင်ပုဒ်နှင့်အညီ တုံ့ပြန်နိုင်ရန် **"အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့"** ဟူ၍ ကမ္ဘာ့ပြက္ခဒိန်ပေါ်ဝယ် အထိမ်းအမှတ်နေ့တစ်နေ့ ပေါ်ပေါက်လာခဲ့သည်မှာ (၂၅)နှစ်မြောက် ငွေရတုကာလသို့ ရောက်ရှိလာပြီ။

**အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့**

လာမည့် ၂၀၁၅ ခုနှစ်တွင် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးကျင်းပမည်ဟု သိရသည်။ အဆိုပါနှစ်မတိုင်မီ ဘေးအန္တရာယ်ထိခိုက်ခံစားရလွယ်သော လူ့အဖွဲ့အစည်းများကို တစ်နှစ်ချင်းစီ အလှည့်ကျဦးစားပေးအုပ်စုအဖြစ် အလေးထားဆောင်ရွက်နိုင်ရန် နှစ်စဉ် ဦးတည်ချက်ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ်က ဦးစားပေးအုပ်စုမှာ ကလေးသူငယ်နှင့်လူငယ်များ၊ ၂၀၁၂ ခုနှစ်တွင် အမျိုးသမီးနှင့်မိန်းကလေးများ၊ ၂၀၁၃ ခုနှစ်တွင် မသန်စွမ်းသူများဖြစ်သည်။ ယခု ၂၀၁၄ ခုနှစ်တွင် အလှည့်ကျသည့်အုပ်စုမှာ သက်ကြီးရွယ်အိုများ အုပ်စုဖြစ်သည်။ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ သက်ကြီးရွယ်အိုတို့၏ အတွေ့အကြုံနှင့် အသိပညာဗဟုသုတတို့ကိုရယူပြီး လက်တွဲပူးပေါင်းဆောင်ရွက်ကြဖို့လိုပြီ။ လူ့ဘဝဇာတ်ခုံပေါ်၌ သက်ကြီးရွယ်အိုတို့၏ အရေးပါအရာရောက်မှုကို သတိမူနိုင်ရန်၂၀၁၄ ခုနှစ်ဆောင်ပုဒ်ကို "Resilience is for Life" သဘာဝဘေးဒဏ်ခုခံဖို့ သက်ကြီးများနှင့်လက်တွဲစို့"ဟု သတ်မှတ်လှူဆော်ပေးလိုက်ခြင်းမှာ အနာဂတ်ကမ္ဘာအတွက် လိုက်လျောညီထွေရှိလှပေစွ။

စင်စစ်ကမ္ဘာနှင့်အဝန်း ထိပ်တိုက်ရင်ဆိုင်နေရသော သဘာဝဘေးအန္တရာယ်များနှင့် တရိပ်ရိပ်တိုးတက်များပြားနေသော သက်ကြီးရွယ်အိုများ အရေးထား ၂၁ ရာစု၏ အဓိကစိန်ခေါ်မှုကြီးများဖြစ်လာပြီး ဤအရေးနှစ်ရပ်သည် ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းပမာ ခွဲခြားမရအောင် ဆက်နွှယ်လျက်ရှိသည်။ ရာသီဥတုဖောက်ပြန်ခြင်း၊ ဘူမိပထဝီအနေအထားပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းတို့ကြောင့် ဖြစ်ပွားရသည့် သဘာဝဘေးအန္တရာယ်များ၊ ဓာတုစက်မှုနည်းပညာဆိုင်ရာ မတော်တဆမှုများ၊ လုံခြုံရေးနှင့် သက်ဆိုင်သောဖြစ်စဉ်များကြောင့် ဖြစ်ပွားရသောလူတို့ဖန်တီးသည့် ဘေးအန္တရာယ်များ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသည်။

သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှု အတိုင်းအတာသည် (၁) သဘာဝဘေးဒဏ်ခံရသော ဒေသ၏ပျော့ကွက်၊ အားနည်းချက်ရှိနေမှုအတိုင်းအတာနှင့် လူနေအစိပ်အကျဲ၊ (၂) ကြိုတင်စီမံပြင်ဆင်ထားမှုအခြေအနေ၊ (၃) ကျရောက်သော သဘာဝဘေးအမျိုးအစားနှင့် ပြင်းအားအတိုင်းအဆတို့အပေါ် မူတည်နေပေသည်။ အထက်ပါအချက် သုံးခုအနက် တတိယအချက်ကို ဖန်တီးပြုပြင်ရန် မစွမ်းသာသော်လည်း ပထမနှင့် ဒုတိယအချက်များမှာမူ ဘေး အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုများ လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် လူသားတို့၏သုံးသပ်လေ့လာမှု၊ ဉာဏ်အမြော်အမြင်ရှိမှု၊ အသိပညာကြွယ်ဝမှု၊ လုံ့လဝီရိယရှိမှုဟူသော အဖွင့်ကဗျာပါ "လူ့စွမ်းအား" ကို အပြည့်အဝအသုံးချ၍ ထိရောက်စွာစွမ်းဆောင်နိုင်ရန် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် အောက်တိုဘာလ ဒုတိယပတ်၊ ဗုဒ္ဓဟူးနေ့ကို "အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့" "International Day for Disater Reduction" ဟု သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။ ထို့အပြင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့က ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံက နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်နေ့သို့ ပြောင်းလဲ သတ်မှတ်ပေးထားသည်။

**သက်ကြီးရွယ်စုံမြှင့်တင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့**

ဤသို့လျှင် နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်သော "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"နှင့် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်သော "အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့"တို့ကား ညီနောင်ရက်မြတ်မင်္ဂလာများဟု ဆိုရပေမည်။ တိုက်တိုက်ဆိုင်ဆိုင် ၂၀၁၄ ခုနှစ် (၂၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့၏ ဦးတည်ချက်ဆောင်ပုဒ်မှာ "Leaving No One Behind: Promoting a Society for All" "သက်ကြီးရွယ်စုံမြှင့်တင်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့" ဖြစ်သည်။ မဝေးလှတော့သည့် ၂၀၃၀ ပြည့်နှစ်တွင် အသက် ၆၀ ကျော် သက်ကြီးရွယ်အိုမှာအသက် ၁၀ နှစ်အောက် ကလေးသူငယ်ဦးရေထက် ပိုမိုများပြားလာတော့မည်။ ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်း တစ်နည်းအားဖြင့် ၁ ဒသမ ၄ ဘီလီယံမှာ သက်ကြီးရွယ်အိုဘဝသို့ ရောက်ရှိကြတော့မည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်မည့်စွမ်းအားစုများထဲတွင် သက်ကြီးရွယ်အိုများ မဖြစ်မနေပါမှ ဖြစ်တော့မည်။

**သက်ကြီးရွယ်အိုများအပေါ်ထားရှိအပ်သည့်သဘောထား**

သဘာဝဘေးလျော့ပါးရေး စီမံခန့်ခွဲမှုအပါအဝင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် " ခေါင်းတစ်ရာသားစား၊ အိမ်နောက်ဖေးဈေးဆိုင်တည်၊ ခေါင်းသုံးလုံးရှိသူကို ဆည်းကပ်" ဟူသောဆိုရိုးအတိုင်း သက်ကြီးရွယ်အိုများ၏ အကြံဉာဏ်နှင့် ဆန္ဒသဘောထားများကို ရယူသုံးစွဲအပ်သည်။ လူ့ဘဝသက်တမ်းတွင် အနည်းဆုံးဆယ်စုနှစ် ခြောက်ခုကျော်မျှ ဖြတ်သန်းခဲ့ကြသော ပုဂ္ဂိုလ်များကား နယ်နယ်ရရမဟုတ်။ ဘဝမုန်တိုင်းကိုအန်တုကာ အခက်အခဲ၊ အကျပ်အတည်းပေါင်းများစွာ ဒုက္ခသုခအဖြာဖြာကို ဖြတ်ကျော်ရင်ဆိုင်ခဲ့ရသူများဖြစ်ကြသည်။ သူတို့၏အတွေ့အကြုံများကား တန်ဖိုးဖြတ်၍မရ။ အဖိုးအနဂ္ဃ ထိုက်တန်လှပါသည်။

သို့ဖြစ်၍ သက်ကြီးရွယ်အိုများတွင် အသိပညာ၊ အတွေ့အကြုံဗဟုသုတနှင့် အရည်အသွေးစသည့် "စွမ်းအား" များရှိနေကြဆဲဖြစ်သည်ကို အသိအမှတ်ပြုကြရပါမည်။ အိုမင်းမစွမ်းဖြစ်လာရသည်နှင့်အမျှ မျက်စိမှုန်၊ နားထိုင်း၊ ခါးကိုင်းခြင်းစသော " အားနည်းချက် " (Weakness) များလည်းရှိလာသည်။ အရွယ်ညောင်း၍ ဇရာထောင်းလာသည့်အချိန်တွင် ခေတ်စနစ်ကွာခြားမှု၊ ဝင်ငွေယုတ်လျော့မှု၊ ပတ်ဝန်းကျင်က မသိမသာ ပစ်ပယ်ခံရမှု၊ အထီးကျန်ဖြစ်မှုစသော " ခြိမ်းခြောက်မှု" (Threats) များကိုလည်း တွေ့ကြုံခံစားကြရပါသည်။ ထိုသို့သော အားနည်းချက်၊ အားသာချက်များကို အလေးဂရုပြုမိကြစေရန်အလို့ငှာ ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် (International Year of Older Persons)ဟု သတ်မှတ်ပေးခဲ့သည်။ ထို့အပြင် သက်ကြီးရွယ်အိုများဘဝ စိုပြည်လှပရေးဆိုင်ရာ အခြေခံမူငါးရပ်ကို ချမှတ်ပေးထားသည်။

အဆိုပါမူ (United Nations Principles for Older Persons) ငါးရပ်ကား-

(၁) အမှီခိုကင်း၍ လွတ်လပ်ခွင့် အပြည့်အဝရရှိရေး (Independence)

(၂) ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး (Participation)

(၃) အပြန်အလှန်စောင့်ရှောက်မှုပြုကြရေး(Care)

(၄) မိမိကိုယ်တိုင် ဖြည့်စွမ်းနိုင်ရေး (Self- Fulfillment)

(၅) ဂုဏ်သိက္ခာရှိရှိ ရပ်တည်ခွင့်ရရှိရေး (Dignity)တို့ပင်ဖြစ်သည်။ အထက်ပါမူများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး တစ်ဦးတစ်ယောက်မကျန် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ရာ၌ သက်ကြီးရွယ်အိုတို့အပေါ် ထားရှိအပ်သည့် သဘောထားများပင်ဖြစ်သည်။

**အမှီအခိုကင်း၍**
**လွတ်လပ်ခွင့်အပြည့်အဝရရှိဖို့**

ဆယ်စုနှစ် ခြောက်ခုကျော်မျှ ကိစ္စများမြောင် လူတို့ဘောင်တွင် ကျင်လည်ခဲ့ရပြီး သူတစ်ဦးအဖို့ လူ့သက်တမ်းအရ ဆည်းဆာနေညိုချိန်သို့ တစ်ရွေ့ရွေ့ကူးပြောင်းရစမြဖြစ်သည်။ ထိုကာလတွင် စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ကျန်းမာရေးတို့အပြင် ထိုက်သင့်သော အလုပ်အကိုင်နှင့်ဝင်ငွေရရှိရေး၊ ပညာလိုအိုသည်မရှိ ဆိုသည့်အတိုင်း သိလိုတတ်လိုသည်များကို လေ့လာဆည်းပူးခွင့်ရရှိရေး၊ အနှောင်အဖွဲ့မရှိဘဲ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိပြီး အမှီအခိုကင်းရေးသည် သက်ကြီးရွယ်အိုတို့အဖို့ ရရှိခံစားအပ်သော အခြေခံအခွင့်အရေးများဖြစ်သည်။ ဤအခွင့်အရေးများ ခံစားခွင့်ရရှိအောင် လက်တွေ့ဖော်ဆောင်ပေးခြင်းဖြင့် ပျော်ရွှင်တက်ကြွသော သက်ကြီးရွယ်အိုဘဝဖြစ်အောင် ဖန်တီးပေးကြဖို့လိုသည်။

**လူ့အသိုက်အဝန်းအတွင်းပါဝင်ဆောင်ရွက်ခွင့်ရရှိရေး**

အိုသည့်တိုင်အောင် ဖွဲ့ကိုဆောင်၍ လူ့ဘောင်ကောင်းကျိုး သယ်ပိုးဆောင်ရွက်လိုကြသည်မှာ သက်ကြီးရွယ်အိုတို့၏ ဓမ္မတာပင်ဖြစ်သည်။ "သူကြီးအိမ်မြောက်၊ ရွာသားဆောက်သည့်၊ ကွန်းထောက်ခိုရာ ကွပ်ပျစ်သာတွင်၊ ရွာမှသက်ကျား၊ ရွယ်အိုများတို့၊ စကားဆိုမြည်၊ ဝိုင်းကြီးစည်၏။ ဤနေရာသည်၊ ရွာ၏အရေး၊ ရှေ့နောက်တွေးလျက် ဆွေးနွေးကြရာ၊ ဘုံရိပ်သာတည့်။ ဤနေရာသည်၊ သူငါတို့စမ်း၊ ဟာသခန်းဖြင့် ကျွမ်းဝင်ကြရာ ဘုံရိပ်သာတည့်။ ဤနေရာသည် ပညာစောကြော၊ တုံ့လှယ်ပြော၍၊ နှီးနှောကြရာ ဘုံရိပ်သာတည့်။ လက်ဖက်ရည်ကြမ်း၊ တစ်လင်ပန်းဖြင့်၊ စိတ်ဝမ်းလက်ညီ၊ ရွာသစ်တည်ကာ၊ ကျီသစ်ပုံသွင်း၊ အားနှင့်ရင်း၍၊ ဖန်ဆင်းခဲ့ကြဖူးလေပြီ" ဟူသော ဇန်းမော်ညိုနွဲ့၏ " လက်ဖက်ရည်ကြမ်းဝိုင်း" ကဗျာက သက်ကြီးရွယ်အိုတို့၏ ရပ်ရွာအပေါ်ထားရှိသော ပရဟိတ စိတ်ရင်းစေတနာကို ပြဆိုထားသည်။ လျှုဒါန်းပေးကမ်းလိုသည့်အပြင် ပရဟိတသင်္ဂဟလုပ်ငန်းများတွင် ပါဝင်ပျော်မွေ့သူများဖြစ်ကြသည့် အားလျော်စွာ သာရေးနာရေးနှင့် လူမှုရေးအဖွဲ့အစည်းများတွင် ပါဝင်ထမ်းရွက်လိုကြသည်။ သို့ဖြစ်၍ ၎င်းတို့ကို ထိုက်သင့်သည့်နေရာပေးကာ စိတ်အားလူအားရှိသမျှ ပါဝင်ဆောင်ရွက်နိုင်အောင် စိတ်ပျိုကိုယ်နု ဇရာကိုအန်တုနိုင်အောင် အားပေးမြှင့်တင်ကြရပေမည်။

*ဆက်လက်ဖော်ပြပါမည်*

# ပြည်သူ့ဗဟိုပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**ရန်ကုန် အောက်တိုဘာ ၁၂**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ပြည်သူ့ဗဟိုပြု ပြည်သူ့အကျိုးပြုလုပ်ငန်းကို အောက်တိုဘာ ၁၁ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဆည်မြောင်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ တည်ဆောက်ရေးဖြည့်တင်းရေး ဇလဗေဒ ဘူမိစက်မှုတိုင်း (၁) ရန်ကုန်တိုင်းဒေသကြီး ထိန်းသိမ်းရေးတို့မှ ဝန်ထမ်းစုစုပေါင်း ၄၀၀ ကျော်တို့သည် မြောက်ဥက္ကလာပမြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးတွင် ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများဖော်ခြင်း၊ သန့်ရှင်းရေး စုပေါင်း ဆောင်ရွက်ခြင်းများကို သတ်မှတ်နေရာတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးမင်းဆွေနှင့်တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**သန်းဝင်း(သန်လျင်)**



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နေရပ်စွန့်ခွာပြည်သူများ မိမိရပ်ရွာဒေသများသို့ ပြန်လည်ရွှေ့ပြောင်း



**မိုးမောက် အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်းရှိ စိန်လုံ၊ ပန်မူ၊ စိန်လုံကဘာမှ ရွာသူ ရွာသားများသည် ၂၀၁၀-၂၀၁၁ ခုနှစ်က နယ်မြေမငြိမ်းချမ်းသော အခြေအနေများကြောင့် မိမိနေရပ်ကျေးရွာများကို စွန့်ခွာပြီး လွယ်ဂျယ်မြို့နယ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။

ယခုအခါတွင် အေးချမ်းသာယာလာပြီဖြစ်၍ မိမိဇာတိရွာများသို့ ပြန်လည်ရွှေ့ပြောင်း နေထိုင်လာကြရာ စိန်လုံ၊ ပန်မူ၊ စိန်လုံကဘာရွာ သုံးရွာမှ အိမ်ထောင်စုပေါင်း ၃၃ စုတို့သည် အောက်တိုဘာ ၁၁ ရက်က အေးချမ်းနေပြီဖြစ်သော မိမိတို့ရွာများသို့ ရောက်ရှိလာကြသည်။

ထိုသို့ရွှေ့ပြောင်းရာတွင် ကျေးရွာများရှိလမ်းများ၊ လူနေအိမ်အဆောက်အအုံများ၊ မူလတန်းကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ကျန်းမာရေးဆေးခန်းများ ပြည့်စုံမှုရှိစေရန် ပြည်နယ်အစိုးရနှင့် အလှူရှင်များက စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၄၇၉၄၆၁၀၀ ကို ကူညီထောက်ပံ့ပေးခဲ့သည်။

ရွာသူ ရွာသားများရွှေ့ပြောင်းရာတွင် အဆင်ပြေစေရန် ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာ၊ စိန်လုံအခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးဇော်၊ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူးဦးစိန်မြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်၊ မိုးမောက်မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွယ်ဂျယ်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဗန်းမော်ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်/ ခရိုင်/မြို့နယ်များမှ စစ်ဘက်/ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်







ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများ ပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်သော အစားအသောက်များဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန် ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈ (က) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

## အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် | ခွင့်မပြုဆိုးဆေးပါဝင်မှု |
|---|---|---|---|
| ၁။ | ဝေဖာချောင်း | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၂။ | ငါးပိ | ဝင်းသန်း | Rhodamine 'B' |
| ၃။ | ရှယ်ပုစွန်ငါးပိ | ဝင်းသန်း | Rhodamine 'B' |
| ၄။ | ဝေဖာလုံး (ရောင်စုံ) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၅။ | ဝေဖာချောင်း(ရောင်စုံ) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၆။ | ဂျယ်လီ(ပန်းရောင်) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၇။ | ရောင်စုံစပ်ကြား ချိုချဉ်ပြား | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၈။ | ချိုချဉ်ပြား (လိမ္မော်) | ဝမ်းဝမ်း | Rhodamine 'B' |
| ၉။ | ချိုချဉ်ပြား( အစိမ်း) | ဝမ်းဝမ်း | Auramine 'O' |
| ၁၀။ | ရောင်စုံ(ဝေဖာချောင်း) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၁။ | ငရုတ်သီးပုံချိုချဉ်ချောင်း | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၂။ | ကပ်စေးချိုချဉ် (အာနီလျှာနီ) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၃။ | တုတ်ထိုးချိုချဉ် | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၄။ | ရောင်စုံဝေဖာ | Angry Bird ရုပ်ပုံပါ | Rhodamine 'B' |
| ၁၅။ | ငရုတ်သီးအရောင်တင်မှုန့် | ဘုရင် | Sudan lll |
| ၁၆။ | ငရုတ်သီးအရောင်တင်မှုန့် | ကံ့ကော် | Rhodamine 'B' |
| ၁၇။ | ငရုတ်သီးအရောင်တင်မှုန့် | ရွှေဝါဝင်း | Sudan lll |
| ၁၈။ | ကပ်စေးနဲ | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၉။ | ဝေဖာလုံးအသေး | ကောင်းမှကောင်း | Rhodamine 'B' |

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာကင်းထောက်အမျိုးသမီး နည်းပြသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၂**

အာရှပစိဖိတ်ဒေသ-ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့၏ မြန်မာကင်းထောက်အမျိုးသမီး နည်းပြသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း အလုံမြို့၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကင်းထောက်အမျိုးသမီးများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကမ္ဘာ့ကင်းထောက်အလံများကို စိုက်ထူကာ အထက-၄ (အလုံ)မှ ကင်းထောက်အမျိုးသမီးများက မြန်မာကင်းထောက်သီချင်းသီဆိုကာ ဖွင့်လှစ်ပေးသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီ၊ မြန်မာ့ကင်းထောက်အမျိုးသမီးအဖွဲ့(ယာယီ) ကင်းထောက်ချုပ် ဒေါ်တင်လှကြည်၊ အာရှပစိဖိတ်ဒေသ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတာဝန်ခံ Ms.Karen Chatto တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ယင်းနောက် မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့(ယာယီ)အတွက် အလှူရှင်များက အလှူငွေများကို ကင်းထောက်ချုပ် ဒေါ်တင်လှကြည်နှင့် ဒုတိယကင်းထောက်ချုပ်ဒေါ်စောဥမ္မာတို့ထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ မြန်မာကင်းထောက်အမျိုးသမီး နည်းပြသင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ကာ သင်တန်းသို့အခြေခံပညာဦးစီးဌာန အမှတ်(၁) (၂) (၃) တို့မှ အထက်တန်းနှင့် အလယ်တန်းပြဆရာမ ၅၆ ဦး တက်ရောက်ကြပြီး သင်တန်းနှင့်နည်းပြအဖြစ် အာရှ-ပစိဖိတ်ဒေသ ကမ္ဘာ့ကင်းထောက် အမျိုးသမီးအဖွဲ့ ဩစတြေးလျနိုင်ငံမှလေးဦး၊ ဂျပန်နိုင်ငံမှခုနစ်ဦးသင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ကိုလတ်**

# ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာ တစ်နေ့တာ အာဟာရကုသိုလ် ကောင်းမှုယူ လှူဒါန်း

**ရမည်းသင်း အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာတွင် တစ်နေ့တာအာဟာရကုသိုလ်ယူ အသုံးဆောင်ပစ္စည်းငွေများ လှူဒါန်းသူများ နေ့စဉ် ရက်ဆက် သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက ရမည်းသင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးခင်မောင်ဝင်းဦးဆောင်၍ ဝန်ထမ်းမိသားစုများက စည်းလုံးညီညွတ်စွာဖြင့် ရွှေသင်းဘိုးဘွားရိပ်သာသို့ သံဃာတော်ငါးပါး ပင့်ဖိတ်ပြီး ဆွမ်းဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းကာ ရွှေသင်းဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားတို့အား တစ်နေ့တာ အာဟာရကျွေးမွေးပြုစုစောင့်ရှောက်၍ အသုံးအဆောင်ပစ္စည်းနှင့်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**ရွှေသင်းဘိုးဘွားရိပ်သာ တစ်နေ့တာ အာဟာရကုသိုလ်ယူကျွေးမွေးစောင့်ရှောက်လိုပါက အလှူငွေကျပ်နှစ်သောင်းဖြင့် ကုသိုလ်ယူနိုင်ကြောင်း၊ ဖုန်း-၀၆၄-၄၀၆၇၀ ရွှေသင်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးစံသိန်းထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



တက္ကသိုလ်စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

Basic English Speaking
10-11:30 (Mon ~ Thurs) 13 Oct
1 - 2:30 (Mon ~ Thurs) 13,20 Oct
1 - 4:00 (Sat + Sun) 26 Oct
6 - 7:30 (Mon ~ Thurs) 29 Oct

Basic Four Skills English
7:30-10:30 (Sat + Sun) 19 Oct
3:30 - 5 (Mon ~ Thurs) 20 Oct
10-11:30 (Mon ~ Thurs) 22 Oct
1 - 4:00 (Sat + Sun) 26 Oct
7:30 - 9 (Mon ~ Thurs) 27 Oct
1 - 2:30 (Mon ~ Thurs) 29 Oct

Basic Grammar
7:30 - 9 (Mon ~ Thurs) 3 Nov
7:30-10:30 (Sat + Sun) 8 Nov

Pre-Intermediate (4-Skill English)
3:30 - 5 (Mon ~ Thurs) 3 Nov
10-11:30 (Mon ~ Thurs) 10 Nov
7:30 - 9 (Mon ~ Thurs) 17 Nov

Intermediate (Academic English)
1 - 2:30 (Mon ~ Thurs) 22 Oct
3:30 - 5 (Mon ~ Thurs) 10 Nov

Vocab Enrichment
1 - 2:30 (Mon ~ Thurs) 20 Oct
1 - 4:00 (Sat + Sun) 2 Nov

Basic Writing
10 - 11:30 (Mon ~ Thurs) 14 Oct
1 - 4:00 (Sat + Sun) 26 Oct

Intemediate Writing
12 - 3:00 (Sat + Sun) 18 Oct

Basic English Speaking
7:30-10:30 (Sat + Sun) 18 Oct
12 - 3:00 (Sat + Sun) 8 Nov
7:30-10:30 (Sat + Sun) 9 Nov
10 - 11:30 (Mon ~ Thurs) 17 Nov

Pre-Intermediate (4-Skill English)
7:30 - 9 (Mon ~ Thurs) 3 Nov
12 - 3:00 (Sat + Sun) 8 Nov
7:30-10:30 (Sat + Sun) 15 Nov

Baic Grammar
12 - 3:00 (Sat + Sun) 19 Oct

Basic Four Skills English
7:30 - 9 (Mon ~ Thurs) 22 Oct
3:30 - 5 (Mon ~ Thurs) 22 Oct
7:30-10:30 (Sat + Sun) 2 Nov

Intermediate (Academic English)
12 - 3:00 (Sat + Sun) 8 Nov

IELTS (Preparation)
1 - 4:30 (Sat + Sun) 25 Oct
7:30-9:30 (Mon ~ Thurs) 3 Nov
1 - 3:30 (Mon ~ Thurs) 17 Nov

IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 10 Nov

IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 10 Nov

IELTS (Reading)
10 - 12:00 (Mon ~ Thurs) 13 Oct

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 27 Oct

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဧရာဝတီမြစ်ကြောင်းသွား ခရီးစဉ်များဖြင့် နိုင်ငံခြားသားများ မကွေးမြို့သို့ ဝင်ရောက်မှုများပြားလာ



**မကွေး အောက်တိုဘာ ၁၂**

ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်း သမိုင်းတန်ဖိုးကြီးနေရာများ၊ သဘာဝအငွေ့အသက်ကိုပေးနိုင်သော သာယာလှပမှုများအပေါ် စိတ်ဝင်စားမှုမြင့်မားသည့် ကမ္ဘာလှည့်ခရီးသည်များအတွက် ဧရာဝတီမြစ်ကြောင်းသွားခရီးစဉ်များ စီစဉ်ထားရှိလျက်ရှိပြီး အဆိုပါခရီးစဉ်များဖြင့် မကွေးမြို့သို့ နိုင်ငံခြားသားခရီးသည်များ ဝင်ရောက်လည်ပတ်မှု များပြားလာကြောင်း သိရသည်။

ခရီးသည်များသည် မြို့မဈေး၊ လွတ်လပ်ရေးပန်းခြံ၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် မြသလွန်စေတီတော်တို့ကို လှည့်လည်ကြည့်ရှုလေ့ရှိကြပြီး ဆိုက်ကားယာဉ်များဖြင့် သွားလာရသည်ကို သဘောကျနှစ်ခြိုက်ကြောင်း၊ မြို့ဟောင်းရပ်ကွက်အတွင်းရှိ ပန်းပဲဖိုကြီးတွင် မြန်မာ့ရိုးရာပန်းပဲလုပ်ငန်းကို ဝင်ရောက်လေ့လာတတ်ကြောင်း၊ ခရီးသွားလုပ်ငန်းအချို့မှ မင်းဘူး စက္ကိန်းတဲဘုရားနှင့် နဂါးပွက်တောင်များသို့ လိုက်လံပို့ဆောင်တတ်ကြောင်း၊ ဆိုက်ကပ်လာသော သင်္ဘောပေါ်တွင် အလှခတ်ရိုးရာခြင်းဖြင့် ဖျော်ဖြေခြင်း၊ အိမ်တွင်းမှုလုပ်ငန်းများကို လက်တွေ့လုပ်ဆောင်ပြခြင်း၊ သံဃာတော် ငါးပါးပင့်ဖိတ်ကာ အန္တရာယ်ကင်း ပရိတ်တရားများနာကြားစေပြီး မြန်မာတို့၏ ဘာသာတရားအပေါ် ထားရှိသည့် စိတ်ထားနှင့်ယုံကြည်ချက်များအပေါ် ရှင်းလင်းပြသခြင်းများ အခါအားလျော်စွာ ပြုလုပ်လေ့ရှိကြောင်း ပြည်တွင်းရေကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ဆိုက်ကားတွေငှားပြီးလည်တာများတယ်။ တစ်ခါတလေတော့ သုံးဘီးတွေ၊ Express ကားတွေနဲ့ သွားကြတယ်၊ ဆိုက်ကားငှားခတစ်ရက် ငါးထောင်ဆိုတော့ တစ်လဆယ်ခါလာရင် ကျွန်တော်တို့အတွက် ငွေငါးသောင်း သေချာတဲ့အလုပ်ပါပဲ။ ခရီးသည်တွေက မုန့်ဖိုးသဘောမျိုး ဒေါ်လာငါးကျပ်တန်တွေလည်း ပေးတတ်တယ်"ဟု အငှားယာဉ်လုပ်သားတစ်ဦးက ၎င်းတို့၏ရပ်တည်မှုကို ရှင်းပြသည်။ ယခင်က ဩစတြေးလျနိုင်ငံသားများ လာရောက်မှုမှာ အများဆုံးဟုဆိုနိုင်သော်လည်း ယခုနှစ်ပိုင်းအတွင်း အမေရိကန်နိုင်ငံသားများနှင့် အခြားနိုင်ငံစုံမှ လာရောက်လည်ပတ်သူ သက်ကြီးတိုးရစ်များ ပိုများလာကြောင်း သင်္ဘောဖြင့်လိုက်ပါလာသူ စကားပြန်တစ်ဦးက သူ၏ထင်မြင်ချက်ကို ပြောကြားသည်။

မန္တလေး-ပြည် အစုန်၊ အဆန် ခရီးစဉ်များဖြင့် RV.Orient Pandaw, RV.Katha Pandaw, PANDAW2, RV. Orcaella, RV. Thurgau Exotio II, RV. INDOCHINA သင်္ဘောများ မကွေးမြို့သို့ တစ်လရှစ်ကြိမ်မှ ၁၀ကြိမ်အထိ ဆိုက်ကပ်ကြပြီး ပျမ်းမျှခရီးသည် ၂၀၀ ကျော် လာရောက်လည်ပတ်လျက်ရှိသည်။ ယခင် နှစ်အနည်းငယ်ခန့်က ပြည်တွင်းရေကြောင်း သင်္ဘောတစ်စင်းကိုသာ အသုံးပြုမှုရှိပြီး ခရီးသွားအေဂျင်စီသင်္ဘောများ ယမန်နှစ်ကထက်ပိုများလာကြောင်း၊ မကွေးမြို့သို့ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုနှုန်း ပိုမိုမြင့်တက်လာကြောင်း ပြည်တွင်းရေကြောင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၁၀-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၉၂-၉၉၅ |
| ဥရောပ | တစ်ယူရို | ၁၃၄၀-၁၃၄၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၅-၃၂.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၂-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်။

# ကရင်ပြည်နယ် ရေဘုတ်ဆည်အတွင်းငါးမျိုးစိုက်ထည့်



**ဘားအံ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ်အတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်များ၊ ဆည်များတွင် ရေနေသတ္တဝါများ ပေါကြွယ်ဝရေးအတွက် ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များ စိုက်ထည့်ပေးလျက်ရှိရာ ကရင်ပြည်နယ် ဆည်မြောင်းဦးစီးဌာန ရေဘုတ်ဆည်အတွင်းသို့ ရေချိုပုစွန်သားပေါက်များနှင့် ငါးသားပေါက်များစိုက်ထည့်ပေးခြင်းကို အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီခွဲက ကျင်းပသည်။

ပုစွန်သားပေါက်များနှင့် ငါးသားပေါက်များ စိုက်ထည့်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ ပြည်နယ်စိုက်ကြပ်အဖွဲ့များ၊ ပြည်နယ်ငါးဦးစီးမှူးနှင့်ဝန်ထမ်းများက ရေချိုပုစွန်သားပေါက်ကောင်ရေ ၄၀၀၀၊ ငါးခုံးမကြီးသားပေါက်နှင့် ငါးမြစ်ချင်းသားပေါက် ၁၅၀၀၀ ကျော်ကို ဆည်အတွင်းသို့ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်**

# အထက်မင်းလှမြို့တွင် နယ်လှည့်ဆေးကု

**မင်းလှ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ပြေ ဦးဆောင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့ (Mobile Clinic) သည် အောက်တိုဘာ ၃ ရက်က လက်ပံတံခါးဂွင်၊ သပြေပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သပြေပင်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ လူနာ ၃၅၈ ဦးအား အခမဲ့ဆေးကုသပေးပြီး လူနာ ၆ ဦးကို အသေးစားခွဲစိတ်မှုပြုလုပ်ပေးခဲ့ကြောင်း၊ သွေးအားနည်းရောဂါရှင် တစ်ဦးအား မြို့နယ်ဆေးရုံသို့ လာရောက်ဆေးကုသမှုခံယူရန် စီစဉ်ပေးခဲ့ကြောင်းနှင့် အတူလိုက်ပါဆောင်ရွက်သည့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကလည်း ကျေးလက်ပြည်သူများအား HIV, AIDS နှင့် မျိုးဆက်ပွားကျန်းမာရေးပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကိုကြီးစန်း**

# ဂိုဏ်းပေါင်းစုံပဝါရဏာပြုပွဲကျင်းပ သံဃာများအား လှူဖွယ်ပစ္စည်းများလောင်းလှူ

**မြဝတီ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် သံဃနာယကအဖွဲ့နှင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ဦးဆောင်ပြီး သံဃမဟာပဝါရဏာပြုပွဲ၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို အောက်တိုဘာ ၈ ရက်က မြို့ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ကျင်းပသည်။

အဆိုပါပွဲတော်တွင် ခရိုင်အတွင်းရှိ ရပ်ဝေးကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကို ဦးအမှူးပြုသော ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက သာသနာ့ဟိတကာရီဗိမာန် တော်၌ နေ့ဆွမ်းဆက်ကပ်သည်။ ထို့နောက် မွန်းလွဲ ၁ နာရီတွင် ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာ ကျင်းပသည်။

ဆက်လက်၍ ခရိုင်အတွင်းရှိ ကျောင်းတိုက် ၁၉၇ ကျောင်းမှ ဆရာတော် သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း အပါး ၁၅၀၀ ကျော်တို့ကို ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ၊ စေတနာရှင် အလှူရှင်များ၊ လူမှုရေးနှင့်ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ စည်ကား သိုက်မြိုက်စွာ လောင်းလှူခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(iprd)**

**Nice Fare Travel Co., Ltd.၏ "ရွှေမြေအလင်း" ဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေး**

ကုမ္ပဏီသက်တမ်း (၁၀) နှစ်ကျော်အတွင်း Nice Fare Travel ကိုစဉ်ဆက်မပြတ် ဝယ်ယူအားပေးလျှက်ရှိသော ဘိုးဘွားမိဘ ညီအစ်ကို မောင်နှမများ သီတင်းကျွတ်အခါသမယမှာ စိတ်ချမ်းသာကိုယ်ကျန်းမာ၍ ကောင်းကျိုးလိုအင်ဆန္ဒများပြီးပြည့်စုံနိုင်ပါစေ လို့ဆုမွန်ကောင်းတောင်းအပ်ပါသည်။မိဘဘိုးဘွား ညီအစ်ကိုမောင်နှမများ စိတ်ချမ်းမြေ့စွာဗုဒ္ဓဂယာသို့သွားရောက်ဖူးမျှော်နိုင်ရေးအတွက် ၂၀၁၄ အောက်တိုဘာလမှ ၂၀၁၅ဧပြီလကုန်အထိ(၇ညအိပ် ၈ရက်၊၁၁ညအိပ်၁၂ရက်၊ ၁၄ညအိပ် ၁၅ရက် ) ဂယာအသွားအပြန် ခရီးစဉ်များပို့ဆောင်ပေးလျက်ရှိပါသည်။

(၁) ၄- ၁၀ -၂၀၁၄ (ထွက်ခွာပြီး) ၊ (၂) ၁၈ - ၁၀ -၂၀၁၄ (ပြည့်ပြီး) ၊ (၃) ၈ - ၁၁ -၂၀၁၄ (၁၀ယောက်လို)၊ (၄) ၂၉-၁၁-၂၀၁၄ (၂၀ယောက်လို)၊ (၅)၁၀-၁၂-၂၀၁၄ (၁၀ ယောက်လို) ၊ (၆) ၂၀-၁၂-၂၀၁၄ (၂၅ယောက်လို)၊ (၇) ၇-၁-၂၀၁၅ (၁၂ ယောက်လို)၊ (၈) ၇-၀၂-၂၀၁၅ (၂၆ယောက်လို) ၊ (၉) ၁၂ - ၀၂ -၂၀၁၅ (၂၈ယောက်လို)၊ (၁၀)၂၅-၀၂-၂၀၁၅ (၂၅ယောက်လို)၊ (၁၁) ၇-၀၃-၂၀၁၅ (၂၉ယောက်လို)၊ (၁၂) ၁၈-၀၃-၂၀၁၅ (၂၄ယောက်လို) (၁၃)၂၁-၀၃-၂၀၁၅ (၂၈ ယောက်လို) ၊ (၁၄) ၁၂-၀၄ -၂၀၁၅ (၂၉ယောက်လို) ။ Tour Guide အငှားမခေါ်ပါ ၊ ကုမ္ပဏီမှ MD , GM, ဒါရိုက်တာ ,Tour Leader, ကုမ္ပဏီဝန်ထမ်းများကိုယ်တိုင်အနီးကပ်ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိပါသည်၊ ဆက်သွယ်ရန် - ဖုန်း - ၀၉-၅၃၃၃၁၉၈၊ ၀၉-၇၃၂၄၀၃၆၆၊ ၀၁-၂၅၅၆၉၉။

**အမည်ပြောင်း**

ဦးထွန်းထွန်းမင်း၏သား သာကေတမြို့နယ်၊ အထက(၂)၊ ပဉ္စမတန်း(A) မှ မောင်အောင်မင်းပိုင်အား ယနေ့မှစ၍ မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်မြင့်မြတ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇာဒက်ကြီးကျွန်းလမ်း၊ အမှတ် ၇၅၄/က နေ မပိုင်းခင်ခင် ၁၂/ဒဂတ(နိုင်)၀၁၆၈၆၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်မ မပိုင်းခင်ခင် ၁၂/ဒဂတ(နိုင်)၀၁၆၈၆၂ သည် ဦးအောင်အောင် (ခ)ဦးအောင်သန်း ၁၂/ကမတ(နိုင်)၀၀၃၆၃၂ နှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ သို့သော် လွန်ခဲ့သောတစ်နှစ်ခန့်ကပင် ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးအောင်အောင်(ခ) ဦးအောင်သန်း ၁၂/ကမတ(နိုင်)၀၀၃၆၃၂ သည် မိသားစုအား ရှာဖွေကျွေးမွေးရန်အတွက် အလုပ်မလုပ်တော့ဘဲ အရက်သေစာသောက်စားမူးယစ်၍ သားမယားဖြစ်သူ ကျွန်မအား အကြိမ်ကြိမ်ရိုက်နှက်ပြီး စိတ်ရောကိုယ်ပါ စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အပြင် လင့်ဝတ္တရားငါးပါးနှင့်မညီသော ဦးအောင်အောင်(ခ) ဦးအောင်သန်း ၁၂/ ကမတ(နိုင်)၀၀၃၆၃၂ အား အကြင်လင်မယားအဖြစ်မှ ပြတ်စဲလိုက်ပြီဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| ဦးသက်နိုင်ဝင်း | ဒေါ်အေးမို့မို့အောင် | ဒေါ်ပေရယ်စိုး | |
| စဥ်-၃၇၁၄၀ | စဥ်-၃၄၃၉၀ | စဥ်-၃၀၆၀၈ | |
| ဒေါ်မေမေလွင် | ဒေါ်ခင်သွယ်ဝင်း | ဒေါ်သူသူထွန်း | ဒေါ်ပွင့်သူဇာ |
| စဥ်-၄၃၆၃၄ | စဥ်-၄၃၁၄၅ | စဥ်-၄၄၂၀၇ | စဥ်-၄၀၃၈၇ |

အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေးများ

ဖုန်း-၀၉-၇၃၁၆၇၈၁၅၊ ၀၉-၄၂၀၀၈၀၅၁၂

အမှတ် ၃၁၊ မင်းရဲကျော်စွာလမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်

# ရန်ကုန်မြို့၏ ပထမဦးဆုံး စက်လှေကားနှစ်စင်းပါ လူကူးခုံးကျော်တံတား နိုဝင်ဘာလအတွင်း အသုံးပြုသွားလာနိုင်မည်



ရန်ကုန်မြို့၏ ပထမဦးဆုံး စက်လှေကားနှစ်စင်းပါ ပန်းဆိုးတန်းလူကူးခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်နေသည့် ရန်ကုန်မြို့၏ နေ့စဉ်ကူးလူးဆက်သွယ်သွားလာမှု အများဆုံး တစ်နေရာဖြစ်သည့် ပန်းဆိုးတန်းအောက်ဘက် ကမ်းနားလမ်းရှိ ပထမဦးဆုံး စက်လှေကား နှစ်စင်းပါ ပန်းဆိုးတန်းလူကူးခုံးကျော်တံတားကို ယခုလာမည့် နိုဝင်ဘာလအတွင်း ပြည်သူများ သွားလာကူးလူး အသုံးပြုနိုင်မည်ဖြစ်ကြောင်း အဆိုပါတံတားတည်ဆောက်ရေး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယခု ရာခိုင်နှုန်းထက်ဝက်ကျော် တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ပန်းဆိုးတန်းအောက်ဘက် လူကူးခုံးကျော်တံတားသည် ရန်ကုန်မြို့တွင်းရှိ တံတားများထဲတွင် ပထမဦးဆုံး စက်လှေကား အသုံးပြုတပ်ဆင်သည့် လူကူးခုံးကျော်တံတားဖြစ်ပြီး နေ့စဉ် ရန်ကုန်ဘက်ကမ်းနှင့် တစ်ဖက်ကမ်းရှိ ဒလဘက်ခြမ်းဆိပ်ကမ်းတို့ကို ကူးလူးဆက်သွယ်သွားလာသည့် ပြည်သူများ အဓိကအသုံးပြုနိုင်စေရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားကို ယခုနှစ်မတ်လကုန်ပိုင်းမှစတင်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး ဒီဇိုင်းပုံစံမှာ အိမ်နီးချင်း ထိုင်းနိုင်ငံတံတားတည်ဆောက်ရေး ပညာရှင်များ၏ အကူအညီဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလူကူးခုံးကျော်တံတားဟာ ရန်ကုန်မြို့ရဲ့ ပထမဦးဆုံး စက်လှေကားနှစ်စင်းပါတဲ့ လူကူးခုံးကျော်တံတားဖြစ်ပါတယ်။ အထူးသဖြင့် အခုလို စက်လှေကားနှစ်စင်းရည်ရွယ်တပ်ဆင်တာကလည်း တံတားကလည်းမြင့်တော့ သက်ကြီးခရီးသွားပြည်သူတွေအတွက် အဆင်ပြေစေဖို့ အဓိကရည်ရွယ်စဉ်းစားပြီး တပ်ဆင်ပေးတာဖြစ်ပါတယ်"ဟု အဆိုပါတံတားကို တာဝန်ယူတည်ဆောက်ပေးနေသည့် အင်ဂျင်နီယာ ကိုစိုးလင်းက ပြောသည်။

ပန်းဆိုးတန်း အောက်ဘက် လူကူးခုံးကျော်တံတားသည် ရန်ကုန်ဘက်ခြမ်းနှင့် ဒလဘက်ခြမ်းတို့ကို နေ့စဉ် သွားလာကူးလူးဆက်သွယ်နေသည့် ပြည်သူလေးသောင်းဝန်းကျင်ကို လမ်းကူးသွားလာရာတွင် ပိုမိုအဆင်ပြေလွယ်ကူပြီး ယာဉ်အန္တရာယ်ဘေးမှလည်း စိုးရိမ်ပူပန်စရာ ကင်းလွတ်သွားမည်ဖြစ်သည်။ ၎င်းတံတားသည် ပန်းဆိုးတန်းကမ်းနားလမ်းနှင့် ပန်းဆိုးတန်းကမ်းနားလမ်းသစ်တို့ကို ကျော်လွှားတည်ဆောက်ထားသဖြင့် အရှည်ပေ ၂၂၀၊ အမြင့်ပေ ၂၀ (ခြောက်မီတာ)ရှိပြီး အနံမှာ ၁၁ ပေရှိကာ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ ဘေးတစ်ဖက်တစ်ချက်နှင့် အလယ်လမ်းကြောအပါအဝင် လှေကားသုံးစင်း ဆင်းတက်နိုင်စေရန် အသုံးပြုတပ်ဆင်ထားကြောင်း သိရသည်။

"ဒီလူကူးခုံးကျော်တံတားပြီးရင် ကားလမ်းကူးရတာ ကြောက်တဲ့ အဒေါ်တို့တွေအတွက်ကတော့တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ။ ဒီနေရာက ကားလမ်းကလည်း နှစ်ထပ်ကဖြစ်ပြန်၊ လမ်းဆုံလမ်းခွကလည်း ဖြစ်ပြန်ဆိုတော့ ကားလမ်းကူးရတာ အဒေါ်တို့အတွက်ကတော့ အတော့်ကိုဂရုစိုက်ရတယ်။ ပြီးတော့ ဒီလူကူးခုံးကျော်တံတားမှာ စက်လှေကားတွေလည်း ပါတယ်ဆိုတော့ ပိုပြီးအဆင်ပြေသွားတာပေါ့"ဟု ဒလဘက်ကမ်းမှ ရန်ကုန်မြို့သို့ နေ့စဉ်လာရောက်ရောင်းဝယ်ဖောက်ကားမှုပြုနေသည့် ဒေါ်သန်းသန်းက ပြောသည်။

မြန်မာနိုင်ငံ၏ ကုန်စည်စီးဆင်းမှုနှင့် လူနေမှု ထူထပ်များပြားသည့် ရန်ကုန်မြို့ကြီးတွင် ပြည်သူများအတွက် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများကို အစဉ်တစိုက် လုပ်ဆောင်ပေးလျက်ရှိရာ ခေတ်မီလူကူးခုံးကျော်များ တည်ဆောက်ပြီးစီးအသုံးပြုလျက်ရှိသလို လက်ရှိတွင်လည်း မြေနီကုန်းမီးပွိုင့် လူကူးခုံးကျော်တံတား၊ ကမ္ဘာအေးဘုရားအနီး ဂမုန်းပွင့်ရှေ့ရှိ လူကူးခုံးကျော်တံတားနှင့် ခရေပင်လမ်းခွဲရှိ လူကူးခုံးကျော်တံတားတို့ကို ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ပြည်သူများအဆင်ပြေစွာသွားလာနိုင်စေရန် သက်ဆိုင်ရာက အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်း-မောင်စိန်လွင်**



# ရေဆင်းချိုးကြရာမှ လူတစ်ဦးရေနစ်သေဆုံး

**ဖန်းမောက် အောက်တိုဘာ ၁၂**

ကသာခရိုင် ဖန်းမောက်မြို့နယ် ဆင်ကန်ကျေးရွာအနီး ဆင်ကန်ဆည်ရေအိုင်တွင် ရေဆင်းချိုးကြရာမှ လူတစ်ဦးရေနစ်သေဆုံးသွားကြောင်း သိရသည်။ အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ဖန်းမောက်မြို့မရဲစခန်း၏ အရှေ့ဘက် လေးမိုင်ခန့်အကွာ ဆင်ကန်ကျေးရွာအနီး ဆင်ကန်ဆည်ရေအိုင်တွင် လူတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ ရဲအုပ်ကျော်ဇင်ထွန်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

ရေနစ်သေဆုံးသူမှာ ဇော်ဇော်အောင် (၁၈နှစ်) လက်ပွေ့ကျေးရွာ မလှိုင်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူဖြစ်သည်။ အခင်းဖြစ် မွန်းလွဲပိုင်းက သူငယ်ချင်းများဖြစ်ကြသည့် ကျော်ဇင်၊ အောင်ကျော်စိုးတို့နှင့်အတူ ဆင်ကန်ဆည် ရေအိုင်အတွင်းရေဆင်းချိုးကြရာမှ ရေနစ်ပျောက်ဆုံးသွား၍ အနီးပတ်ဝန်းကျင်နေသူများကို အကူအညီတောင်းခံပြီး ဝိုင်းဝန်းရေငုပ်ရှာဖွေကြရာ ဇော်ဇော်အောင်၏ အလောင်းကို တွေ့ရှိရခြင်းဖြစ်သည်။ **ဦးရဲ(ကသာ)**

# ယာဉ်စည်းကမ်းလိုက်နာရေး အသိပညာပေး

**နမ့်ခမ်း အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်တိုက်မှုအန္တရာယ်ကင်းရှင်းမှုရှိစေရန် ဆိုင်ကယ်စီးနင်းမောင်းနှင်သူများကို အောက်တိုဘာ ၁၀ ရက်မှ ၁၂ရက်အထိ စစ်ဆေး၍ အသိပညာပေးဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် အရှိန်နှုန်းမြန်မောင်းနှင်သော ယာဉ်များ၊ ယာဉ်ကြောပြောင်းပြန် မောင်းနှင်သောယာဉ်များ၊ နှစ်ယောက်ထက်ပိုစီးသူများ၊ အသက်မပြည့်ဘဲ ဆိုင်ကယ်စီးနင်းသူများကို ရပ်တန့်စစ်ဆေးပြီး အသိပညာပေးပြောကြားခဲ့သည်။

အမှတ်-၃(နောင်စန့်) ရပ်ကွက်၊ ဆေးရုံကုန်းဆင်းလမ်းဆုံ၊ မြို့မဈေးအနီး ပြည်ထောင်စုလမ်းမကြီး၊ မီးပွိုင့်လမ်းဆုံ၊ အမှတ်-၇(မိုခမ်း)ရပ်ကွက် ပြည်ထောင်စုလမ်းမနှင့် ပန်ပွဲလမ်းဆုံနေရာများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က သုံးရက်အတွင်း ၂၈၉ ဦးကို စစ်ဆေးပညာပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**




## သားလေးမင်းပြည့်စုံသန့်အတွက် မွေးနေ့ဆုတောင်း

* ပန်းကြာပဒုံ၊ ပမာပုံသို့
ဝတ်မှုန်စွင့်ကား၊ ပွင့်ချပ်များနှယ်
ဖေ့သား ပြည့်စုံ မွေးပါစေ။
* ငွေနှင်းကြွေစ၊ ဟေမန္တ၏
မြပုဝါအား ခြုံ၍ထားသို့
မေ့သား ပြည့်စုံ အေးပါစေ။
* **"သင်း၍ထုံပျံ့"**
**"နှင်းငွေ့ခြုံဖြန့်"**
**"မင်းပြည့်စုံသန့်"**
ရနံ့လည်းသင်း၊ အဆင်းရည်မွန်
ထူးချွန်ပညာ၊ မြင့်မြတ်စွာဖြင့်
လူ့ရွာကောင်းကျိုး
သယ်ပိုးနိုင်စေ၊ တောင်းဆုခြွေသည်
ဖေဖေ့ရင်နှစ် သားရွှေစင်။
ဆယ့်ရှစ်နှစ်ပြည့် မွေးနေ့ရှင်။
သက်ဆုံးတိုင်ပင် ထာဝစဉ်။
ချမ်းမြေ့ပျော်ရွှင်ပါစေချင်။

**ဖေဖေ- ဦးမြင့်ထွေး (ဒု-ညွှန်ချုပ်၊ ပြန်ကြားရေး)**
**မေမေ- ဒေါ်မိုးစန္ဒာမြင့်**



## မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

(ဘယ်လောက်ပင်ပန်း အပြုံးမပျက် ခွန်အားရှိသမျှ အကုန်ထုတ်လို့ အိုသည့်တိုင်အောင် တာဝန်ထမ်းတဲ့သူ) အောက်တိုဘာ ၁၃ ရက်မှာ ကျရောက်တဲ့ ချစ်ဖေဖေ ဦးဂုဏ်ထူးထွန်းရဲ့ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီး၊ ချစ်ဇနီးနှင့်အတူ အမျိုးဘာသာ သာသနာအကျိုး သယ်ပိုးရင်း လိုအင်ဆန္ဒများပြည့်ဝကာ အစဉ်ထာဝရ ကျန်းမာပျော်ရွှင်စွာဖြင့် အောင်မြင်မှုခရီးပန်းတိုင်သို့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ချစ်ဇနီး - ဒေါ်ဆွေမွန်ထိုက်**
**ချစ်သမီးကြီး - ရွှန်းလပြည့်ဖြိုး**
**ချစ်သားလေး - ကောင်းခန့်ကို**



သန်းဌေးနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး+ချောင်းသာ(နေ့စဉ်)
✿ တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ (၄) ရက်၊ လှိုင်ကော်။ Nov-4/6
✿ ပုဂံ၊ ပုပ္ပား (၄) ရက်။ ✿ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄) ရက် အားလုံးပါ (၇/၁၀) ရက်။
✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ (၆) ရက်။ Nov-3
✿ ဇလွန်၊ နေပြည်တော်၊ ပြည်၊ အကောက်တောင်၊ နဂါးရစ် (နေ့ချင်းပြန်) (စနေ/တနင်္ဂနွေ)။
✿ မော်လမြိုင်၊ ကျိုက်ခမီ၊ စက်စဲ (ကျိုက်ထီးရိုး)၊ နွားလဘိုတောင် (၂/၃) ရက်။
✿ ဘီးလင်းမဲလံဆံတော်ရှင်၊ ကျိုက်ထီးဆောင်။ ကေလာသဆံတော်ရှင်၊ မြို့ဦး ပရဟိတဂေဟာ (နေ့ချင်းပြန်)။
Oct - 17/24/31, Nov-3/4/6/7/114/21/28 ကြိုတင်လက်မှတ်ရောင်းပြီ။
အမှတ် (၄၂၄)၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။ Ph : 380141, 241863, 09 43043109, 09 73251422



GOLDEN STAR ခရီးသွားလုပ်ငန်း
☆ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
☆ငွေဆောင် (သောကြာ) ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968



## မင်္ဂလာဒုံဥယျာဉ်မြို့တော်နှင့် ရန်ကုန်စက်မှုဇုန်တွင် မြေကွက်ဝယ်ယူထားသူများ သိစေရန်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်နှင့် ရန်ကုန်စက်မှုဇုန်စီမံကိန်းတွင် လျှပ်စစ်မီး၊ ရေ(ဖူးကြီးရေ)၊ တယ်လီဖုန်းစသည်တို့အား ဇေကမ္ဘာကုမ္ပဏီမှ ဆောင်ရွက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝယ်ယူထားသောမြေကွက်ပိုင်ရှင်များအနေဖြင့် ဥယျာဉ်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် (ခြံစည်းရိုးနှင့်အိမ်)များကို စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆောက်လုပ်ကြရန်နှင့် ရန်ကုန်စက်မှုဇုန်(၁၊၂၊၃)တွင်လည်း စက်ရုံများဆောက်လုပ်ကြပါရန် ထပ်မံသတိပေးအပ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိပါက ကုမ္ပဏီမှ ဝယ်ယူစဉ်ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း**
**ဖုန်း-၆၃၉၃၀၃၊ ၆၃၉၃၀၄၊ ၆၃၉၃၀၅၊ ၆၃၉၃၀၆၊ ၆၃၉၃၀၇**



**အမည်ပြောင်း**

အုန်းနဲ့အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်နေမင်းအား ယနေ့မှစ၍ မောင်အောင်နေလင်းဟု ပြောင်းလဲခေါ်ပါရန်။

**အောင်နေလင်း ၇/ကဝန(နိုင်)၁၅၂၅၈၆**



## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ဝေယံမင်း၁၂/စခန(နိုင်)၀၇၆၆၉၀သည် မိဘ၏ ဆိုဆုံးမမှုကို အကြိမ်ကြိမ်နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှအပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးနီထွေး ၁၀/မလမ(နိုင်)၁၆၇၃၈၈၊ ဒေါ်အေးအေးမာ၇/ပခန(နိုင်)၀၉၆၃၇၂

နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

# ဘရာဇီး၊ ပြင်သစ်၊ အာဂျင်တီးနားတို့ရဲ့ ခြေစမ်းပွဲ

ဒီတစ်ပတ်ရဲ့ ကြားရက်ဖြစ်တဲ့ အောက်တိုဘာ ၁၄ ရက်မှာ နိုင်ငံတကာအသင်းတွေရဲ့ ခြေစမ်းပွဲတွေရှိနေပါတယ်။ ကမ္ဘာ့ထိပ်တန်းအသင်းတွေဖြစ်တဲ့ ဘရာဇီး၊ ပြင်သစ်၊ အာဂျင်တီးနားတို့ရဲ့ ပွဲစဉ်တွေက ပရိသတ်တွေအတွက် စောင့် ကြည့်ရမယ့်ပွဲစဉ်တွေဖြစ်ပြီး ဘယ်လိုရလဒ်တွေ ထွက်ပေါ်အောင်စွမ်းဆောင်ကြမလဲဆိုတာ အကဲခတ်ရဦးမှာဖြစ်ပါတယ်။

**ဂျပန်နှင့် ဘရာဇီး**

ဘရာဇီးအတွက် ပြိုင်ဘက်ကောင်းမဟုတ်ပေမယ့် အခုတလောပွဲစဉ်တွေမှာ ဂျပန်တို့ခြေစွမ်းပြနေပါတယ်။ ဂျပန်နဲ့ဘရာဇီးတို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ဘရာဇီးတို့က ဂိုးပြတ်နိုင်ပွဲတွေ ရခဲ့တာချည်းလည်း ဖြစ်ပါတယ်။ တိုက်စစ်အားကောင်းတဲ့ ဘရာဇီးဟာ အခုပွဲမှာ အစဉ်အလာအတိုင်း ဂိုးပြတ်နိုင်ပွဲ ရယူသွားမလားကြည့်ရမှာဖြစ်ပါတယ်။

**အာမေးနီးယားနှင့် ပြင်သစ်**

အာမေးနီးယားအသင်းဟာ ပြင်သစ်နဲ့နောက်ဆုံးသုံးပွဲ ကစားခဲ့ရာမှာတော့ ပွဲတိုင်းရှုံးထားပါတယ်။ ၂၀၁၆ ယူရိုပွဲရဲ့ အိမ်ရှင်ဖြစ်တဲ့ ပြင်သစ်ဟာ ပွဲတိုင်းအလေးထားကစားနေတာမို့ အကောင်းဆုံးပြင်ဆင်မှုတွေနဲ့အတူ အာမေးနီးယားကို ဂိုးပြတ်သွင်းအနိုင်ယူဖို့ ကြိုးစားမှာဖြစ်ပါတယ်။

**တောင်ကိုရီးယားနှင့် ကော်စတာရီကာ**

တောင်ကိုရီးယားတို့ အိမ်ရှင်ဖြစ်ပေမယ့် ကော်စတာရီကာကို ဖိအားပေးကစားနိုင်ဖို့မလွယ်ပါဘူး။ ကော်စတာရီကာနဲ့ တောင်ကိုရီးယားတို့ နောက်ဆုံးသုံးပွဲဆုံတွေ့တဲ့ ရလဒ်တွေကိုကြည့်ရင် ကော်စတာရီကာတို့က နှစ်ပွဲနိုင်ပြီး တောင်ကိုရီးယားတို့က တစ်ပွဲနိုင်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်း တက်ရိပ်ပြနေတဲ့ ကော်စတာရီကာတို့ပဲ မျက်နှာပန်းလှမယ့် အခြေအနေရှိပါတယ်။

**ဟောင်ကောင်နှင့် အာဂျင်တီးနား**

ခြေအဆင့်အတန်းကွာခြားနေတဲ့ ဟောင်ကောင်တို့ အနိုင်၊ အရှုံးရလဒ်ထက် အာဂျင်တီးနားတို့ရဲ့ ဘောလုံးပညာကိုသာ ရယူနိုင်မယ့် အနေအထားဖြစ်ပါတယ်။ အာဂျင်တီးနားဟာ အသင်းလိုက်ကစားပုံကောင်းကောင်းနဲ့ ဟောင်ကောင်ကို ဘောလုံးပညာဖြန့်ဝေပေးပါလိမ့်မယ်။

**ချီလီနှင့် ဘိုလီးဗီးယား**

ဒီနှစ်သင်း ဆုံတွေ့မှုတိုင်းမှာ ဘိုလီးဗီးယားတို့ရှုံးပွဲတွေချည်းကြုံတွေ့ခဲ့ရပါတယ်။ ချီလီအသင်းဟာ ပြိုင်ဘက်တွေကို အဝင်အထွက်ရဲရဲနဲ့ ကစားလေ့ရှိတာမို့ ဘိုလီးဗီးယားတို့ တန်ပြန်တိုက်စစ်နဲ့ ခံစစ်ပိုင်းကိုပဲ အာရုံပြုရမှာဖြစ်ပါတယ်။ ချီလီတို့ပဲ အသာစီးရပါလိမ့်မယ်။

**အိုမန်နှင့် ဥရုဂွေး**

အိုမန်ဟာ တောင်အမေရိကရဲ့ ဥရုဂွေးကို ဖိအားပေးကစားနိုင်ဖို့ အနေအထားမရှိပါဘူး။ ဥရုဂွေးဟာ ခြေစမ်းပွဲလောလောဆယ် နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရထားပါတယ်။ ဒါပေမယ့် ဥရုဂွေးရဲ့ လက်ရှိခြေစွမ်းက အားရစရာ မရှိတာမို့ ဒီပွဲမှာ အိုမန်တို့ကို အနိုင်ယူမှာ သေချာပေမယ့် ဂိုးတော့မပြတ်နိုင်ပါဘူး။

**မိုးမြင့်လင်းလက်**

# ဂျာမနီပထမဆုံးအကြိမ် ရှုံးပွဲကြုံ

ယူရို ၂၀၁၆ ခြေစစ်ပွဲတွင်ပိုလန်က ကမ္ဘာ့ချန်ပီယံ ဂျာမနီကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သည်။ ဂျာမနီအသင်းသည် လွန်ခဲ့သည့် ၁၉ ပွဲအတွင်းတွင် ပထမဆုံးရှုံးပွဲကြုံခဲ့သည်။ ပိုလန်အတွက် မီလစ်က ပွဲချိန် ၅၁ မိနစ်တွင် ခေါင်းတိုက်ဂိုးမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ဆီဗက်စတီးယန်းမီလာက ပွဲချိန် ၈၈ မိနစ်တွင် သွင်းယူခဲ့သည်။ ပိုလန်အသင်းသည် ဂျာမနီအသင်း ကို အနိုင်မရမီက ယခင် ၃၃ ပွဲတွင် အနိုင်မရခဲ့ဟုဆိုသည်။

၂၀၀၇ ခုနှစ်အထိ ပိုလန်အသင်းသည် ခြေစစ်ပွဲများအတွင်း အနိုင်မရခဲ့ဟုဆိုသည်။ ပိုလန်က အိုင်ယာလန်နှင့်ဂိုးကွာခြားချက်ဖြင့် အုပ်စုကို ဦးဆောင်လာသည်။ ပိုလန်က အင်္ဂါနေ့တွင် စကော့တလန်ကို အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်သည်။

# ရော်ဘီကိန်း ၁၈ မိနစ်အတွင်း ဟက်ထရစ်သွင်း

အိုင်ယာလန်နှင့်ဂျီဘရော်တာအသင်းတို့ ယူရို ၂၀၁၆ ခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ အိုင်ယာလန်က ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ရော်ဘီကိန်းက ၁၈ မိနစ်အတွင်း ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဂျိမ်းမက်ကလင်းကလည်း အိုင်ယာလန်အတွက် နှစ်ဂိုးသွင်းခဲ့သည်။

ဂျီဘရော်တာဂိုးသမား လီယက်စ်ကလည်း တစ်ဂိုး ကိုယ့်ဂိုးကိုယ် ပြန်သွင်းခဲ့သည်။ ဟော်လာဟမ်းက အိုင်ယာလန်အတွက် သတ္တမမြောက်ဂိုးသွင်းခဲ့သည်။ ဂျီဘရော်တာအသင်းသည် ပြီးခဲ့သည့်လက ပိုလန်ကိုလည်း ခုနစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## နိုင်ငံတကာ ပွဲစဉ်များနှင့် ဂိုးရလဒ်များ (သီဟ)

**ယူရိုဖလား အုပ်စု(က) — အောက်တိုဘာ ၁၃/၁၄**

| | | | |
|---|---|---|---|
| ကာဇက်စတန် | - | ချက်ဇ် | ည ၁၀း၃၀ |
| အိုက်စလန် | - | နယ်သာလန် | နံနက် ၁း၁၅ |
| လတ်ဗီးယား | - | တူရကီ | နံနက် ၁း၁၅ |

**ယူရိုဖလား အုပ်စု(ခ) — အောက်တိုဘာ ၁၃/၁၄**

| | | | |
|---|---|---|---|
| အင်ဒိုရာ | - | အစ္စရေး | နံနက် ၁း၁၅ |
| ဘော့စနီးယား | - | ဘယ်လ်ဂျီယံ | နံနက် ၁း၁၅ |
| ဝေလ | - | ဆိုက်ပရပ်စ် | နံနက် ၁း၁၅ |

**ယူရိုဖလား အုပ်စု(ဇ) — အောက်တိုဘာ ၁၄**

| | | | |
|---|---|---|---|
| ခရိုအေးရှား | - | အဇာဘိုင်ဂျန် | နံနက် ၁း၁၅ |
| မော်လ်တာ | - | အီတလီ | နံနက် ၁း၁၅ |
| နော်ဝေ | - | ဘူလ်ဂေးရီးယား | နံနက် ၁း၁၅ |

**နိုင်ငံတကာခြေစမ်းပွဲစဉ်များ — အောက်တိုဘာ ၁၃/၁၄**

| | | | |
|---|---|---|---|
| အိုမန် | - | ဥရုဂွေး | ည ၉း၀၀ |
| မော်ရိုကို | - | ကင်ညာ | နံနက် ၁း၃၀ |

### အောက်တိုဘာ ၁၁/၁၂ ဂိုးရလဒ်များ

**ယူရိုဖလားရလဒ်များ**

| | | |
|---|---|---|
| စကော့တလန် | ၁-၀ | ဂျော်ဂျီယာ |
| ရိုမေးနီးယား | ၁-၁ | ဟန်ဂေရီ |
| ဖင်လန် | ၁-၁ | ဂရိ |
| မြောက်အိုင်ယာလန် | ၂-၀ | ဖာရိုကျွန်းစု |
| အာမေးနီးယား | ၁-၁ | ဆားဗီးယား |
| အယ်လ်ဘေးနီးယား | ၁-၁ | ဒိန်းမတ် |

**နိုင်ငံခြေစမ်းရလဒ်များ**

| | | |
|---|---|---|
| အမေရိကန် | ၁-၁ | အီကွေဒေါ |
| ချီလီ | ၃-၀ | ပီရူး |
| ကိုလံဘီယာ | ၃-၀ | ဆာဗက်ဒါ |
| ဘရာဇီး | ၂-၀ | အာဂျင်တီးနား |
| ပြင်သစ် | ၂-၀ | ပေါ်တူဂီ |


# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

၁၂-၁၀-၂၀၁၄ ရက်တွင် Sedona Hotel ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပါယ်ပန်းကုံးအား သိဒ္ဓိတင်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းနှင့် ဇနီးဒေါ်အေးအေး၊ မင်္ဂလာရွှေကြိုးဆင်မြန်းပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်နှင့်ဇနီးဒေါ်ခင်သန့်စင်၊ လူကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းပို့ပေးပါသော နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာပွဲသို့ တက်ရောက်ပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ(၁) ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ နိုင်ငံတော်ဒုတိယသမ္မတ(၂)ဦးဉာဏ်ထွန်း၏ဇနီးဒေါ်ခင်အေးမြင့်၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပို့ပေးပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံး၊ မင်္ဂလာဧည့်ခံပွဲသို့တက်ရောက်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ UMFCCI ဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်မှ အငြိမ်းစားအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ကြီးအငြိမ်းစားများနှင့်၎င်းတို့၏ဇနီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်တော်များ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့အသီးသီးမှ မိတ်ဆွေများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော မဟေမာနေဝင်းနှင့် ဒေါက်တာသိန်းမြင့်သန်း တေးဂီတအဖွဲ့၊ တေးသီချင်းများသီဆိုပေးပါသော အကယ်ဒမီရန်အောင်၊ အကယ်ဒမီမေသန်းနုနှင့် နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာရေ့ဆောင်လမ်းပြပေးပါသော သမီးငယ်မရတနာစိုး၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ယုသန္တာတင်၊ မင်္ဂလာပန်းကလပ်ကိုင်ဆောင်ပေးပါသော မသီရိစိုးမင်းအေး၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာရွှေကြိုးသယ်ဆောင်ပေးပါသော မပန်းအိခ်ဇော်၊ သတို့သားအရံ မောင်ကောင်းကျော်စံနှင့် မောင်ရှိုင်းကေ၊ သတို့သမီးအရံ မဇင်နွယ်လင်းနှင့် မကေခိုင်ဇော်၊ သတို့သမီးမိတ်ကပ်၊ ဆံပင်နှင့်ဝတ်စုံ မိုးကုတ်ပေါက်ပေါက်၊ မင်္ဂလာအရံဝတ်စုံ ဒီဇိုင်နာမျိုးမင်းစိုး၊ မင်္ဂလာအရံဆံပင်၊ မိတ်ကပ်-ကျော်မိုးနှင့်အဖွဲ့၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးပါသော ကိုတင်အောင်၊ မစံပါယ်ထွန်း (Best Jewellery)၊ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး၊ Pre-wedding ဓာတ်ပုံများရိုက်ကူးပေးပါသော ကိုနိုင်နိုင်ထွန်း၊ ပန်းအလှဆင် အန်တီနီလာ (Eternal Floral)၊ Model များ ကူညီပေးပါသော ဦးချိုကြီး (Royal Stars Event Planner Group)၊ အစစအရာရာကူညီပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအစမှအဆုံး လှပအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အသေးစိတ်စီစဉ်ပေးပါသော အန်တီမြတ်မြတ်ဦး၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာဖိတ်စာများအား စီစဉ်ပေးပါသော ကိုရဲကံဇော်နှင့် ဇနီး မမေဖြိုးထွန်း (VIRIYA-Luxury)၊ အချိန်နှင့်တစ်ပြေးညီ စိတ်တိုင်းကျရိုက်နှိပ်ပေးပါသော မစု(ဒဂုံပုံနှိပ်တိုက်)၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပေးပါသော Sedona Hotel မှ မလီလီနှင့်ဝန်ထမ်းများ၊ ကားရပ်နားရာနှင့် ထိုင်ခုံနေရာအခက်အခဲများ လိုအပ်ချက်တစ်စုံတစ်ရာရှိခဲ့ပါက နားလည်ပေးကြပါရန် မေတ္တာရပ်ခံရင်း ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မော်ကွန်းမှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်စည်သူ-မပိုးအိမင်းအေး**

# မိတ္ထီလာမြို့ အောင်ဆန်းဓာတ်အားခွဲရုံသစ်တည်ဆောက်ပြီးစီး၍ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**မိတ္ထီလာ အောက်တိုဘာ ၁၂**

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်တွင် ၃၃ /၁၁ ကေဗွီ(၁၀)အမ်ဗွီအေ အောင်ဆန်း ဓာတ်အားခွဲရုံသစ်ကို တည်ဆောက်ပြီးစီးသွားပြီ ဖြစ်ရာ အနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်၊ကျေးရွာများနှင့်စက်ရုံအလုပ်ရုံ၊ ဆေးရုံ စသည်များသို့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇေထံမှ သိရသည်။ **(ယာပုံ)**



"၃၃ / ၁၁ကေဗွီ(၁၀)အမ်ဗွီအေ အောင်ဆန်းဓာတ်အားခွဲရုံသစ်ကို စက်တင်ဘာလအတွင်းက တည်ဆောက်ပြီးစီးသွားပြီး အခုအောက်တိုဘာလဆန်းပိုင်းမှ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါပြီ။ နဂါးရုံဖီဒါ၊ မြတ်နိုးသူဖီဒါ၊ ညောင်လွန့်ဖီဒါ၊ ရွှေစစ်သည် ဖီဒါလေးခုခွဲထားပြီး အောင်ဆန်းရပ်ကွက်၊ ခရိုင်ပြည်သူ့ဆေးရုံ၊ မိတ္ထီလာ တက္ကသိုလ်၊ စက်မှုလယ်ယာအလုပ်ရုံ၊ စက်မှုလယ်ယာသင်တန်းကျောင်း၊ ဗဟိုပို့ဆက်သွယ်ရေးသင်တန်းကျောင်း၊ ပညာရေးကောလိပ်၊ ရွှေစစ်သည်၊ ဆည်ကုန်း၊ ကြာအင်းစတဲ့ ရပ်ကွက် ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံနဲ့ တက္ကသိုလ်၊ ကောလိပ်တွေကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေပါတယ်။ ဆက်လက်ပြီးတော့ အောင်ဆန်းဓာတ်အားခွဲရုံနဲ့ နှစ်မိုင်ပတ်လည်အတွင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားမရရှိသေးတဲ့ ရပ်ကွက်၊ ကျေးရွာတွေကိုလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားဖို့ စီစဉ်နေပါတယ်"ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇေက ပြောသည်။

၃၃ /၁၁ကေဗွီ (၁၀)အမ်ဗွီအေ အောင်ဆန်း ဓာတ်အားခွဲရုံသစ်အနီးပတ်ဝန်းကျင်ရှိရပ်ကွက်၊ ကျေးရွာနှင့် လျှပ်စစ်မီးလိုအပ်သည့် နေရာဌာနများ လျှပ်စစ်ဓာတ်အားပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ယခင်ကအဆိုပါနေရာများသို့ ဓာတ်အားဖြန့်ဖြူးပေးသည့် ဝန်ဇင်းဓာတ်အားခွဲရုံမှ တစ်ဆင့် ဓာတ်အားလိုင်းနှင့်ချိတ်ကာ ဓာတ်အားခွဲရုံသစ်ကို တည်ဆောက်ခြင်းဖြစ်သည်။ အသစ်တည်ဆောက်ပြီးစီးသည့် အောင်ဆန်းဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်တိုဘာ ၃ ရက်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးလှထွန်းတို့ လာရောက်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**မြစ်ကြီးနား အောက်တိုဘာ ၁၂**

အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း ဘဝတွက်တာကျွမ်းကျင်စရာ မွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၉ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာတက်ရောက်အမှာစကားပြောကြားသည်။သင်တန်းသို့ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ နန်းယွန်းမြို့နယ်တို့မှ ဆရာ ဆရာမ စုစုပေါင်း ၄၅၉ ဦး တက်ရောက်ကြသည်။ **(ဝ၆၂)**

## ဝါခရူမြို့ဟောင်းသုတေသနစာတမ်းဖတ်ပွဲ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**သံဖြူဇရပ် အောက်တိုဘာ ၁၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ရှေးမွန်မြို့ဟောင်းဖြစ်သည့် ဝါခရူမြို့ဟောင်း၏ အချက်အလက်များနှင့် စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထားများ ဖော်ထုတ်နိုင်ရေးအတွက် သုတေသနစာတမ်းဖတ်ပွဲ ပြုလုပ်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက သံဖြူဇရပ် အထက(၁) ရွှေရတုစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက ဝါခရူမြို့ဟောင်းသည် ရှေးမွန်မင်းလက်ထက်က မြို့တည်နန်းတည်နေရာအဖြစ် သံဖြူဇရပ်မြို့နှင့် နှစ်မိုင်ခန့်ဝေးသော ဝါခရူကျေးရွာနယ်မြေအတွင်း၌ မြေပြင်တွင် ယနေ့တိုင် အထင်အရှားရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါ ဝါခရူမြို့ဟောင်းဆိုင်ရာ ခိုင်လုံသော အချက်အလက်များကို နိုင်ငံတကာက သိရှိနိုင်ရေးနှင့် ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များဆောင်ရွက်နိုင်ရေးကို ဆွေးနွေးခဲ့သည်။

သံဖြူဇရပ်မြို့နယ် ဝါခရူမြို့ဟောင်း သုတေသနစာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် သံဖြူဇရပ် အထက(၂)ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး သုတေသီ ပညာရှင်များမှပါဝင်၍ စာတမ်းများ ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ပြည်တွင်းသတင်းနှင့် ဆောင်းပါး**

## သန့်ရှင်းသော သောက်သုံးရေရရှိ

**ကလေး အောက်တိုဘာ ၁၂**

ကလေးမြို့နယ် ကံဦးကျေးရွာ ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၆၃ သိန်းအကုန်အကျခံလျက် စက်ရေတွင်းတူးဖော်မှုပြီးစီး၍ သန့်ရှင်းသော သောက်သုံးရေရရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သန့်ရှင်းသော သောက်သုံးရေ တူးဖော်ခြင်းလုပ်ငန်းကို အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဝင်းရှေ့ ရွာလယ်လမ်းမဘေးတွင် ရွာလုံးကျွတ်အသုံးပြုရန်အတွက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အနက် ၂၃၅ ပေအထိ စက်ရေတွင်းဖြင့် တာဝန်ယူတူးဖော်ပေးနေခြင်းဖြစ်သည်။

ကံဦးကျေးရွာသည် အလွန်ရေရှားပါးသည့် ကျေးရွာဖြစ်ပြီး သောက်သုံးရေအတွက် ရွာဘေးချောင်းမှရေကို အိုးဖြင့်ရွက်ကာ သယ်ယူအသုံးပြုကြသည်မှာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ သန့်ရှင်းသော သောက်သုံးရေကို ရွာအတွင်းတွင် ဖူလုံစွာအသုံးပြုနိုင်ပြီဖြစ်သည့်အတွက် ရွာသားအားလုံး အလွန်ဝမ်းမြောက်လျက်ရှိကြကြောင်း ကျေးရွာတာဝန်ခံ ဦးရဲထွဋ်က ပြောသည်။

ကံဦးကျေးရွာအတွက် သန့်ရှင်းသော သောက်သုံးရေ တူးဖော်အောင်မြင်မှုကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကျေးရွာတာဝန်ခံ၊ ရပ်မိရပ်ဖများနှင့်အတူ အောက်တိုဘာ ၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

**ဂျူနိုင်း**

## အေးရိပ်ငြိမ်သူနာပြုနှင့် သားဖွားဆောင်သစ်ဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ကူညီပူးပေါင်းဆောင်ရွက်ပေးမှုဖြင့် အလှူရှင်Mr. Nishiyama Katashl က လှူဒါန်းသော သူနာပြုနှင့် သားဖွားဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၄)ရပ်ကွက် စက်မှုဇုန်(၁)လမ်းရှိ သူနာပြုအေးရိပ်ငြိမ်ဝင်းအတွင်းရှိ အဆိုပါ အဆောက်အအုံရှေ့ ဥပစာ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ Prof:Shigeru Okada၊ အလှူရှင်ကိုယ်စား Mr.Takemoto Ichiro နှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာနန်းထွမ်းလှတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလှူရှင်ကိုယ်စား Mr.Takemoto Ichiro က လှူဒါန်းရခြင်းရည်ရွယ်ချက်များနှင့် အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မော်တော်ယာဉ်အရှိန်လွန်တိမ်းမှောက်

**ပန်းတောင်း အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ရွှေဘုံသာစေတီတော်မြတ်ကြီးသို့ ဘုရားဖူးရန် ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီး အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီခန့်က အရှိန်လွန် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းကြောင့် ဘုရားဖူးခရီးသည် ၂၀ ဒဏ်ရာရရှိခဲ့၍ ယာဉ်မောင်းစိုးဝင်းကို ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၅၆၁၈ AMA Mandalar, Jeep (4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၇/တငန(နိုင်)၀၀၀၁၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ဃ/၇၄၆၁၁ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်မျိုးနိုင် ၅/ရဘန(နိုင်)၁၄၅၇၃၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ဃ/၄၅၁၁၆ Yinxiang 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်လှိုင် ၉/မရတ(နိုင်)၁၃၀၁၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ဃ/၅၉၅၃၉ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေနွယ်စိုး ၅/အတန(နိုင်)၀၆၄၈၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ဃ/၈၃၆၉၁၊ Sumbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစန္ဒာဌေး ၁၃/ကမန(နိုင်)၀၇၇၁၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ဃ/၃၃၃၂၆ Honda click 120, MC ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၉/ခအဇ(နိုင်)၀၁၄၇၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၄ဃ/၄၇၉၈၃ Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြတ်သူ ၉/ပသက(နိုင်)၁၃၉၁၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ဃ/၈၅၆၅၇ Loncin LC 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသန္တာသန်း ၉/ခအဇ(နိုင်)၀၀၂၂၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ဃ/၅၀၅၆၇၊ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ အရှင်စန္ဒာဝရ ၉/မကန(သ)၀၀၀၆၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(G)မှမစိုးအိစပယ်၏ ဖခင်အမည်မှန်မှ ဦးစိန်ထွန်းဦး ၅/တဆန(နိုင်)၀၈၀၇၀၅ ဖြစ်ပါသည်။

**ဦးစိန်ထွန်းဦး**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မပပအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၅/ တဆန(နိုင်)၀၈၈၆၀၂ ဖြစ်ပါသည်။

**ဦးအောင်မြင့်**

**ဖခင် အမည်မှန်**

တန့်ဆည်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မအေးမြမွန် ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆွေ ၅/တဆန(နိုင်) ၀၅၁၉၁၃ ဖြစ်ပါသည်။

**ဦးမောင်ဆွေ**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်၊ နယ်မြေ ၁၄၊ ရတနာလမ်း၊ အိမ်အမှတ် ၁၃၉နေ ကွယ်လွန်သူ ဦးမြင့်ဇော်၊ ကွယ်လွန်သူ ဒေါ်အောင်သန်းတင်တို့၏သား မောင်ဇေယျာလင်း ၈/စလန(နိုင်) ၁၂၀၀၉၇သည် မိဘတို့၏ ဆိုဆုံးမမှုကို နာယူခြင်းမရှိသည့်အပြင် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမြင့်ဇော် ၉/မထလ(နိုင်)၁၂၈၈၄၇**
**ဒေါ်အောင်သန်းတင် ၉/မထလ(နိုင်)၁၂၈၈၄၉**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဃ/၃၈၁၄၃၊ ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းစိုး ၇/တငန(နိုင်) ၁၆၃၉၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၄၀ဃ/၃၉၁၀၈၊ yunde CZ-i 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသန်းနု ၁၁/စတန(နိုင်)၀၉၅၄၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ကျောက်တန်းမြို့နယ်၌ ဒီရေမြင့်တက်မှုကြောင့် တာပေါင်ကျိုးပေါက်မှု ပြန်လည်ပြုပြင်ပြီးစီး



**ကျောက်တန်း အောက်တိုဘာ ၁၂**

ကျောက်တန်းမြို့နယ် မီးပြကျေးရွာ မြသီတာရပ်ကွက်ရှိ ကမာဖရုံချောင်းတွင် အောက်တိုဘာ ၉ ရက် နံနက် ၃ နာရီခွဲက ဒီရေများတိုးမြင့်ခဲ့သဖြင့် ဒီရေကာထားသော တာပေါင်များကျိုးပေါက်ခဲ့သည်။

ယင်းကဲ့သို့ ဒီရေမြင့်တက်ခဲ့ရာ မီးပြကျေးရွာမြောက်ဘက်တွင် ဒီရေကာထားသော အကျယ်လေးပေ၊ အမြင့် ၁၂ ပေခန့်ရှိ တာပေါင်မှ အရှည် ၁၅ ပေခန့်နှင့် ရွှေသန်လျင်ရပ်ကွက်၊ မြောက်ဘက်တွင် အကျယ်လေးပေ၊ အမြင့် ငါး ပေခန့်ရှိ တာပေါင်မှ အရှည် ရှစ်ပေခန့်တို့မှာ ကျိုးပေါက်သွားခဲ့ကြောင်း၊ ထိုသို့တာပေါင်ကျိုးပေါက်ခဲ့သဖြင့် မြသီတာရပ်ကွက်နှင့် ကန်ချောင်းရပ်ကွက်တို့အတွင်း ရေအမြင့်ခြောက်လက်မခန့်ထိ ဒီရေများဝင်ရောက်ခဲ့ပြီး နံနက် ၅ နာရီခန့်တွင် ပြန်လည်ကျဆင်းသွားကြောင်း၊ ဒီရေဝင်ရောက်မှုကြောင့် လူ၊တိရစ္ဆာန် နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု မရှိကြောင်းသိရသည်။

အဆိုပါ တာပေါင်ကျိုးပေါက်ခဲ့သည့်နေရာများကို နံနက် ၆ နာရီခွဲမှ စတင်၍ ကျေးရွာနေပြည်သူများနှင့် ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မြေဖို့ ပြုပြင်ခြင်းများဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ် တွင် ပြီးဆုံးခဲ့ကြောင်းသိရသည်။ **(ယာပုံ)**

**တင်လှမောင်**

# စုစုပေါင်းကျပ်သိန်း ၁၃၀ကျော် ခိုးမှုနှစ်မှု ရဲတပ်ဖွဲ့က ဖော်ထုတ်



**လှည်းကူး အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ရွှေထည်ပစ္စည်းနှင့်ငွေ စုစုပေါင်း ၈၉ သိန်းကျော် ပျောက်ဆုံးခဲ့သည့် လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာတွင်ဖြစ်ပွားခဲ့သော လှည်းကူးမြို့မ ရဲစခန်းက ပြစ်မှုကျူးလွန်သူ ခိုးမှုပြစ်ချက်ဟောင်းရှိ မြဝင်း(ခ) မြင့်အေးကရင် (၄၇ နှစ်) လှည်းဆိပ်တူးမြောင်းကျေးရွာ အိမ်မဲမြို့နယ်နေသူအား စက်တင်ဘာ ၁၀ ရက်က ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာအတွင်း ကျူးလွန်ခဲ့သော ရွှေထည်ပစ္စည်းနှင့်ငွေ စုစုပေါင်း ၄၃ သိန်းကျော် ပျောက်ဆုံးခဲ့သည့် အမှုအား လှည်းကူးမြို့မရဲစခန်းက ထပ်မံစစ်ဆေးဖော်ထုတ်ရရှိခဲ့ပြီး သက်သေခံပစ္စည်းရွှေထည်များအား ၎င်းရောင်းချခဲ့သည့် ထောက်ကြန့်မြို့ ရတနာဈေးအတွင်းရှိ ရွှေဆိုင်မှ ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မိုးကို(သစ်တော)**

# သမဆယ်ချောင်းမအတွင်း အဆိပ်ချငါးဖမ်းဆီးသူများကို ဒေသခံများကဝိုင်းဝန်းတားဆီး

**ရေတာရှည် အောက်တိုဘာ ၁၂**

တရားမဝင်နည်းလမ်းများ အသုံးပြုကာ ငါးဖမ်းဆီးမှုကြောင့် သားငါး သယံဇာတ လျော့နည်းလျက်ရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများကမကြာခဏ ဖမ်းဆီးမှုများရှိသော်လည်း ရှော့ခ်တိုက်ငါးဖမ်းခြင်းနှင့် အဆိပ်ချငါးဖမ်းခြင်းတို့မှာ ရှိနေဆဲဖြစ်ကြောင်း ကျေးလက်ဒေသခံများက ပြောပြသည်။

အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းက ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု သမဆယ်ကျေးရွာ (မြောက်ဘက်)ရှိ သမဆယ်ချောင်းအတွင်း၌ ဆိုင်ကယ်များဖြင့် လာရောက်၍ ကွန်ပစ်သူခြောက်ဦးခန့် ရောက်ရှိနေသည်ကို ရွာခံများက တွေ့ရှိခဲ့ပြီးနောက် ချောင်းအတွင်း သွားကြည့်သည့်အခါ ပိုးသတ်ဆေးအနံ့များရကာ ချောင်းအတွင်းရှိ ငါးများမှာ လူးလွန့်သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကျေးရွာဒေသခံများ၏ ပြောဆိုမှုကြောင့် အဆိုပါကွန်ပစ်သူများမှာ ချောင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

"အရင်ကလည်း ဒီလိုပဲနှစ်ခါလောက်ဆေးချပြီးပြီ။ ကိုယ့်ရွာက ကျွဲ၊ နွားတွေဆိုလည်း သောက်ရေ/ချိုးရေ ဒီချောင်းကိုပဲ အသုံးပြုရတာ။ မီးဖိုချောင်အတွက် ဟင်းစားလေးလိုရင်တောင် ကွန်လေးဆွဲပြီးထွက်သွားရင် ခဏနေတစ်ခါချက်ရတယ်"ဟု သမဆယ်ကျေးရွာနေ ဦးအေးငွေက ပြောပြသည်။ တရားမဝင်ရှော့ခ်တိုက်ငါးဖမ်းခြင်းနှင့် အဆိပ်ချငါးဖမ်းခြင်းတို့ကို ကျေးလက်ဒေသများတွင် သားငါးရှားပါးခြင်းကြောင့် လက်ခံခြင်းမရှိတော့ကြောင်း တွေ့ရှိရသည်။

"တရားမဝင် ငါးဖမ်းဆီးတာကို တာဝန်ရှိသူတွေအနေနဲ့ ထိထိရောက်ရောက် အရေးယူသင့်တယ်။ ကြပ်မတ် စစ်ဆေးမှုတွေကိုလည်း အခါမလပ်လုပ်သင့်ပါတယ်"ဟု ၎င်းကျေးရွာနေရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# အရာထမ်းစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၁၂**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၇ နာရီခွဲက နဝရတ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးအောင်တင်စိုးတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၇၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# စားသုံးသူအကာအကွယ်ပေးရေး ဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၂**

စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး သာကေတစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ကျင်းပရာ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးညွှန်ကြားရေးမှူး ဦးဝင်းတင့်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေး အသင်းမှ တာဝန်ရှိသူတစ်ဦးက ထုတ်လုပ်သည့်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရန်နှင့်စည်းမျဉ်းစည်းကမ်းများအတိုင်း ဈေးကွက်တွင် အာမခံချက်ဖြင့် ရောင်းချနိုင်အောင် ဆောင်ရွက်ရန်ကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် အဆိုပါအဖွဲ့သည် သာကေတစက်မှုဇုန်ရှိ ကောင်းစံ ခေါက်ဆွဲ စက်ရုံ၊ စံစားသောက်ကုန်လုပ်ငန်း စက်ရုံ၊ မြန်မာဗီနီကာစက်ရုံများသို့ သွားရောက်၍စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်သည်များကို အသိပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဥပဒေအရာရှိ (အငြိမ်းစား)များအား ဖိတ်မန္တကပြုပါသည်

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေထိုင်ကြသည့် ဥပဒေအရာရှိ(အငြိမ်းစား)များ ပြန်လည်တွေ့ဆုံ၍ နံနက်စာ သုံးဆောင်နိုင်ရန် ၂-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀နာရီ ရှေ့နေချုပ်ရုံးဓမ္မာရုံ (ဗဟန်း ၂ လမ်းထိပ်သို့) ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဦးဟန်ထူး(အငြိမ်းစားဥပဒေအရာရှိ)**
**[အငြိမ်းစားဥပဒေအရာရှိများ ပြန်လည်တွေ့ဆုံလိုသူများ၏ကိုယ်စား]**

## ကမ္ဘောဇသာသနာ့ဗိမာန်နှင့် တောင်ကြီးအသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက်မဟာဘုံကထိန်ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘောဇသာသနာ့ဗိမာန်မိသားစုနှင့် တောင်ကြီးအသင်း(ရန်ကုန်)မိသားစုတို့၏ (၁၇)ကြိမ်မြောက် မဟာဘုံကထိန်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် ရှမ်းပြည်နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၉-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၀၉း၀၀ နာရီ
**ကျင်းပမည့်နေရာ** - ကမ္ဘောဇသာသနာ့ဗိမာန်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်

ကထိန်ရကျောင်းအပါအဝင် ပင့်သံဃာ(၂၅)ပါးတို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းလိုသော အလှူ့ရှင်များ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဖုန်း-၀၁-၃၈၁၄၃၉၊ ၀၉-၈၆၁၃၁၅၇၊ ၀၉-၈၆၃၅၃၅၇၊ ၀၉-၂၅၀၀၀၉၃၁၀၊ ၀၉-၇၃၀၃၉၄၈၇**

## ကိုးကွယ်ရာဘာသာကြီးများမှ ဘာသာဝင်လူများစွာတို့အတွက်

**မင်းနန်စာစဉ်(၂)**

**လူတို့၏စရိုက်နှင့် ကမ္ဘာ့ဌာန်း**

**မင်းနန်(သက်ပုန်း) ဖုန်း-၀၉-၄၂၁၇၅၉၈၂၂**

**ဖြန့်ချိရေး-**
**တင်တင်အေးစာပေ၊ ရွှေတိဂုံ၊ ရန်ကုန် ဖုန်း-၀၁-၅၄၈၀၃၇**
**သုခမိန်စာပေ၊ လမ်းမကြီး၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၄၁၇၄**
**အနန္တမေတ္တာဆိုင်၊ ကမ်းနားလမ်း၊ မင်းပြားမြို့၊ ဖုန်း-၀၉-၄၉၆၇၀၅၀၉**

## အမည်ပြောင်း

ဦးစိန်ထွန်း၏သား တန့်ဆည်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(F)မှ မောင်ဖြူသန့်ထွန်းအား မောင်ဝေဖြိုးထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဝေဖြိုးထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းအောင် ၁၂/ဥကမ(နိုင်)၁၀၉၂၃၀ ပိုင်ဆိုင်သော Auto Ry Co., Ltd. ၏ သွင်းကုန်(၁) လိုင်စင်အမှတ် WQIL 14-15 (3412) (11-8-2014) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၁၅၂၁၆**

## ကျေးဇူးတင်လွှာ

၂၀၁၄ခုနှစ်၊ (၆၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ကျင်းပရေး ကော်မတီ(ရန်ကုန်)မှ ရှမ်းလူမျိုးများ အများစုနေထိုင်သော ကျွန်တော်များ လင်းခေးမြို့နယ်၊ ပန်းပေါင်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် ငွေ ၅၀၀၀၀၀၀ိ/- (ကျပ်သိန်းငါးဆယ်တိတိ)ကို စေတနာရှေ့ ထား၍ လှူဒါန်းသည့်အတွက် လင်းခေးမြို့ရေရရှိရေးကော်မတီနှင့် ပန်းပေါင်းကျေးရွာ ရေရရှိရေးကော်မတီတို့မှ အထူးကျေးဇူးတင်ရှိပါကြောင်း အများသိစေရန် သတင်းပေးပို့အပ်ပါသည်။

**ပန်းပေါင်းကျေးရွာ ရေရရှိရေးကော်မတီ**
**လင်းခေးမြို့နယ်**

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အဝေးသင်တက္ကသိုလ် (စီးပွားရေး၊ ပထမနှစ်)မှ မကြည်လဲ့လဲ့ဦးနှင့် တန့်ဆည်မြို့နယ် နန္ဒင်းတော အထက(ခွဲ) သတ္တမတန်းမှ မအေးလဲ့လဲ့ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၅/တဆန(နိုင်)၀၉၀၁၇၁ ဖြစ်ပါသည်။

**ဦးထွန်းထွန်းနိုင်**

## တိုက်ခန်းရောင်းမည်

လူမနေရသေး
မြေညီ သိန်း ၃၇၀၊ ၁၂½ပေ×ပေ၅၀
Capital အနီး၊ ဒေါပုံမြို့နယ်။
**ဖုန်း-၀၉-၂၄၅၀၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂ မြေကွက်အမှတ် ၆၇၉၊ မြေကွက်တည်နေရာအမှတ် ၃၈၊ ပြည်သာယာ ၁လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးလှမြင့် L/RGN-၀၂၅၇၃၁အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှမြင့်(ဖခင်) ကွယ်လွန်သဖြင့် (၁) ဦးကျော်လှမြင့် ၁၂/ဒဂန(နိုင်)၀၀၅၆၀၄၊(၂)ဦးဇော်လှမြင့် ၁၂/ဥကတ(နိုင်)၁၀၀၉၀၆၊ (၃)ဒေါ်ချိုလှမြင့် ၁၂/ ဥကတ(နိုင်)၁၀၇၁၄၀၊ (၄)ဒေါ်ခိုင်လှမြင့် ၁၂/ဥကတ(နိုင်)၁၀၇၀၇၀၊ (၅) ဒေါ်နွယ်လှမြင့် ၁၂/ကမရ(နိုင်)၀၄၃၁၁၅ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့မြောက်ပိုင်း၊မီးသတ်အနီး အိမ်အမှတ် ၂၀၊ ကွင်းအမှတ် ၂၆၃(က)၊ ပျဉ်ပုံအရှေ့၊ ဦးပိုင်အမှတ် ၂၁/၆ အမည်ပေါက်ပိုင်ဆိုင်သူ ဦးခွေးပု-ဒေါ်ခင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းဝယ်ထားခြင်း၊ ပေးကမ်းထားခြင်း မရှိပါ။ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးခွေးပု ၇/ဖမန(နိုင်)၁၃၀၀၉၁၊**
**ဒေါ်ခင် ၇/ဖမန(နိုင်)၁၂၅၅၄၂**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ယခင်နှစ်များထက် ပိုမိုစည်ကားစွာကျင်းပမည်



**ပြင်ဦးလွင် အောက်တိုဘာ ၁၂**

ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်သည် နေ့အလှ မီးပုံးပျံအမျိုးမျိုး၊ ညမီးကျည်၊ စိန်နားပန်စသည့် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများ၊ ရောင်စုံဖိတ်ခေါ်ခတ်ပုံပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ အရောင်းမြှင့်တင်ဈေးရောင်းပွဲတော်များ ပါဝင်သောကြောင့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ဧည့်ပရိသတ်များသာမက ကမ္ဘာလှည့် နိုင်ငံခြားသား ခရီးသည်များပါ အထူးစိတ်ဝင်စားခြင်းခံရသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကို ယခင်နှစ်များနည်းတူ ယခုနှစ်တွင်လည်း အစဉ်အလာမပျက် ဆက်လက်ကျင်းပမည်ဖြစ်ရာ ပိုမိုစည်ကားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၉ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်နှင့် ပွဲတော်ဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်တွင် ပြည်သူများ ကြည့်ရှုအားပေးမှုအများဆုံးနှင့် စိတ်အဝင်စားဆုံးဖြစ်သည့် ညမီးကျည် မီးပုံးပျံပြိုင်ပွဲတွင် ပထမဆုအဖြစ် ၅၅ သိန်း၊ ဒုတိယဆု သိန်း ၄၀၊ တတိယဆုသိန်း ၃၀ နှင့် ဒသမဆုအထိ အဆင့်ဆင့်ဆုချီးမြှင့်သွားမည်ဖြစ်ရာ ဒသမဆုသည် ငွေကျပ် ခုနစ်သိန်းရရှိမည်ဖြစ်သည်။ ထို့အပြင် နှစ်သိမ့်ဆုငါးဆုကိုလည်း ရွေးချယ်သွားမည်ဖြစ်ပြီး နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဆန်းပြားလှပပြီး မီးရောင်စုံများဖြင့် ရုပ်ပုံ၊ စာတန်းအမျိုးမျိုးတို့ကို ပုံဖော်ပြသ ယှဉ်ပြိုင်သည့် စိန်နားပန် မီးပုံးပျံပြိုင်ပွဲတွင် ပထမဆု သိန်း ၃၀၊ ဒုတိယဆု သိန်း ၂၀၊ တတိယဆု ၁၃ သိန်းနှင့် ဒသမဆုအထိ ဆုငွေ ၂ သိန်းတို့ကို အဆင့်ဆင့်ချီးမြှင့်သွားမည်ဖြစ်ပြီး တစ်ဆုလျှင် ခုနစ်သောင်းနှုန်းဖြင့် နှစ်သိမ့်ဆု ၁၄ ဆုကိုလည်း တိုးမြှင့်၍ ဆုအဖြစ် သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထပ်မံ၍ အရုပ်အလှဆုများအဖြစ် ပထမဆု ငါးသိန်း၊ ဒုတိယဆုသုံးသိန်း၊ တတိယဆု နှစ်သိန်းနှင့် ခြေလေးချောင်းအရုပ်ဆု၊ ခြေနှစ်ချောင်းအရုပ်ဆုတို့ကို ပထမ သုံးသိန်း၊ ဒုတိယ နှစ်သိန်း၊ တတိယတစ်သိန်းတို့အပြင် နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်များအနေဖြင့် ပိုမိုကြိုးစား၍ ယှဉ်ပြိုင်စေလိုကြောင်းနှင့် ပြိုင်ပွဲဝင်အသစ်များကိုလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်နိုးဆော်ထားကြောင်း သိရသည်။

ပြင်ဦးလွင် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် ပိုမိုစည်ကားသိုက်မြိုက်စေရန် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများအဖြစ် မြန်မာ့ရိုးရာ ချောတိုင်တက်ပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဈေးပွဲတော်များ၊ မော်လ်ဒယ်ရှိုးပွဲများ၊ နိုင်ငံကျော်အဆိုတော်များ၏ ဂီတဖျော်ဖြေပွဲများနှင့်စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင် မီးပုံးပျံပွဲတော်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်တို့ကို ကြည့်ရှုမည့် အများပြည်သူများနှင့် ပြိုင်ပွဲဝင်များ ကြိုတင်သိရှိကြစေရန် နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်တို့တွင် အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပြီး သဇင် FM အသံလွှင့်ဌာနမှလည်း သတင်းနှင့် ပွဲတော်သီချင်းများကို ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

---

# ရွှေကျီးနား၌ သမဝါယမ အသိပညာပေး ဟောပြောပွဲကျင်းပ

**ဗန်းမော် အောက်တိုဘာ ၁၂။** ဗန်းမော်မြို့ ရွှေကျီးနားရပ်ကွက် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ သမဝါယမအသင်းအမှုဆောင်၊ ဝန်ထမ်း၊ အသင်းသားများ သမဝါယမအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက်က ကျင်းပရာ ကချင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့်အသင်းသားများကိုယ်စား အသင်းသားတစ်ဦးက EXIM BANK ချေးငွေနှင့်စပ်လျဉ်း၍ အကျိုးကျေးဇူးခံစားရရှိမှုများကို လည်းကောင်း၊ အသင်းသားတစ်ဦးက လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးမှုအပေါ် ခံစားချက်များကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။ အခမ်းအနားသို့ ကချင်ပြည်နယ်သမဝါယမအသင်းစုမှ အသင်းစုချုပ် ဦးတင်မောင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလွင်ဦး၊ သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိများနှင့် သမဝါယမအသင်းအမှုဆောင်၊ ဝန်ထမ်း၊ အသင်းသားများ စုစုပေါင်း ၁၀၆၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

# ကျေးရွာမူလတန်းကျောင်းအတွက် စာသင်ခုံရှည်များပေးအပ်လှူဒါန်း

**စစ်ကိုင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းမြို့ အောင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် စာသင်ခုံရှည်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်က အဆိုပါကျေးရွာရှိ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အောင်သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ ကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခိုင်ခိုင်ဦးက အမှာစကားပြောကြားပြီး အလှူရှင်များဖြစ်သော မန္တလေးမြို့ မြရည်နန္ဒာရပ်ကွက်နေ ဦးအောင်စိုး-ဒေါ်ဌေးဌေးဝင်းမိသားစု (မျိုးသန့်မုန့်မျိုးစုံလုပ်ငန်း)က အောင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် စာသင်ခုံရှည် ၂၅ စုံကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

---

# ညောင်တုန်းမြို့၌ ပညာဒါနဘာသာရပ် ဆွေးနွေးပွဲကျင်းပ

**ညောင်တုန်း အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ၂၀၁၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ထိရောက်စွာသင်ကြားနိုင်ရေးနှင့် တတ်မြောက်မှုစွမ်းရည်များ ပိုမိုမြင့်မားပြီး ထူးချွန်ကျောင်းသားများ ပေါ်ထွက်လာစေရေးအတွက် ပညာဒါနဘာသာရပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်က ညောင်တုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ကျောင်းသားကျောင်းသူများ အားနည်းသည့် ဘာသာရပ်များကို အထူးအလေးပေးသင်ကြားပေးရန်နှင့် ကျောင်းများ အောင်ချက်ကောင်းမွန်စေရေးအတွက် အစွမ်းကုန်သင်ကြားပို့ချပေးရန် မှာကြားသည်။ ဘာသာရပ်ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း ၊ အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ ဆရာမများ ၈၂ ဦး တက်ရောက်ကြသည်။ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ဆရာ ဆရာမများက ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်ပိုမိုမြင့်မားရေးအတွက် အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော် (ညောင်တုန်း)**

---

# မြို့နယ်အဆင့် ကယားစာပေနည်းပြ ဆင့်ပွားသင်တန်းဖွင့်

**ဒီးမော့ဆို အောက်တိုဘာ ၁၂**

ကယားပြည်နယ်တွင် ကြယ်ဖိုးကြီးဗျည်းအက္ခရာကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် သင်ကြားနိုင်ရန်အတွက် ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီကကြီးမှူးပြီး မြို့နယ်အဆင့် ကယားစာပေနည်းပြ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၁၀ ရက်က ကယားပြည်နယ် ဒီးမော့ဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ဖေ့ရှားက အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ကယားစာပေကော်မတီနာယက ဦးငါးရယ်က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာ ခူးသျှားရယ်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်အတွင်းရှိ ကျောင်းအုပ်ဆရာ ဆရာမ ၆၀ တက်ရောက်ပြီး သင်တန်းနည်းပြ ခြောက်ဦးဖြင့် ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---


**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**(ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း)**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (ထုံးဘိုခြံ၊ မန္တလေးတိုင်းဒေသကြီး)တွင် အသုံးပြုရန် လိုအပ်သော လေအေးပေးစက်၊ စပရိန်မွှေ့ရာ၊ ရေခဲသေတ္တာ (Door Freezer)များအား (KOICA)၏ ထောက်ပံ့ငွေ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၂၀-၁၀-၂၀၁၄ ရက်၊ ၁၁:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ကျောင်းအုပ်ကြီး**
**ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း**
**စိုက်ပျိုးရေးဦးစီးဌာန**
**ထုံးဘိုခြံ၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၃၂၂၅၄၅၊ ၀၉-၄၃၀၆၃၀၄**



**အိတ်ဖွင့်ဈေးပြိုင်တင်ဒါပိတ်မည့်ရက်ပြင်ဆင်ခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မေတ္တာလမ်းတွင် ရှစ်ခန်းတွဲ နှစ်ထပ်၊ အုပ်ချုပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးအတွက် ဈေးပြိုင်တင်ဒါပိတ်မည့်ရက်သည် ၂၃-၁၀-၂၀၁၄ ရက်ဖြစ်ပါကြောင်း ၃-၁၀-၂၁၀၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ ၂၃-၁၀-၂၀၁၄ ရက်သည်ဒီပါဝလီ အစိုးရရုံးပိတ်ရက်ဖြစ်ပါသဖြင့် ဈေးပြိုင်တင်ဒါ ပိတ်မည့်ရက်ကို ၂၃-၁၀-၂၀၁၄ ရက်အစား ၂၄-၁၀-၂၀၁၄ ရက်သို့ ပြောင်းလဲပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ နေပြည်တော်**



**စက်မှုဝန်ကြီးဌာန**
**ရော်ဘာခြံများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

တနင်္သာရီတိုင်းဒေသကြီးရှိ ကလိန်အောင်ရော်ဘာခြံ(ရေဖြူမြို့နယ်) ရင်ဲ-ဝဲရစ် ရော်ဘာခြံ (သရက်ချောင်းမြို့နယ်)၊ ပဝတ်ကုန်းရော်ဘာခြံ(ပုလောမြို့နယ်)တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူဆောင်ရွက်နိုင်ရန်အတွက် တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၁၄ရက်(ရုံးချိန်)
**တင်ဒါပိတ်ရက်** - ၂၉-၁၀-၂၀၁၄ရက်၊ ၁၂:၀၀နာရီ
**တင်ဒါဖွင့်ရက်** - ၂၉-၁၀-၂၀၁၄ရက်၊ ၁၂:၃၀နာရီ
**စုံစမ်းရန်** - အမှတ် (၂၇)စက်မှုကုန်ကြမ်းဌာန(ကျိုက်ထို)၊ ရန်ကုန်-မော်လမြိုင်ကားလမ်း၊ မိုင်တိုင် (၁၁၁)

**ဖုန်း-၀၉-၈၆၄၀၈၉၉၊ ၀၉-၈၇၀၃၁၉၆**



**အမည်မှန်**

ဦးဝိန်း-ဒေါ်နွန်တို့၏သမီး ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်အုပ်စု၊ ပင်စုံ(မြောက်)ရွာမှ မနန်းခဲ၏ အမည်မှန်မှာ မနန်းခယ်ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်မှာ ၁၀-၆-၁၉၈၇ ဖြစ်ပါကြောင်း။



**မိဘအမည်မှန်**

လှိုင်ကော်မြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(ခ)မှ မဘဲမယ်၏ မိဘအမည်မှန်မှာ ဦးရှားရယ်-ဒေါ်ပလျားမြာ ဖြစ်ပါကြောင်း။

**ဦးရှားရယ်-ဒေါ်ပလျားမြာ**



**ဖခင်အမည်မှန်**

လှိုင်ကော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(က)မှ မသက်ငုံဖူး၏ ဖခင်အမည်မှန်မှာ ဦးလီထူ ဖြစ်ပါကြောင်း။

**ဦးလီထူ**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၁၀-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



**စက်မှုဝန်ကြီးဌာန**
**အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်)အတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက် အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ အမှတ် (၁)ဆေးဝါးစက်ရုံ(ရန်ကုန်)အတွက် (66/11-6.6kV) (10 MVA) ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများကို လုပ်ငန်းလိုအပ်ချက်အရ အမြန် ဆောင်ရွက်လိုပါသဖြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးရန် တင်ဒါတင်သွင်းပေးနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၁၄ရက် (၁၀:၀၀နာရီ)
၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၃၁-၁၀-၂၀၁၄ရက် (၄:၀၀နာရီ)
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာန**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၀၆၇-၄၀၈၁၉၅**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မိုးစပါးဆစ်ပိုးကာကွယ်ရန် မီးထောင်ချောက်ထွန်းညှိရေးဟောပြော

**ဝက်လက် အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ မိုးစပါးဆစ်ပိုး ကာကွယ်ရန် မီးထောင်ချောက်ထွန်းညှိရေး ပညာပေးရှင်းလင်းဆွေးနွေး ဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်နှင့် ရွှေဘိုခရိုင်ဦးစီးမှူး ဦးဆွေတို့က ယခင်နှစ်မိုးစပါးမှာ ရွှေဘိုခရိုင်အနေဖြင့် စပါးဆစ်ပိုးကျသည့်ဒဏ်ကိုခံခဲ့ရသဖြင့် ယခုနှစ်၂၀၁၄-၂၀၁၅ မိုးစပါးတွင် ယခင်နှစ်ကဲ့သို့ စပါးဆစ်ပိုးမကျရောက်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စပါးပျိုးထောင်ချိန်မှစ၍ ဆောင်ရွက်ခဲ့သော်လည်း ယခုအချိန်တွင် ဆစ်ပိုးဖလံများ အနည်းငယ်တွေ့ရှိနေရကြောင်း၊ ယင်းဆစ်ပိုးဖလံမှဥချပြီး မျိုးဆက်မပွားရေးအတွက် ဘက်စုံပိုးမွှားရောဂါကာကွယ်ရေးနည်းများကိုသုံး၍ ကာကွယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆစ်ပိုးကာကွယ်ရန်အတွက် ဖလံများကိုနှိမ်နင်းရန် မီးထောင်ချောက်ထွန်းညှိရေးလုပ်ငန်းကို အောက်တိုဘာ ၉ ရက်မှစ၍ မြို့နယ်လုံးကျွတ်ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ မီးထောင်ချောက်များကို မိုးစပါးတစ်ဧကလျှင် ငါးတိုင်နှုန်းဖြင့် အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ ၄၅ ရက်တာကာလကို ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး ကာလအဖြစ်သတ်မှတ်ပြီး မြို့နယ်လုံးကျွတ်မီးထောင်ချောက်များကို အပတ်စဉ်စနေနေ့တိုင်း ထွန်းညှိဆောင်ရွက်သွားကြရန်၊ ထွန်းညှိရမည့် အချိန်နှင့်နေရာများကို ရှင်းလင်းပြီး ယင်းလုပ်ငန်းအောင်မြင်ရန်အတွက် ကွင်းဆင်းအဖွဲ့များဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်ဝင်းကလည်း မီးထောင်ချောက်ထွန်းညှိပုံထွန်းညှိနည်းများကို လက်တွေ့ပြသပြီး မီးထောင်ချောက် ထွန်းညှိရာတွင်အသုံးပြုသည့် ပစ္စည်းကိရိယာများကို ကျေးရွာတာဝန်ရှိသူများထံသို့ပေးအပ်ခဲ့သည်။

အဆိုပါလုပ်ငန်းများအောင်မြင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများက ကျေးရွာတောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာကြရေး စည်းရုံးဆောင်ရွက်ကြရန်၊ ကျေးရွာအုပ်ချုပ်ရေးမှူးကလည်း မိမိတို့ကျေးရွာတောင်သူများအားလုံး ပါဝင်ဆောင်ရွက်ရေးတို့အတွက် စည်းရုံးဆောင်ရွက်ကြရေးကို ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် ဝက်လက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းငွေးတို့က ထပ်ဆင့်ပြောကြားခဲ့ကြသည်။

ပညာပေးဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နန်းမြင့်**

# ရောဝတီမြစ်အတွင်း ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

**သပိတ်ကျင်း အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် သပိတ်ကျင်းမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပြီး သီတင်းကျွတ်လပြည့်နေ့ ကုသိုလ်ပြု ငါးလွှတ်ပွဲကို သပိတ်ကျင်းမြို့ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သည်။

ငါးလွှတ်ပွဲတွင် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ငါးသောင်းကျော်ကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ ရေနံ့သာစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ မြို့နေပြည်သူများက ကုသိုလ်ဖြစ် စုပေါင်းဒါနပြုလွှတ်ခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနပိုင် စခန်းများမှ ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော သဘာဝရေလျှံကွင်းများသို့ နှစ်စဉ်ငါးမျိုးများ ဖြန့်ထည့်ပေးလျက်ရှိရာ ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ရေနံ့သာစခန်းမှ ငါးမြစ်ချင်း၊ ငါးမှုန်ကြီး သားပေါက်ကောင်ရေ ၁၅ သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်းနှင့် တီလားပီးယားသားပေါက်ကောင်ရေ ငါးသောင်း စုစုပေါင်း ၁၆ သိန်းကို ယခုနှစ်အတွင်း အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၏ စေတနာဆေးခန်းဖွင့်ပွဲကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၁၂**

ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းက ဖွင့်လှစ်သည့် စေတနာဆေးခန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဈေးကုန်းရပ်ကွက် တောင်ဘော်ဂါရပ်တွင် အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။



ဆေးခန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်၊ Professor Mr.Shigaro Okada တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ဆေးခန်းကြီး တည်တံ့ခိုင်မြဲစေရန်အတွက် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောကြားကာ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌကလည်း ဆေးခန်းမှ ဆောင်ရွက်ပေးမည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ကိုယ်စား ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်က အမှာစကား ဆက်လက်ပြောကြားပြီး ဒေသခံရပ်မိရပ်ဖ ဦးသန်းအေးက ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# အီဘိုလာရောဂါဆိုင်ရာမျှား ပညာပေးဟောပြော

**မိုင်းကိုင် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူးကျင်းပသော အီဘိုလာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ယာယီကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဟန်နိုင်စိုးက အီဘိုလာရောဂါအကြောင်း၊ ရောဂါကူးစက်နိုင်မှုနှင့် ကြိုတင်ကာကွယ်တားဆီးမှုများကို ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ မြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်မှ စေတနာလုပ်အားရှင်များနှင့် ရပ်ရွာပြည်သူများက မိမိတို့သိရှိလိုသည့် အချက်အလက်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**



# သပိတ်ကျင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဖွင့်

**သပိတ်ကျင်း အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၁၄) ကို အောက်တိုဘာ ၉ ရက်က ဖွင့်လှစ်ပြီး ဖွင့်ပွဲကို ကမ္ဘာအေးမြို့ ကွက်သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများ၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ ချောင်းကြီး၊ ဇရပ်ကွင်း၊ လိပ်ကျ၊ ကွင်း(၃၀)၊ ဝက်သေ၊ ဖက်ရှည်၊ ကြာညှပ်၊ တွင်းငယ်ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

## ရခိုင်ပြည်နယ်တရားလွှတ်တော်၊ စစ်တွေမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်တရားလွှတ်တော်နှင့် လက်အောက်တရားရုံးများအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်တရားလွှတ်တော်၊ စစ်တွေမြို့အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- | --- |
| (က) | ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ | (၁၅)လုံး |
| (ခ) | Canon Printer LBP 2900B | (၁၅)လုံး |
| (ဂ) | Fax (Plain Paper Fascimile) | (၅)လုံး |
| (ဃ) | A3 Canon မိတ္တူကူးစက် | (၇)လုံး |
| (င) | 10 KVA မီးအားမြှင့်စက် | (၈)လုံး |
| (စ) | ကွန်ပျူတာစားပွဲ | (၂၂)လုံး |

၂။ တင်ဒါလျှောက်လွှာပုံစံကို ၁၅-၁၁-၂၀၁၄ရက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းများကို ရခိုင်ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး ဖုန်း-၀၄၃-၂၂၈၃၄သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)
## ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
| --- | --- | --- |
| (၁) | Long High Desk | ၁၂ လုံး |
| (၂) | Long Low Desk | ၁၂ လုံး |
| (၃) | BedStead (Single) | ၁၀ လုံး |
| (၄) | Computer Table | ၃၅ လုံး |
| (၅) | ဆုံလည်ကုလားထိုင် | ၂၀ လုံး |
| (၆) | Conference/Meeting Table(U Shape) | ၁ စုံ |
| (၇) | Locker (၁၂)ပေါက် | ၂ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၇-၁၀-၂၀၁၄ ရက် နံနက် ၉း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) ဖုန်း-၀၄၃-၂၃၈၄၀၊ ၀၉-၃၆၁၂၄၁၀၆၊ ၀၁-၈၅၀၃၀၁၆၊ ၀၉-၂၅၄၀၃၃၃၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါ အဆောက်အအုံဆောက်လုပ်လိုပါသဖြင့် မြန်မာနိုင်ငံသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးအဆောက်အအုံ ပေ(၆၀×၄၀)နှစ်ထပ် သံကူကွန်ကရစ်(RC) (၁)လုံး
သွပ်မိုး၊ အုတ်ကာ၊ ကျွန်းပါကေးခင်း၊ မျက်နှာကြက်အလှဆင်ခြင်း

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် ကော်မတီမှသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့်ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း အသေးစိတ်တွက်ချက်ရေးဆွဲ၍ တင်ပြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံကို ၁၆-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့)မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၉-၁၀-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။တင်ဒါဖွင့်မည့်ရက်ကို သတ်မှတ်ချက်နှင့် ကိုက်ညီသည့် တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ ဖုန်း-၀၈၁-၂၀၆၁၀၂ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၅၆၂၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ဖောင်းကြွထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/2487 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား (၁)ချပ်ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ခြံနှင့်အိမ်ငှားမည်

ပေ (၈၀×၁၂၀)ခြံနှင့် စတုရန်းပေ ၂၀၀၀ (RC နှစ်ထပ်)အိမ်၊ ပရိဘောဂအပြည့်အစုံပါပြီး နေထိုင်ရန်အသင့်ငှားမည်။ ၁၈(E)၊ ရိစ္စပါခ်(3)၊ ပင်လုံ Village၊ ဖုန်း-၀၉-၃၁၁၁၂၆၄၉၊ ၀၉-၄၃၁၀၈၃၁၁

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ အမှတ်(၂)ရပ်ကွက် (ညီနောင်)၊ ဦးပိုင်အမှတ် (N-၃၅)၊ ဧရိယာ ဝ ဒသမ ဝ၉ဝဧကရှိ ဦးပိုင်းအမည်ပေါက်မြေကွက်နှင့် ဦးပိုင်အမှတ် (N-၃၆)၊ ဧရိယာ ဝ ဒသမ ဝ၉ဝဧကရှိ ဒေါ်အမာခင် အမည်ပေါက်မြေကွက်တို့ အားဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသူ ဦးထွန်းအောင်ကျော် ၉/ဝတန(နိုင်)၁၀၃၀၁၂ မှ အမည်ပြောင်းမြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ကန့်သတ်ရက်ကျော်လွန်ပါက မြေငှားဂရန်အသစ် စိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်လွင် B.A. (His), H.G.P (အထက်တန်းရှေ့နေ) စဉ်-၁၅၈၆၄**
**အမှတ်(၂)ရပ်၊ ဝမ်းတွင်းမြို့**

# ညောင်ဦးမြို့နယ် ဖက်တန်းကျေးရွာတွင် စပါးစိုက်ခင်းများ အောင်ရေလိုအပ်နေ

**ညောင်ဦး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တောင်ဖက်တန်းကျေးရွာအတွင်းရှိ မိုးစပါးစိုက်ပျိုးထားသောလယ်များတွင် အောင်ရေလိုအပ်နေကြောင်း သိရသည်။

"ကျွန်တော်တို့စပါးခင်းတွေ ရေမရတာကြာပါပြီ။ စိမ့်ခြောက်ခြောက်နေပါတယ်။ တစ်ခါတလေကျတော့ရေက မွန်းတည့် ၁၂ နာရီလောက်မှ လာပါတယ်။ ရေလာတော့ နေကလည်းပူနေပြီ။ တောင်သူများအလုပ်မလုပ်နိုင်တော့ဘူး။ တစ်ခါတလေမှာ ရေလာမယ်ဆိုပြီး ထွန်ရှဉ်းငှားတယ်။ ရေက မလာတော့ ထွန်ရှဉ်းငှားသမားကို ထွန်ရှဉ်းခ ဘာမှမလုပ်ရဘဲနဲ့ပေးရတယ်။ တောင်သူက လယ်ကို သမန်းကျအောင် ရေထည့်ပြီး ထွန်မွှေချင်တယ်။ ရေမလာတော့ တောင်သူမှာအလုပ်ပျက်တယ်။ အခုဆိုရင်လည်း ကျွန်တော်တို့ စပါးခင်းတွေ ရေလိုနေပါပြီ။ မြေကြီးကလည်း ပပ်ကြားအက်ကွဲနေပါပြီ"ဟု တောင်ဖက်တန်းကျေးရွာမှ စပါးစိုက်တောင်သူ ဦးရဲမောင်က ပြောသည်။

ဖက်တန်းကျေးရွာမှ လယ်စိုက်တောင်သူ ဦးသာကျန်ကလည်း "ကျွန်တော်တို့လယ်တွေကို ယခုရက် ရေပေးမယ်ဆိုရင်လည်း နည်းနည်းနဲ့မဝနိုင်ဘူး။ ဒီနှစ်ကျွန်တော်တို့ စပါးရနိုင်တော့မှာမဟုတ်ဘူး။ ကျွန်တော်တို့လယ်တွေမှာ ဓာတ်မြေဩဇာကျွေးထားပါတယ်။ တစ်ဧကဆိုလျှင် ငွေကျပ် ၁၅၀၀၀၀ မှ ၂၀၀၀၀၀ နီးပါး အရင်းအနှီးရှိပါတယ်။ ယခုလိုစပါးခင်းတွေ ရေပြတ်သွားတဲ့အတွက် ဒီနှစ်တော့ စပါးရနိုင်မယ်လို့ မထင်မိတော့ပါဘူး"ဟု ပြောသည်။

တောင်သူ ဦးကျော်သန်းကလည်း "ကျွန်တော်တို့စပါးတွေ အရင်နှစ်တွေကလည်း ရေပြဿနာ မကြာမကြာဖြစ်ဖူးပါတယ်။ အရင်ကလည်း ရေမဝတစ်ဝသောက်ရတယ်။ ဒီနှစ်မှာတော့ တော်တော်ဆိုးပါတယ်။ စပါးပင်တွေ ရေငတ်ပြီး မြေကြီးက ပပ်ကြားအက်ကွဲနေတယ်" ဟု ပြောသည်။

ညောင်ဦးမြို့နယ် တောင်ဖက်တန်းကျေးရွာနေ လယ်သမားများသည် နှစ်စဉ် ငါ့သရောက်မြစ်ရေတင်ကိုအားထားပြီး မိုးစပါးများ စိုက်ပျိုးလျက်ရှိရာ ယခင်နှစ်များတွင် ရေအသင့်အတင့်ရပြီး သင့်တင့်သောစပါးအထွက်နှုန်းလည်း ရရှိခဲ့ကြောင်းနှင့် ယခုနှစ်တွင်မူ စပါးစိုက်ကွင်း ၁၃၃၆ ဧကထီးကန်ကွင်း စပါးခင်းများတွင် ရေမရဖြစ်ပြီး ရေငတ်လျက်ရှိကြောင်း ဒေသခံတောင်သူလယ်သမားများထံမှ သိရသည်။ အောင်ရေလိုအပ်နေမှုကြောင့် တောင်သူများအနေဖြင့် အခက်အခဲဖြစ်လျက်ရှိပြီး စပါးမရဘဲ အရှုံးပေါ်နိုင်သဖြင့် စပါးစိုက်ခင်းများတွင် အောင်ရေရရှိရန် အရေးတကြီး လိုအပ်လျက်ရှိပြီး ငါ့သရောက်မြစ်ရေတင်မှ ရေရရှိရေးတာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း တောင်ဖက်တန်းကျေးရွာ တောင်သူလယ်သမားများက ပြောကြားသည်။

**ကျော်ဒွေး**

# သိန်းပေါင်းသုံးသောင်း အကုန်အကျခံ၍ ရေးမြို့ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်မည်

**ရေး အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ရေးမြို့ ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့ဆေးရုံမှ ခုတင် (၁၀၀) ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပြင်ဆင်မည်ဖြစ်ကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

ခုတင် (၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် ခွင့်ပြုဘတ်ဂျက်ငွေကျပ်သိန်းပေါင်း သုံးသောင်း အကုန်အကျခံကာ ခေတ်မီနည်းပညာများဖြင့် ရေးမြို့အခြေစိုက် မြတ်သူရဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ဆေးရုံတည်ဆောက်မည့်မြေပေါ်မှ သစ်ပင်ကြီး၊ သစ်ပင်ငယ်များ မြေနေရာရှင်းလင်းခြင်းကို စက်ယန္တရားကြီးများဖြင့် အောက်တိုဘာ ၁၁ ရက်မှ စတင်ရှင်းလင်းကာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ကျေးရွာချင်းဆက်လမ်း ကိုယ့်အားကိုယ်ကိုးပြုပြင်



**ကျွန်းလှ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာတွင် ရွာသူရွာသားများ ကိုယ့်အားကိုယ်ကိုး၍ ရွာအတွင်း ကျေးရွာချင်းဆက်လမ်းမကြီးကို အောက်တိုဘာ ၁၁ ရက်က ပြုပြင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါရွာတွင်းလမ်းမကြီးမှာ မြောက်ဘက်တွင် တင်းတိန်ရံ၊ လယ်လှ၊ ကန်ပေါက်၊ ကုက္ကိုကုန်း၊ လွတ်တိုက်၊ မဒေါင်နှင့် ဆွဲလှဲကျေးရွာများသို့ ဆက်သွယ်ထားပြီး ကျွန်းလှ-သဖန်းဆိပ် ကားလမ်းဖြင့်လည်း ဆက်သွယ်ထားကြောင်း၊ ပြည်သူများသွားလာရေးလွယ်ကူစေရန် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ကျေးရွာအထောက်အကူပြုကော်မတီတို့ ဦးဆောင်ပြီး ရွာသူရွာသားများ ပူးပေါင်းကာ ကိုယ့်အားကိုယ်ကိုး ပြုပြင်ကြခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၁၂**

ရပ်ကွက်နေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးနှင့် လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် မဟာဇနကပရိယတ္တိစာသင်တိုက် ဝဏ္ဏာဗိမာန်တော်၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ဝင်းဇော်က မော်တော်ယာဉ် မတော်တဆမှုဖြစ်ပေါ်ရခြင်းအကြောင်း၊ ဆိုင်ကယ် ဦးထုပ်ဆောင်းခြင်းဖြင့် အသက်အန္တရာယ်လုံခြုံမှု အကျိုးကျေးဇူးများအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာမောင်းနှင်ကြစေရေးတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် နေပြည်တော်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်အေးနိုင်ဦးက လူမှောင်ခို၊ လူကုန်ကူးမှု မခံရကြစေရေးအတွက် အသိဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ကာ အယုံမလွယ်ကြရန်၊ ဗဟုသုတရှိအောင် လေ့လာကြရန်နှင့် လူမှောင်ခို၊ လူကုန်ကူးခံရခြင်းအကြောင်းများကို ဆက်လက်ဟောပြောသည်။

မြို့နယ်ရဲစခန်း စခန်းမှူး ဒုရဲမှူးသန်းဝင်းက မူးယစ်ဆေးဝါးကင်းရှင်းစေရေးနှင့် မူခင်းကျဆင်းရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ရပ်ကွက်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ပြည်သူများတက်ရောက်ခဲ့ကြပြီး တက်ရောက်သူများကို လူကုန်ကူးမှုဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **(၄၁၇)**

# ရေလုပ်သားများအား ငါးဖမ်းပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုး

**တိုက်ကြီး အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ငါးဖမ်းလုပ်သားများအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးဖမ်းပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုးပေးအပ်ပွဲကို တိုက်ကြီးမြို့ ငါးလုပ်ငန်းဦးစီးဌာနရုံးခန်း၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပသည်။

တိုက်ကြီးမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင့်အောင်က ငါးဖမ်းပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာအုပ်စု ၁၂ ခုမှ ရေလုပ်သား ၁၆၀ ကို တစ်ဦးလျှင် ငွေကျပ် ၃၇၀၀၀ တန်ဖိုးရှိ ငါးဖမ်းပိုက်၊ ခဲသီး၊ ကြိုး၊ ဘောသီးများကို အခမဲ့ ပေးအပ်ခဲ့သည်။ ထို့အပြင် တိုက်ကြီးမြို့နယ်ရှိ ငါးရှဉ့်ထောင်သူများကိုလည်း တစ်ဦးလျှင် ငါးထောင်မြှုံး အလုံး ၂၀ နှုန်းဖြင့် အလုံးရေ ၁၂၀၀၀ ကို ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေရေလုပ်သားများ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အရ ငါးဖမ်းပစ္စည်းများကို ပံ့ပိုးပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ပေးအပ်ပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရေလုပ်သားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**


## တေဇ(၈)-(၃၆)နှစ်မြောက်အထိမ်းအမှတ်တွေ့ဆုံပွဲ

ကျဆုံး/ကွယ်လွန်သူငယ်ချင်းများအတွက် ကောင်းမှုကုသိုလ်ပြုပေးခြင်း၊ ကျန်ရှိမိသားစုများအား ထောက်ပံ့ပေးခြင်းနှင့် မြတ်ဆရာများအား ကန်တော့ပန်းဆင်ဂါရဝပြုခြင်းများကို အောက်ပါအတိုင်း တွေ့ဆုံပွဲဆောင်ရွက်မည်ဖြစ်ပါသည်-

| | |
|---|---|
| **ရန်ကုန်** | **နေပြည်တော်** |
| **ပေါက်စေတီဘုန်းတော်ကြီးကျောင်း** | **ညစာစားပွဲ** |
| **မရမ်းကုန်းမြို့နယ်** | **၂၅-၁၀-၂၀၁၄ရက်** |
| **၂၅-၁၀-၂၀၁၄ ရက်** | **(စနေနေ့) ၁၈း၃၀နာရီ** |
| **(စနေနေ့) ၁၀း၀၀နာရီ** | |

**ဆက်သွယ်ရန်-** သတိုးအောင် ဖုန်း-၀၉-၄၉၂၀၅၀၆၂၊ ကြည်လင် ဖုန်း-၀၉-၃၃၇၆၅၁၁၁

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီတိုးချဲ့၊ မြေကွက်အမှတ် ၁၈၂၈၊ အမည်ပေါက်တသ-ခင်မောင်ထွေး မြေကွက်အမှတ် ၁၇၄၉၊ အမည်ပေါက် တသ-ခင်ညို နှင့် မြေကွက်အမှတ် ၁၇၈၂ အမည်ပေါက် ဒေါ်စန်းမြင့်တို့၏ မြေကွက်များကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ကြူကြူလှိုင် ၁၃/ဟပတ(နိုင်)၀၁၂၂၄၁ မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့် (၂)၊ မြေကွက်အမှတ် ၃၀၈၊အမည်ပေါက် ဒေါ်မြပါ -၂၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်သန်း ၁၂/သကတ(နိုင်)၀၉၉၄၂၀မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## နှစ် (၃၀)ပြည့် မင်္ဂလာဆုတောင်း

ချစ်ပါပါ ဦးရွှေစောအောင် (တရားလွှတ်တော်ရှေ့နေ)- ချစ်မာမာ ဒေါ်ခင်မြဝေ (ဆသရ စစ်တွေ)တို့၏ ၁၃-၁၀-၂၀၁၄ရက်တွင် ကျရောက်သောနှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် မြတ်နိုးနှစ်သက်ပါရမီဖြည့်လျက် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးတို့ကို စိတ်တူကိုယ်တူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဆောင်ရွက်နိုင်ပြီး သာယာချမ်းမြေ့သောဘဝခရီးလမ်းကို ချစ်သမီး၊ ချစ်သား၊ ချစ်မြေးတို့နှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သမီးကြီး** - **ကိုဇော်မျိုးအောင်(တူတူ)ဒါရိုက် သဇင်မြေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်-မအေးခိုင်ဇံ(ပါးပူ)**
**ချစ်သမီးငယ်** - **ဒေါက်တာကျော်လင်းခိုင်(အထွေထွေရောဂါကုသမားတော်)-မမြပန်းခိုင်(ပုံ့ပုံ့)**
**ချစ်မြေးများ** - **မင်းသုတ၊ ဖွဲ့သုတ၊ ထူးသုတ၊ ထက်မြက်သုတ**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ သဖန်းစံပြကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဆွေဝင်း၊ မအိအိဖြူ၊ မောင်လှမင်းသူတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၈/ပခက(နိုင်)၃၀၉၆၁၂ ဖြစ်ပါကြောင်း။

**ဦးမြင့်ဦး ၈/ပခက(နိုင်)၃၀၉၆၁၂**

## အမည်မှန်

ရမည်းသင်းမြို့နယ်၊ ကြံပင်ကျေးရွာမှ ဦးမန်းကျော်၏သမီး မဇာခြည်သင်း ၉/ရမသ(နိုင်)၁၇၆၂၈၈ ၏ အမည်မှန်မှာ မအိအိဖြူဖြစ်ပါကြောင်း။

**မအိအိဖြူ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မစပယ် ၈/တတက(နိုင်)၁၉၇၃၄၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၈၁၇၂၆**

## ပညာရေးဝန်ကြီးဌာန
## အမှတ် (၂) အခြေခံပညာဦးစီးဌာန

**တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး လက်အောက်ရှိ မြို့နယ်အသီးသီးတွင် ကျောင်းအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီ/အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၁၄ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၈-၁၀-၂၀၁၄ရက်၊ညနေ ၄း၃၀ နာရီ

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၂၉၄၈၊ ၂၂၉၈၉၊ ၀၉-၃၃၁၀၀၅၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (၅၅)၊ ဗန္ဓုလ ၃လမ်း၊ မြေကွက်အမှတ် (၈၆၂)၊ အလျား×အနံ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မူလအမည်ပေါက် ဒေါ်ခင်ပြုံးရီထံမှ ဦးခင်ဇော် ၁၂/ဒဂတ(နိုင်)၀၄၅၀၆၇ သည် မခွဲစိတ်ရသေးသည့် အလျား×အနံပေ(၂၀×၆၀) (ခြေရင်းခြမ်း)အား ဆက်စပ်စာချုပ်တို့နှင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပြတ်ဝယ်ယူရန် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံး၍ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဇော်ဝင်း LL.B တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၆/ခ)၊ သစ္စာလမ်း၊ (၈)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၀၅၇၀၉၂**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဂွေးချိုတောင်ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲစည်ကားစွာ ကျင်းပ

**ချောက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဇီးပွားရွာရှိ ဂွေးချိုတောင်ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နှင့် ၃ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း ဇီးပွားရွာမှ အမျိုးသမီးငယ်များက ရွာလုံးကျွတ်မျှ ဘုရားဆွမ်းတော်ကြီးပွဲ တင်လှူပူဇော်ခြင်းကို အတီး၊ အမှုတ်၊ အကအခုန်များ၊ ယိမ်းအဖွဲ့များဖြင့် လှည့်လည်ပူဇော်ကြပြီး အနီးဝန်းကျင် ကျေးရွာများမှ ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

"ဒီနေ့က ဆွမ်းတော်ကြီးပွဲလှည့်တာပါ။ ရွာကတော့ အိမ်ပေါက်စေ့ကလေး၊ လူကြီး အကုန်လိုက်ကြတာပဲ။ မနက်ဖြန်ကျရင်တော့ နံနက် ၉ နာရီလောက်မှာ တံခွန်လှည့်ပူဇော်ကြမှာပါ။ ညနေ ၅ နာရီလောက်မှာ တစ်ခါ မီးကြာလှည့်ပူဇော်ပွဲလုပ်ကြဦးမှာပါ။ ဆွမ်းတော်ကြီးပွဲနဲ့ တံခွန်သွင်းတာကတော့ နှစ်စဉ်လုပ်နေကျပါ။ မီးကြာလှည့်တာကတော့ ဒီနှစ်မှ စတင်ပြီးလုပ်ကြမှာပါ။ တံခွန်သွင်းတာကတော့ ကျောက်ပန်းတောင်းဘက်က စည်ပေါက္ကံရွာကလည်း နှစ်တိုင်း တံခွန်သွင်းပါတယ်"ဟု ဇီးပွားရွာသူ မဝင်းဥမ္မာကျော်က ပြောသည်။

ဂွေးချိုတောင် ဆုတောင်းပြည့်ဘုရားကြီး၏ ဘွဲ့တော်အပြည့်အစုံမှာ ရှင်ပင်မဟာ ဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့်မြတ်စွာဘုရားဖြစ်ပြီး သိကြားမင်းကြီးက ဒက္ခိဏသာခါ မဟာဗောဓိပင်အသားဖြင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ထုလုပ်၍ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီးထံ ဆက်သခဲ့ခြင်း ဖြစ်ကြောင်းနှင့် အလောင်းစည်သူမင်းတရားကြီး ကိုးကွယ်သည့် ဘုရား ၁၁ ဆူအနက်မှ တစ်ဆူဖြစ်ကြောင်း သိရသည်။ ဂွေးချိုတောင်ဆုတောင်းပြည့် ရှင်ပင်မဟာ ဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့် ဘုရားကြီးမှာ ဉာဏ်တော်အမြင့် နှစ်တောင့်တစ်မိုက်ခန့်သာရှိပြီး ကောဇာသက္ကရာဇ် ၄၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်တွင် ထိုစဉ်က ရွှေချိုးတောင်ဟု အမည်တွင်သော ယခုဂွေးချိုတောင်ပေါ်သို့ အလောင်းစည်သူမင်းကြီးကိုယ်တော်တိုင် ပင့်ဆောင်ပူဇော်ထားရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂွေးချိုတောင် ဆုတောင်းပြည့်ဘုရားကြီးသည် မိုးခေါင်သည့်ဒေသများက ပင့်ဆောင်ပူဇော်ပါက မိုးရွာလေ့ရှိခြင်း၊ သားသမီးမထွန်းကားသည့်မိသားစုများ သားဆုပန်ပါက ဆုတောင်းပြည့်ခြင်း စသည်ဖြင့် ထူးခြားမှုများရှိသော ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူဖြစ်သဖြင့် ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း စသည့်မြို့နယ်များအတွင်းရှိ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ ယုံကြည်ကိုးကွယ်ကြသည်။ ဘုရားပွဲတော်ရက်များတွင် ကား၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများ၊ လှည်းများဖြင့် စုဝေးရောက်ရှိလာကြရာ ဘုရားပရိဝုဏ်အတွင်းဖွင့်လှစ်ထားရှိသည့် ဆယ့်နှစ်ပွဲဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ လှည်းဝိုင်းကြီးများဖြင့် ပြည့်ကျပ်လျက်ရှိနေပြီး ကြက်ပျံမကျ စည်ကားလျက်ရှိကြောင်း သိရသည်။ **နေအောင်**



# အောင်သုခစေတီတော် ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာကျင်းပ

**သပိတ်ကျင်း အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ဆိပ်ကမ်းရပ်ကွက်အုပ်စု အောက်ပုဏ္ဏားကျေးရွာရှိ ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အောင်သုခစေတီတော်အား ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို အဆိုပါကျောင်းတိုက်၌ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမိသားစုမှ ထီးအလှူရှင် ဒေါက်တာအောင်သန်း (ဒုတိယဥက္ကဋ္ဌ-MDA)၊ စိန်ဖူးတော်အလှူရှင် ဦးအောင်မြင့် မိသားစု ရတနာမိုးမြေကုမ္ပဏီ၊ စေတီတော်ဒါယကာ ဒေါက်တာကျော်ဇင်ဦးမိသားစုနှင့် ဦးသိန်းဇော် (Japan Heart)နှင့် ကျေးရွာဒါယကာ ဒါယိကာမများ စုပေါင်းတက်ရောက်ကြပြီး ပင့်သံဃာအပါး ၃၀ အား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ်အတွင်း ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းက အင်အား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် စေတီများ၊ ကျောင်းဆောင်အများအပြားပျက်စီးခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**စဉ့်ကူး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ဟသ်ာဖိုလ်ကျေးရွာအုပ်စု စည်ပင်ကျွန်းကျေးရွာ၌ မြစ်ရေတိုက်စားမှုကြောင့် ပြောင်းရွှေ့နေထိုင်ရသော မိသားစုများကို စဉ့်ကူးနှင့် မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းများ၊ လူမှုရေးအသင်းအဖွဲ့များက ထောက်ပံ့ရေးပစ္စည်းများကို အောက်တိုဘာ ၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေဘေးကြောင့် ပြောင်းရွှေ့နေထိုင်ရသော အိမ်ထောင်စု ၇၅ စုအတွက် စဉ့်ကူးမြို့နယ် ကြက်ခြေနီအသင်းက (၁၈ x ၁၅) ပေ တာပေါ်လင်မိုးကာ ၇၅ ချပ်၊ မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များက အဝတ်အထည်ပိုနံအိတ် အကြီး၊ အသေး ၁၂၁ ထုတ်၊ ဆန်အိတ် ၃၄ အိတ်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆပ်ပြာမှုန့်နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြင့်သူ(စဉ့်ကူး)**

# (၂၁)ကြိမ်မြောက် ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဖွင့်ပွဲနှင့်ပြိုင်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ်ယဉ်ကျေးမှုမောင်မယ်အဖွဲ့က ကရင်သီချင်းများဖြင့်လည်းကောင်း၊ သဘင်ဂီတအစည်းအရုံး ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကများဖြစ်သော ပအိုဝ်ရိုးရာအက၊ ပုဂံအက၊ ကရင်ဒုံးယိမ်းအကများဖြင့်လည်းကောင်း ကပြဖျော်ဖြေခဲ့ကြသည်။ ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီတွင် စတင်ယှဉ်ပြိုင်ကြပြီး ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် ပြည်နယ်အဆင့်ယှဉ်ပြိုင်ခြင်းဖြစ်ကာ အောက်တိုဘာ ၁၂ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်**

# ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဝတ်စုံပြည့်လေ့ကျင့်

**တောင်ငူ အောက်တိုဘာ ၁၂**

တောင်ငူပညာရေးကောလိပ်မှ (၂၁)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၊ အခြေခံကဗျာလွတ်အကပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ၏ ဝတ်စုံပြည့်အစမ်းလေ့ကျင့်ခြင်းကို အောက်တိုဘာ ၁၀ ရက်က သီရိရတနာခန်းမ၌ ကျင်းပခဲ့ပြီး တောင်ငူပညာရေးကောလိပ်အနေဖြင့် အလွတ်တန်း အသက် (၁၆-၂၅)နှစ်နှင့် အသက် (၁၀-၁၅)နှစ် အခြေခံကဗျာလွတ် အမျိုးသမီး (ပထမ)အဆင့် ယိမ်းအကပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**


**သတ္တုတွင်းဝန်ကြီးဌာန**
**သတ္တုတွင်းဦးစီးဌာန**
**(စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်များသက်တမ်းတိုးရန်နှိုးဆော်ခြင်း)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ထုတ်ပေးထားသော ရေနံထွက်ပစ္စည်း သိုလှောင်ခွင့် လိုင်စင်များသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေ ၁၁၉အရ သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့် လျှောက်ထားရန်လိုအပ်ပါသည်။

၂။ ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို ၁-၁၁-၂၀၁၄ ရက်မှ ၃၁-၁၂-၂၀၁၄ ရက်အတွင်း လျှောက်ထားကြရန်နှင့် ပျက်ကွက်သည့် သိုလှောင်ခွင့်လိုင်စင်များ အတွက် ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၁-၂၀၁၅ မှစတင်ကာ တစ်ရက်လျှင် သိုလှောင်ခွင့် လိုင်စင်ကြေး၏ ၂ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းတိုးရန် လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ တစ်ပါတည်း ယူဆောင်လာရန် နှိုးဆော်အပ်ပါသည်။

**(က) သတ်မှတ်ပုံစံဖြင့်လျှောက်လွှာ**
**(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသောမူရင်းလိုင်စင်၊**
**(ဂ) သိုလှောင်ကန်၊ သိုလှောင်ရုံများ၏ လက်ရှိမှတ်တမ်းဓာတ်ပုံများ၊**
**(ဃ) ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်။**

**စစ်ဆေးရေးဌာနခွဲ**
**သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန**
**ရုံးအမှတ် ၁၉၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၉၃၇၆**



**ဖခင် အမည်မှန်**

မိတ္ထီလာမြို့နယ်၊ အထက(၅)ရှမ်းတဲကျောင်း သတ္တမတန်း(C)မှ မောင်အောင်မင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်စိုး ၉/မရတ(နိုင်)၁၂၆၉၂၉ ဖြစ်ပါကြောင်း။ **ဦးရန်နိုင်စိုး ၉/မရတ(နိုင်)၁၂၆၉၂၉**



**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး**
**မုံရွာမြို့**
**အဆိုပြုလွှာ(Proposal)ခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လွှတ်တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းတွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) လေညှိစက်များတပ်ဆင်ခြင်းလုပ်ငန်း
(ခ) လေညှိစက်များအတွင်း လျှပ်စစ်ဓာတ်ဖြန့်ဖြူးခြင်းနှင့် ၅၀၀ KVA မီးစက်တပ်ဆင်ခြင်းလုပ်ငန်း
(ဂ) CCTV/ Projector နှင့် Conference Audio တပ်ဆင်ခြင်းလုပ်ငန်းများ
(ဃ) Art Decoration လုပ်ငန်းများ

၂။ အဆိုပါလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ဒီဇိုင်းနှင့်အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။ ၄င်းအဆိုပြုလွှာများကို တိုင်းဒေသကြီး လွှတ်တော်ရုံးသို့ အခမဲ့လွှဲပြောင်းပေးရမည်ဖြစ်ပြီး ဒီဇိုင်းနှင့်အဆိုပြုလွှာအောင်မြင်သော ကုမ္ပဏီများကို Interview ပြန်လည်ခေါ်ဆိုမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာများကို ၂၁-၁၀-၂၀၁၄ ရက်အရောက် ပေးပို့ကြရန်နှင့်အသေးစိတ်အချက်အလက်များကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး ဖုန်း-၀၇၁-၂၂၇၆၅ နှင့် ၀၇၁-၂၄၁၆၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး**
**မုံရွာမြို့**



**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈/၇၀၃၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/ 5693 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ အောက်ဖော်ပြပါ ဓာတ်အားလိုင်း (၆)ခုတွင် OPGW အစားထိုး လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလုပ်ငန်းအပ်နှံလိုပါသည်-

| | | |
|---|---|---|
| (၁) | ၂၃၀ ကေဗွီ ဘဲလင်း-အုန်းတောလိုင်း | (53.36 km) |
| (၂) | ၂၃၀ ကေဗွီ အုန်းတော-ညောင်ပင်ကြီးလိုင်း | (87.38 km) |
| (၃) | ၁၃၂ ကေဗွီ ညောင်ပင်ကြီး-ကျွန်းချောင်းလိုင်း | (146.19 km) |
| (၄) | ၁၃၂ ကေဗွီ ကျွန်းချောင်း-ချောက်လိုင်း | (39.06 km) |
| (၅) | ၁၃၂ ကေဗွီ ချောက်-မကွေးလိုင်း | (106.522 km) |
| (၆) | ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီးလိုင်း | (66.568 km) |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၇-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**



**ဖခင် အမည်မှန်**

ပြင်ဦးလွင်မြို့၊ အထက(၃) နဝမတန်း(H)မှ မောင်ဝင်းမိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးမှတ် ၈/ခမန(နိုင်)၀၇၄၀၉၆ ဖြစ်ပါကြောင်း။

## ဌာနဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးကြော်ငြာ

# ONE TEA နို့ဆီ

## မှ အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

| ရာထူး/တာဝန် | လစာ | ဦးရေ |
|---|---|---|
| ၁။ စာရင်းကိုင်ချုပ် | ညှိနှိုင်း | (၃) ဦး |
| ၂။ အကြီးတန်း စာရင်းကိုင် | ၂၀၀,၀၀၀/အထက် | (၅) ဦး |
| ၃။ လက်ထောက် စာရင်းကိုင် | ၂၀၀,၀၀၀/ဝန်းကျင် | (၁၀) ဦး |
| ၄။ ဈေးကွက်ကြီးကြပ်ရေးမှူး | ၂၀၀,၀၀၀/အထက် | (၁၀) ဦး |
| ၅။ အရောင်းကြီးကြပ်ရေးမှူး | ၂၀၀,၀၀၀/အထက် | (၁၀) ဦး |
| ၆။ အရောင်းဝန်ထမ်း | ၁၃၀,၀၀၀/အထက် | (၂၀) ဦး |
| ၇။ ရောင်း/မောင်း(၁တန်ယာဉ်) | ၂၂၀,၀၀၀/အထက် | (၂၀) ဦး |
| ၈။ ယာဉ်မောင်း(၂တန်အထက်ယာဉ်) | ၂၅၀,၀၀၀/အထက် | (၂၀) ဦး |

စိတ်ပါဝင်စားသူများသည် အလုပ်လျှောက်လွှာနှင့်အတူ Junction Square Complex အမှတ်(၁၅)၊ ၃၇-ဆ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။ Hot line: 09 259490009

## ဝန်ထမ်းအမြန်အလိုရှိသည်

**Kinetic Myanmar Technology Co.,Limited**

**အမှတ် ၇၉၇၊ အခန်း 702-A, MAC Tower II၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ hrm.kinetic@gmail.com**

1. **Telecom Engineer** ကျား ၂၀ ဦး
   B.E, B.Tech, AGTI ဘွဲ့ရဖြစ်ရမည်။
   လိုအပ်သော Training များ စီစဉ်ပေးမည်။
2. **Site Supervisor/ Site Incharge** ကျား ၁၀ ဦး
   Construction လုပ်ငန်းအတွေ့အကြုံရှိရမည်။
3. **Project Engineer/ Site Engineer** ကျား ၁၀ ဦး
   B.E, B.Tech, AGTI(Civil) ဘွဲ့ရဖြစ်ရမည်။
4. **Electrical Engineer** ကျား ၅ ဦး
   B.E, B.Tech, AGTI (EP) ဘွဲ့ရဖြစ်ရမည်။

*** အထက်ပါအမှတ်စဉ်(1, 2, 3, 4) ရာထူးများအတွက် - သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိသူဖြစ်ရမည်။ အသက် (၂၅)နှစ်အထက်ရှိသူ ဦးစားပေးမည်။ ခရီးသွားလာနိုင်သူဖြစ်ရမည်။

5. **Personal Assistant** မ ၂ ဦး
   ဘွဲ့ရဖြစ်ရမည်။ Secretary အတွေ့အကြုံအနည်းဆုံး (၂)နှစ် ရှိရမည်။ English ကျွမ်းကျင်သူဦးစားပေးမည်။
6. **Telecom Project Assistant** ကျား/မ ၁၀ ဦး
   AGTI, B.Tech, B.E ဘွဲ့ရဖြစ်ရမည်။ MS Office, Auto CAD တတ်ကျွမ်းသူဖြစ်ရမည်။
   Telecom လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
7. **Assistant Auditor** ကျား/မ ၂ ဦး
   B.Com, B.Act ဘွဲ့ရပြီး LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၃၀) အထက်ရှိရမည်။ စာရင်းစစ်အတွေ့အကြုံအနည်းဆုံး (၂)နှစ် ရှိရမည်။
8. **Senior Accountant/Accountant** ကျား/မ ၄ ဦး
   B.Com/B.Act ဘွဲ့ရပြီး LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃ နှစ်ရှိရမည်။ Peachtree Software အသုံးပြုနိုင်သူဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံနှစ်ပုံ၊ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ လေဘာကတ်ပြားမိတ္တူ၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်နှင့် အောင်လက်မှတ်မိတ္တူများယူဆောင်၍ အထက်ပါလိပ်စာသို့ လူကိုယ်တိုင် (သို့) e-mail ဖြင့် လျှောက်ထားနိုင်ပါသည်။

## LINEAR POWER INTERNATIONAL CO., LTD.

## VACANCY ANNOUNCEMENT

**No (A-1), Bayint Naung Road, Shwe Pin Lon Avenue, North Dagon, Yangon. Tel: 01-8010746**

1. **Sales & Marketing Manager** **M(1) Post**
   - Age (35-45) years
   - B.E (Electrical or Mechanical)
   - Computer Proficiency
   - English Communication Skills
   - At least 5 years experience in Electrical and Mechanical fields
   - Need driving license
2. **Sales Engineer** **M/F(2)Post**
   - Age (25-35) years
   - B.E (Electrical or Mechanical)
   - At least 1 years experience in Electrical and Mechanical fields
   - Need driving license
3. **Sales Administration** **F(1) Post**
   - Age (25-35) years
   - B.E (Electrical or Mechanical)
   - Computer Proficiency
   - English Communication Skills

Interested candidates should submit CV with recent photo, copy of the labour registration card, reference and other certificates to company address not later than (14/11/2014).

**ဖခင် အမည်မှန်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၃) နဝမတန်း(D) မှ မရွှေယမင်းဦး၏ဖခင်အမည်မှန်မှာ ဦးမြေးဦး ၁၂/မဂတ(နိုင်)၀၃၃၂၉၆ ဖြစ်ပါသည်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ကြည်ကြည်အုန်း
### အသက်(၇၀)

မန္တလေးမြို့နေ မစိုးရိမ်ကျောင်းတိုက်ကြီး(တိုက်ဟောင်း) (ဒါယကာ ဦးမောင်မောင်-ဒါယိကာမဒေါ်ကြင်ကြင်)တို့၏သမီး၊ (ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ ဦးစံတင် - ဒါယိကာမဒေါ်တင်တင်) တို့၏ သမီးချွေးမ၊ ဦးတင်အေး (ဥက္ကဋ္ဌ-ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)၏ချစ်လှစွာသောဇနီး၊ ဦးကျော်ကျော်မောင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်ညွန့်ညွန့်ရီတို့၏ညီမ၊ (ဦးကျော်ကျော်ညွန့်-ဒေါ်ရင်ရင်မြ)၊ (ဒေါ်ကြည်ကြည်ဝင်း)၊ ဒေါ်ကြည်ကြည်ဝေ၊ ဦးစိန်ဝင်း-ဒေါ်နီနီဝင်းတို့၏အစ်မ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်းသည် ၁၁-၁၀-၂၀၁၄ရက်(စနေနေ့) ည ၈း၀၂နာရီတွင် ဝိတိုရိယ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

